www.burmeseclassic.com



# ပုဂံရှေးဟောင်းသုတေသနပြတိုက်

## ပြသပစ္စည်းများ နှင့် မြန်မာကျောက်စာ စာစုစာရင်း





မင်းဆွေ (ရှေးဟောင်းသုတေသန)

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး
ပြည်ထောင်စုမပြိုကွဲရေး ------ ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ------ ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ------ ဒို့အရေး

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်
၂၀၁၁ ခုနှစ်၊ မတ်လ
အုပ်ရေ ၁၀၀၀

ထုတ်ဝေသူ
ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန
ယဉ်ကျေးမှုဝန်ကြီးဌာန

ပုံနှိပ်သူ
အမရမီဒီယာ

မျက်နှာဖုံးဒီဇိုင်း
ကျော်မင်းအောင်

စာမျက်နှာဖွဲ့စည်းမှု
အမရမီဒီယာ

## မာတိကာ

၁။ အမှာစာ
၂။ ပြတိုက်ဟူသည်
၃။ ပုဂံရှေးဟောင်းသုတေသနပြတိုက် ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်း
၄။ ခင်းကျင်းပြသထားသော ပြခန်းများ
၅။ အထူးပင်မပြခန်း
၆။ ပုဂံခေတ် လက်မှုအနုပညာပြခန်း
၇။ ပုဂံခေတ် ဗိသုကာပြခန်း
၈။ ပုဂံခေတ် လူနေမှုပြခန်း
၉။ ပုဂံခေတ် စာပေပြခန်း
၁၀။ ပုဂံခေတ် နန်းမြို့ပြခန်း
၁၁။ ပုဂံခေတ် ဗုဒ္ဓဆင်းတုတော်ပြခန်း
၁၂။ ပုဂံခေတ် ဗုဒ္ဓအနုပညာပြခန်း
၁၃။ ပုဂံခေတ် ဘုရားပုထိုးပန်းချီပြခန်း
၁၄။ ပုဂံခေတ် နံရံဆေးရေးပန်းချီပြခန်း
၁၅။ နိုင်ငံတော်၏ ဦးတည်ချက် ၁၂ ရပ်နှင့် တိုင်းကျိုးပြည်ပြုပြခန်း
၁၆။ ပုဂံခေတ်စာပေပြခန်းအတွင်းရှိ ကျောက်စာ စာစုစာရင်း
၁၇။ မှီငြမ်းပြုစာအုပ်များစာရင်း

www.burmeseclassic.com

www.burmeseclassic.com

## ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ အမှာစာ

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနသည် မြန်မာ့သမိုင်းမတင်မီခေတ် ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်လေ့လာရာတွင် ကွင်းဆင်းလေ့လာရန်နှင့် တူးဖော်သုတေသနပြုရန်၊ သမိုင်းဝင်ရှေးဟောင်းဒေသများ၊ အဆောက်အအုံများ၊ ရှေးဟောင်းပစ္စည်းများ ရှာဖွေဖော်ထုတ်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရန်၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းနိုင်သည်နှင့်အမျှ ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ရေးနှင့် တစ်ဆက်တစ်စပ်တည်းသော ခိုင်မာသည့် မြန်မာ့သမိုင်းစဉ်ဖော်ထုတ်ရေးအတွက် အထောက်အကူဖြစ်စေရန်၊ ပြည်တွင်း-ပြည်ပ ယဉ်ကျေးမှုအမွေအနှစ်များနှင့် အသိပညာဗဟုသုတဆိုင်ရာ ဗဟိုဌာနအဖြစ် ပြတိုက်နှင့် စာကြည့်တိုက်များက ရပ်တည်၍ သတင်းအချက်အလက်များ ဝန်ဆောင်မှုပေးရန်၊ ပြည်သူတိုင်း အတွေး အခေါ်၊ အယူအဆ၊ စိတ်နေသဘောထားများကို တိုးတက်ပြောင်းလဲနေသော ခေတ်နှင့် လျော်ညီအောင် လှုံ့ဆော်ပညာပေးရန်၊ သုတေသနဆိုင်ရာ၊ ပညာရပ်ဆိုင်ရာ၊ စာအုပ်၊ စာတမ်းများ ထုတ်ဝေဖြန့်ချိသွားရန် စသောလုပ်ငန်းတာဝန်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ယခု ထုတ်ဝေသော ပုဂံရှေးဟောင်းသုတေသနပြတိုက် ပြသပစ္စည်းများနှင့် မြန်မာကျောက်စာ စာစု စာရင်းစာအုပ်မှာ ပြတိုက်လမ်းညွှန်စာအုပ်ဟုလည်း ခေါ်ဆိုနိုင်သည်။ ဤစာအုပ်တွင် ပြတိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်အပါအဝင် ပြခန်းတစ်ခန်းချင်းအလိုက် ပြသပစ္စည်းများကို ရှင်းလင်းချက်များဖြင့် ဖော်ပြထားရာ လေ့လာသူများအတွက် များစွာဗဟုသုတရရှိစေပါသည်။ ထို့အပြင် ပုဂံသို့မရောက်ဖူးသေးသူများပင် ဤစာအုပ်ကိုဖတ်ရှုမိပါက ပုဂံခေတ် လက်မှုအနုပညာ ဗဟုသုတများ၊ ယုံကြည်ကိုးကွယ်မှု၊ လူနေမှုဘဝ စသည်တို့ကို လေ့လာသိရှိနိုင်စေပါသည်။ ဤစာအုပ်တွင် ပုဂံခေတ်စာပေပြခန်းရှိ မြန်မာကျောက်စာ စာစုစာရင်းကို အလှူရှင်အမည်၊ ရေးထိုးနှစ်၊ ရေးထိုးသည့်ဘာသာ ကျောက်စာအမှတ် စသည်ဖြင့်ပြည့်စုံစွာ ဖော်ပြထားရာ သုတေသီများအတွက် အဖိုးတန်သော ကျမ်းကိုးစာအုပ် ကောင်းတစ်အုပ်လည်း ဖြစ်စေပါသည်။

ဤစာအုပ်သည် ပုဂံရှေးဟောင်းသုတေသနပြတိုက်အတွင်း ပြကွက်၊ ပြကွင်းများအား အခန်းအလိုက်ခွဲခြားကာ ပြသပစ္စည်းများ၏ အဓိပ္ပာယ်ကို ပေါ်လွင်ထင်ရှားစေရန် ရှင်းလင်းဖော်ထုတ် တင်ပြထားသည့် စာအုပ်တစ်အုပ်ဖြစ်သောကြောင့် ဖတ်ရှုလေ့လာသူများအား အတိုင်းအတာတစ်ခုအထိ အကျိုးပြုမည်ဟု ယုံကြည်မိပါသည်။

**ကျော်ဦးလွင်**
ညွှန်ကြားရေးမှူးချုပ်
ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန

www.burmeseclassic.com



## စာရေးသူအမှာစာ

ပုဂံရှေးဟောင်း သုတေသနပြတိုက်ကြီးနှင့် ပတ်သက်၍ စာအုပ်တစ်အုပ်ပြုစုရန် ဆန္ဒဖြစ်ပေါ်ခဲ့သည်မှာ ကျွန်တော့်တွင် အချိန်ကြာမြင့်စွာကပင် စိတ်ကူးခဲ့ပါသည်။ ရေးဖို့အတွက်လည်း မငံ့မရဲ။ သို့သော်လည်း ဆရာသမားဖြစ်သူ ဦးအောင်ကြိုင် (ဒုတိယ ညွှန်ကြားရေးမှူးချုပ်-ငြိမ်း) ပြောဖူးသည့်စကားတစ်ခွန်းက ကျွန်တော့်အတွက်ရဲဆေးတင်ပေးသကဲ့သို့ဖြစ်ရပါသည်။ "အလုပ်တစ်ခုလုပ်စရာ ရှိရင် စလုပ်လိုက်။ ဒါဆို တစ်ဝက် အောင်မြင်ပြီးသား"ဟူသော စကားဖြစ်ပါသည်။ ဒါကြောင့် ပြတိုက်ကြီးနှင့်သက်ဆိုင်သော စာတစ်အုပ်ရေးဖို့ စိတ်ကူးက လက်တွေ့ဆန်ဆန်ရေးသားဖို့ ဖြစ်လာခဲ့ပါပြီ။

ပုဂံရှေးဟောင်းသုတေသနပြတိုက်ကြီးက ကျွန်တော့်အတွက် နေရာစိမ်းမဟုတ်။ သုတေသနလက်ထောက် (၂) အဆင့်ဖြင့်ပြတိုက် ခင်းကျင်းပြသရေးမှာ အဖွဲ့ဝင်တစ်ယောက် အဖြစ် ကျွန်တော်ပါဝင်ခဲ့သည်။ ပြသပစ္စည်းများခင်းကျင်းဖို့အတွက် ပစ္စည်းများ စုဆောင်းရာမှာလည်း အဖွဲ့ဝင်များနှင့်ပူးပေါင်း၍ လုပ်ဆောင်ခဲ့သည်။ ပြတိုက်ကြီးအတွင်း ပြခန်းတာဝန်ခံအဖြစ် အကြိမ်ကြိမ် အခန်းစုံတာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ဒီအတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး ကျွန်တော်ဒီစာအုပ်ကို ပြုစုခဲ့ခြင်း ဖြစ်ပါသည်။

ပြခန်းများမှာ အကြောင်းအရာစုံပြသထားသော ပြခန်းများ ဖြစ်သည်နှင့်အညီ အချို့ပြခန်းများအတွက် အကြောင်းအရာများကို အတတ်နိုင်ဆုံးဖော်ပြနိုင်သော်လည်း အချို့ပြခန်းများကျပြန်တော့ ပြသပစ္စည်းအကြောင်းအရာများကို မဖော်ပြနိုင်။ ပြခန်းအတွင်း



ပြသပစ္စည်းများ ပြသထားပုံကို ယေဘုယျအားဖြင့်သာ ဖော်ပြနိုင်ပါသည်။ ဥပမာအားဖြင့် ဖော်ပြရမည်ဆိုလျှင် 'ဘုရားပုထိုးပန်းချီပြခန်း' စသည့် အချို့ပြခန်းများ ဖြစ်ပါသည်။

ယခင်က ပုဂံရှေးဟောင်းသုတေသနပြတိုက် လမ်းညွှန်စာအုပ် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဦးစီးဌာနက ထုတ်ဝေခဲ့ဖူးသည်။ ယင်းစာအုပ်လည်း ထပ်၍မထုတ်ဖြစ်။ ပြတိုက်လေ့လာကြည့်ရှုသူများကလည်း ပြတိုက်နှင့်ပတ်သက်သည့်စာအုပ် မေးကြသည်။ သူတို့၏ဆန္ဒကို မဖြည့်ဆည်းပေးနိုင်။ ပြတိုက်ဆိုသည်မှာ အများပြည်သူတို့အား ပညာဖြန့်ဖြူးပေးရာနေရာတစ်ခု။ သူတို့လိုချင်တာ ကျွန်တော်တို့ပေးနိုင်ကောင်းရဲ့ဟု ယူဆပြီး စာတစ်အုပ်အဖြစ် ပြုစုခဲ့ပါပြီ။

လူတန်းစားအသီးသီး ဖတ်ရှုနိုင်ရန်အတွက် ရည်ရွယ်ပြုစုခဲ့ခြင်း ဖြစ်သောကြောင့်ပြတိုက်ဆိုင်ရာ ပညာရပ်ဆန်ဆန်မပါရှိပါ။ သို့သော်လည်း ယဉ်ကျေးမှုဝန်ကြီးဌာနက စီစဉ်ဖွင့်လှစ်သည့် စာကြည့်တိုက်နှင့် ပြတိုက်ပညာသင်တန်းတွင် စာတမ်းအဖြစ် ကျွန်တော်ရေးခဲ့သော 'စာပေပြခန်းအတွင်းရှိ မြန်မာကျောက်စာ စာစုစာရင်း'ကိုတော့ ဒီစာအုပ်နောက်ဆုံးပိုင်းတွင် ထည့်သွင်းထားပါသည်။

ကျွန်တော့်အား ယုံယုံကြည်ကြည်ဖြင့် ပုဂံရှေးဟောင်း သုတေသနပြတိုက်ကြီးတွင် တာဝန်ထမ်းဆောင်ခွင့်ပြုသော ဆရာဦးကျော်ဦးလွင် (ညွှန်ကြားရေးမှူးချုပ်) နှင့် အလုပ်ဖြစ်ဖို့အတွက်သာ အဓိကထားပြီး လိုအပ်မှုရှိလာလျှင် ပံ့ပိုးကူညီပေးဖို့ရန်ဝန်မလေးသည့် ပုဂံဌာနခွဲမှ ဆရာဦးဝေလွင် (ညွှန်ကြားရေးမှူး) တို့အား ဂါရဝပြုလျက်။

**မင်းဆွေ (ရှေးဟောင်းသုတေသန)**

www.burmeseclassic.com

www.burmeseclassic.com





၁၉၀၄ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သော အာနန္ဒာဘုရားအနီးမှ ပုဂံပြတိုက်



၁၉၇၉ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သော ကန်တော့ပလ္လင်ဘုရားတောင်ဘက်ရှိ ရှစ်မြှောင့်ပုံ ပြတိုက်



၁၉၉၈ ခုနှစ်၊ ဧပြီလ (၁၇) ရက်
မြန်မာနှစ်ဆန်း (၁) ရက်နေ့တွင် ဖွင့်လှစ်ခဲ့သော
ပုဂံရှေးဟောင်းသုတေသနပြတိုက်

www.burmeseclassic.com

www.burmeseclassic.com



## ပြတိုက်ဟူသည်

ပြတိုက်ဟူသည် အမြတ်တနိုးပစ္စည်းများစုစည်းရာ နေရာဆိုလျှင် မှားမည်မဟုတ်။ ပညာဖြန့်ဖြူးပေးရာဌာနတစ်ခုဆိုလျှင်လည်း မှန်ပေသည်။ ထို့အတူ ပြည်သူများသည် ယခုအခါ ရုပ်ပိုင်းဆိုင်ရာ ထွန်းကားလာသည့်ခေတ်တွင် ပြတိုက်များ တည်ထောင်ဖွင့်လှစ်ပေးခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ မြှင့်တင်ပေးခြင်းသဘောကို ဖော်ဆောင်ပေးနေမည်ဖြစ်ပါသည်။ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်နေသကဲ့သို့ တစ်ဖက်မှလည်း စိတ်ပိုင်းဆိုင်ရာတို့ အညီအမျှ ဖွံ့ဖြိုးတိုးတက်ပါမှ လူ့ဘောင်လောကသည် သာယာဝပြောလာမည် ဖြစ်ပါသည်။ ပြတိုက်များ ဖွင့်လှစ်ပြသခြင်းအားဖြင့် လူသားတို့၏စိတ်ကို ကြည်လင်သန့်စင်စေရုံသာမက အသိဉာဏ် ဖွံ့ဖြိုးမြင့်မားလာ၍ အတွေးအခေါ်များပါ ရင့်ကျက်ကျယ်ပြန့်လာစေပါသည်။

ပြတိုက်သည် အတိတ်ကာလက ကြွင်းကျန်ရစ်သော လူသားတို့၏ အမွေအနှစ်ပစ္စည်းများကို ပစ္စုပ္ပန်လူသားတို့ လေ့လာကြည့်ရှုနိုင်ရန် စုစည်းပေးထားသော ရတနာသိုက်ကြီးသဖွယ် ဖြစ်ပေသည်။ အရွယ်အမျိုးမျိုး၊ လူတန်းစားအမျိုးမျိုးတို့ကို ပညာဖြန့်ဖြူးပေးရာနေရာလည်းဖြစ်ပေရာ ကြည့်တတ်၊ မြင်တတ်၊ လေ့လာတတ်သည်နှင့်အမျှ လေ့လာလိုစိတ်ရှိသူတို့အဖို့ အသိဉာဏ်တိုးပွားစေမည်မှာ အမှန်ဖြစ်လေသည်။

ပြတိုက်သည် သာမန်အားဖြင့် အမှတ်တရဖြစ်စေသည့် ရှေးဟောင်းအမွေအနှစ်ပစ္စည်းများထားသိုရာ အဆောက်အအုံဖြစ်ပြီး လေ့လာစရာအဖြစ်လည်း အများပြည်သူများလာရောက်ကြည့်ရှုစရာ အိမ်ကြီးသဖွယ်ဖြစ်ပေသည်။ တစ်နည်းအားဖြင့်ဆိုပါလျှင် အမှတ်တရမှတ်တမ်းတင်ထားရမည့် ပစ္စည်းများကို တစ်နေရာတည်းစုဆောင်း၍ မပျက်မစီးစေရန်စုစည်းထိန်းသိမ်းထားရှိပြီး အများပြည်သူများ စူးစမ်းလေ့လာရန် သုတေသနပြုလုပ်ရန်နှင့်တကွ လေ့လာကြည့်ရှုစေခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာစေရန် ပညာဖြန့်ဖြူးရာဌာနကြီးသဖွယ်ဖြစ်သည်ဟုလည်း ခေါ်ဆိုနိုင်ပေသည်။



## ပုဂံရှေးဟောင်းသုတေသနပြတိုက်

ပုဂံရှေးဟောင်းသုတေသနပြတိုက်ကို ၁၉၀၄ ခုနှစ်တွင် ကမ္ဘည်းကျောက်စာဝန်မစ္စတာ တော်စိန်ခိုက မြန်မာနိုင်ငံ၏ပထမဦးဆုံးသော ရှေးဟောင်းသုတေသနပြတိုက်အဖြစ် ပုဂံမြို့ အာနန္ဒာဘုရား၏ မြောက်ဘက်စောင်းတန်းအနီးတွင် စတင်ဖွင့်လှစ်ခဲ့သည်။

၁၉၇၉ ခုနှစ်၊ အောက်တိုဘာလတွင် ကန်တော့ပလ္လင်ဘုရားတောင်ဘက်၌ ရှစ်မြောင့်ပုံသဏ္ဌာန်ရှိသော ရှေးဟောင်းသုတေသနပြတိုက်ကို တည်ဆောက်ဖွင့်လှစ်ခဲ့သည်။ ယင်းရှစ်မြောင့်ပုံပြတိုက်မှာ ကျဉ်းမြောင်းသောကြောင့် သေးငယ်သည့် ယဉ်ကျေးမှုဝတ္ထုပစ္စည်းများကိုသာ ခင်းကျင်းပြသနိုင်ပြီး လေးလံကြီးမားသည့် ကျောက်စာချပ်များ၊ ဗုဒ္ဓရုပ်ပွားဆင်းတုများ၊ ကျောက်ဖြစ်ရုပ်ကြွင်းများ အစရှိသည်တို့ကို အဆောင်ကြီးသုံးဆောင် ဆောက်လုပ်၍ ခင်းကျင်းပြသခဲ့ရသည်။

သို့ဖြစ်၍ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များစုဝေးရာ အချက်အချာဖြစ်သည့် ပုဂံဒေသတွင် ကမ္ဘာ့အဆင့်မီ ရှေးဟောင်းသုတေသန ပြတိုက်သစ်ကြီးကို တည်ဆောက်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှုပြုခဲ့သည်။ ယင်းသို့ လမ်းညွှန်ချက်နှင့်အညီ ၁၉၉၅ ခုနှစ်၊ မတ်လတွင် ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်ကြီးကို စတင်ဆောက်လုပ်ခဲ့သည်။

ပုဂံရှေးဟောင်းသုတေသနပြတိုက်သည် ပုဂံမြို့ဟောင်းအတွင်း ကန်တော့ပလ္လင်ဘုရားနှင့် ရှစ်မြောင့်ပုံပြတိုက်၏အနီး တောင်ဘက်တွင်တည်ရှိပြီး ၁၀ ဒသမ ၉၇ ဧကအကျယ်အဝန်းရှိသော မြေဧရိယာပေါ်တွင် တည်ဆောက်ထားသည်။ ပြတိုက်ကြီးမှာ ပန္နက်အကျယ်အဝန်း အရှေ့-အနောက် ပေ ၃၈၀၊ တောင်-မြောက် ပေ ၃၆၀ ရှိ၍ ခိုနန်းချိုးပန္နက်ပုံဖြစ်သည်။ ပြတိုက်အဆောက်အအုံမှာ ခိုနန်းချိုးသုံးထပ်ဖြစ်၍ ပြတိုက်၏ အပြင်ဘက် အပေါ်ပိုင်းပတ်လည်တွင် မြန်မာမှုလက်ရာအင်္ဂတေများဖြင့်လည်းကောင်း၊ အတွင်းဘက်တွင် မြန်မာမှုအနုပညာလက်ရာ ယွန်းပန်းများဖြင့် ခမ်းနားစွာ တန်ဆာဆင်ထားသည်။ ပြတိုက်ကြီး ဆောက်လုပ်မှုအတွက် စုစုပေါင်းကျပ်သန်း ၁၂၀၀ ကျော် ကုန်ကျခဲ့ပြီး ၁၉၉၈ ခုနှစ်၊ ဧပြီလတွင် တည်ဆောက်ပြီးစီးခဲ့၍ ၁၇-၄-၁၉၉၈ နေ့တွင် အခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



# ပုဂံရှေးဟောင်းသုတေသနပြတိုက်ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်း

ပုဂံရှေးဟောင်းသုတေသနပြတိုက် ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းစတင်ခဲ့မှုမှာ အကြောင်းကိစ္စရပ် နှစ်ခုပေါ်တွင်အခြေခံ၍ ဖြစ်ပေသည်။ ပထမအကြောင်းရင်း ကိစ္စရပ် တစ်ခုမှာ ၁၈၉၁ ခုနှစ်၌ ဂျာမန်လူမျိုး ဒေါက်တာ ဖရင်ဇာဗွန် နိုဝက်တလင်း (Frita Von Noettling) ဆိုသူသည် ပုဂံမြို့သို့ရောက်ရှိလာခဲ့ပြီး ပုဂံနယ်တစ်ဝိုက်ရှိ စေတီပုထိုးများမှ ငါးရှဉ့်ငါးဆယ်စဉ့်ကွင်းများ၊ ကျောက်ဆင်းတုတော်များ၊ ကြေးဆင်းတုတော်များ၊ အုတ်ခွက် များ စသည်တို့အား ယူငင်သယ်ဆောင်သွားခဲ့ခြင်းနှင့် ဒုတိယအကြောင်းရင်းကိစ္စတစ်ခုမှာ ၁၈၉၉ ခုနှစ်တွင် ဂျာမန်လူမျိုး ထိုးမန်း (Thomann) ဆိုသူသည်လည်း ပုဂံမြို့သို့ရောက်ရှိ လာခဲ့ပြီး ရှေးဟောင်းလက်ရာများကို ယူဆောင်သွားခဲ့ခြင်းတို့ကြောင့်ပင်ဖြစ်သည်။ ပထမ အကြိမ်တွင် အရေးမယူနိုင်ခဲ့သော်လည်း ဒုတိယအကြိမ်တွင် ပုဂံဝန်ထောက်ဦးတင်နှင့် ပုဂံမြို့ နယ်၊ ဖွားစောရွာသူကြီး ဦးထွန်းဦးတို့က တိုင်တန်းအရေးယူမှုကြောင့် ပစ္စည်းအချို့ပြန်လည် ရရှိခဲ့သည်။ ပြန်လည်ရရှိသော ယင်းပစ္စည်းများကို သိမ်းဆည်းထားရန် သင့်တော်သော အဆောက်အအုံမျိုးရှိသင့်သည့်အတွက် ၁၉၀၁ ခုနှစ်တွင် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ကာဇွန် (Lord Curzon) သည် ပုဂံဒေသသို့ရောက်ရှိရာတွင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ တစု တဝေးတည်း တည်ရှိရာဒေသဖြစ်ကြောင်းတွေ့ရှိခဲ့သည်။ ထို့ကြောင့် ပုဂံဒေသတွင် စုဆောင်း ထားရှိသော ရှေးဟောင်းအနုပညာလက်ရာများကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ပြတိုက်ငယ်တစ်ခု တည်ဆောက်ရန် လမ်းညွှန်ခဲ့သည်။

၁၉၀၂ ခုနှစ်၊ ဩဂုတ်လတွင် ပုဂံပြတိုက်အတွက် ငွေကျပ် ၂၃၀၀ နှင့် ကျောက်စာရုံ အတွက် ကျပ် ၈၀၀ အသီးသီးသုံးစွဲရန် သက်ဆိုင်ရာမှ ခွင့်ပြုချက်ရရှိသည်။ ထိုသို့ဆောက် လုပ်နေဆဲမှာပင် ပထမခွင့်ပြုငွေ ကျပ် ၂၃၀၀ နှင့် မလောက်သဖြင့် သက်ဆိုင်ရာသို့ တင်ပြ အစီရင်ခံရာ သက်ဆိုင်ရာက ငွေ ၇၈၉၈ ကျပ်တိုးမြှင့်သုံးစွဲခွင့်ပြုခဲ့သည်။ ၁၉၀၃ ခုနှစ်တွင် ပုဂံပြတိုက်ကို ဆောက်လုပ်ပြီးစီးခဲ့သည်။

ပုဂံပြတိုက်ကို အာနန္ဒာဘုရားအနီးမှ မြေကွက်လပ်တွင် တည်ဆောက်ထားခြင်းဖြစ် ရာ ဘုရားဖူးလာကြသူ အနယ်နယ်အရပ်ရပ်မှ ပရိသတ်များအတွက် များစွာအဆင်ပြေစေသည်။ ထိုစဉ်က ပုဂံပြတိုက်တွင် ပုဂံအနီးတစ်ဝိုက်မှစုဆောင်းရရှိသော ကျောက်စာများနှင့်ရှေးဟောင်း ပစ္စည်းများကို ခင်းကျင်းပြသထားသည်။ ၁၉၁၅ ခုနှစ်တွင် ပြသပစ္စည်းများ နေရာမလပ်



ပြွတ်သိပ်နေသဖြင့် ကမ္ဘည်းကျောက်စာဝန် ချားဒူရွိုင်ဆယ် (Charles Duroiselle) က ပြတိုက်အဆောက်အအုံ တိုးချဲ့ဆောက်လုပ်ရန် သက်ဆိုင်ရာသို့ တင်ပြအစီရင်ခံခဲ့သည်။

ပုဂံပြတိုက်ကို ၁၉၁၈ ခုနှစ်ကတည်းက တိုးချဲ့ဆောက်လုပ်ရန် စီစဉ်ခဲ့သော်လည်း အကြောင်းမညီညွတ်သဖြင့် မဆောက်လုပ်နိုင်ခဲ့ပေ။ ငွေပေါင်း ၂၄၄၅၉ ကျပ် လျာထားသည့် အနက် ၁၉၂၆-၁၉၂၇ ခုနှစ်တွင် ငွေပေါင်း ၆၈၅၂ ကျပ် သုံးစွဲရန် ခွင့်ပြုချက်ရရှိခဲ့သည်။ ထိုစဉ်က ပြတိုက်တွင် စဥ့်ရည်သုတ်ပစ္စည်းများ၊ အုတ်ခွက်ဘုရားများ၊ မြေအိုးကြီးများ၊ စာတိုက်များ၊ ဗုဒ္ဓဝင်သရုပ်ဖော်စဉ့်ကွင်းများ၊ ဆင်ရိုးကြီးများ၊ အနော်ရထာမင်းလက်ထက် ထုလုပ်ကိုးကွယ်ခဲ့သော ခြေတော်ရာများနှင့် အခြား စိတ်ဝင်စားဖွယ်ပစ္စည်းများရှိရာ ယင်းပစ္စည်း များအား တန်ဖိုးရှိရှိ စနစ်တကျ ခင်းကျင်းပြသနိုင်ရန်အတွက် ပြတိုက်အထားအသို ခင်းကျင်း ပုံများကို အိန္ဒိယနိုင်ငံ၊ ကမ္ဘည်းကျောက်စာဌာန ညွှန်ကြားရေးဝန်ချုပ်က ၁၉၃၅ ခုနှစ်တွင် လာရောက်ညွှန်ကြားခဲ့လေသည်။ ၁၉၃၇-၁၉၃၈ ခုနှစ်တွင် အလျားပေ ၄၀၊ အနံ ပေ ၂၀ ရှိ သည့် ပြတိုက်အတွင်း ပန်းပုလက်ရာ၊ ပန်းချီလက်ရာ၊ ဆင်းတုတော်လက်ရာတို့နှင့် ကျောက်စာများအား သီးခြားအကန့်များခွဲ၍ စိတ်ဝင်စားဖွယ်ကောင်းအောင် ခင်းကျင်းပြသခဲ့ လေသည်။ ထိုစဉ်က ကျောက်စာချပ်ပေါင်း ၁၁၅ ချပ်ကိုလည်း ပြတိုက်အတွင်း ပတ်ပတ်လည် စိုက်ထူ ပြသခဲ့ပေသည်။

၁၉၄၀ ပြည့်နှစ်နောက်ပိုင်းတွင် ဒုတိယကမ္ဘာစစ်ဖြစ်ပေါ်လာခဲ့သဖြင့် ၁၉၄၂ ခုနှစ်၊ မတ်လတွင် ပုဂံပြတိုက်မှ ပစ္စည်းများအားလုံးကို စစ်ဘေးဒဏ်လုံခြုံစေရန်အတွက် မြေမြှုပ် သိမ်းဆည်းခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေး ရခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာန ပေါ်ပေါက်ခဲ့ပြီး ယဉ်ကျေးမှုဆိုင်ရာများကို ဖော်ထုတ်ရန်စီစဉ်ချမှတ်ခဲ့သည်။ ၁၉၅၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်တွင် မြေမြှုပ်သိမ်းဆည်းထားသော ပြတိုက်ပစ္စည်းများအား သာသနာရေးဝန်ကြီး၏ ရှေ့ မှောက်တွင် ကမ္ဘည်းကျောက်စာဝန် ဦးလူဖေဝင်းက ပြန်လည်ထုတ်ဖော်ပြသခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ပုဂံပြတိုက်ကို ပြန်လည်၍ ဖွင့်လှစ်ခဲ့သည်။ ပြတိုက်မှူးမှာ ဦးထွေးစိန် (လက် ထောက်ထိန်းသိမ်းရေးမှူး) ဖြစ်သည်။ ပြသရန်ပစ္စည်းများ နှစ်စဉ်တိုးပွားလာ၍ ပစ္စည်းနှင့် အဆောက်အအုံမှာ မျှတမှုမရှိသဖြင့် ရှစ်မြောင့်ပုံ ပုဂံပြတိုက်အသစ်အား ကန်တော့ပလ္လင်ဘုရား တောင်ဘက်တွင် ဆောက်လုပ်ခဲ့ပြီး ၁၉၇၉ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ပြတိုက်သည်လည်း ထပ်မံတိုးပွားလာသော ပစ္စည်းများနှင့် ပြည့်ကျပ်လာ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ယခုလက်ရှိ ရှေးဟောင်းသုတေသနပြတိုက်ကြီးကို ၃-၃-၁၉၉၅ ရက်တွင် ပန္နက်တင်ခဲ့ပြီး ၇-၃-၁၉၉၅ ရက်တွင် အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ဆောင်ရွက်ခဲ့သည်။ ထို့နောက် ပြတိုက်အဆောက်အအုံသစ်ကို ထပ်မံတည်ဆောက်ခဲ့ရာ ပုဂံရှေးဟောင်းသုတေသနပြတိုက်ကြီးကို ၁၉၉၈ ခုနှစ်၊ ဧပြီလ ၁၇၊ မြန်မာနှစ်ဆန်း ၁ ရက်တွင် နိုင်ငံတစ်ကာအဆင့်မီ ပြတိုက်ကြီးအဖြစ် ဖွင့်လှစ်ပြသနိုင်ခဲ့သည်။

## ခင်းကျင်းပြသထားသောပြခန်းများ


ပုဂံရှေးဟောင်းသုတေသနပြတိုက်ကြီးအား ၁၉၉၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ပြခန်းပေါင်း ၁၁ ခန်းဖြင့် ရှေးဟောင်းလက်ရာပစ္စည်းများအား ခင်းကျင်းပြသထားပါသည်။ နိုင်ငံတော်အစိုးရက ကျပ်သန်းပေါင်း ၁၂၀၀ အကုန်အကျခံ၍ ခံ့ညားထည်ဝါသော ပြတိုက်ကြီးကို တည်ဆောက်ပေးခြင်းဖြစ်ပါသည်။ ပြတိုက်ကြီးအား အထပ်လေးထပ်ဖြင့် တည်ဆောက်ထားပြီး အပေါ်ဆုံးထပ်မှာမူ ပုဂံစေတီပုထိုးများအား ပြတိုက်ကြီးအပေါ်မှ လှေလာကြည့်ရှုနိုင်ရန် နေရာထည့်သွင်း စီစဉ်ထားပါသည်။

ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ခင်းကျင်းပြသထားသော ပြခန်းများမှာ -


၁။ အထူးပင်မပြခန်း
၂။ ပုဂံခေတ်လက်မှုအနုပညာပြခန်း
၃။ ပုဂံခေတ်ဗိသုကာပြခန်း
၄။ ပုဂံခေတ်လူနေမှုဘဝပြခန်း
၅။ ပုဂံခေတ်စာပေပြခန်း
၆။ ပုဂံခေတ်နန်းမြို့ပြခန်း
၇။ ပုဂံခေတ်ဗုဒ္ဓဆင်းတုတော်များပြခန်း
၈။ ပုဂံခေတ်ဗုဒ္ဓအနုပညာပြခန်း
၉။ ပုဂံခေတ်ဘုရားပုထိုးပန်းချီပြခန်း
၁၀။ ပုဂံခေတ်နံရံဆေးရေးပန်းချီပြခန်း
၁၁။ နိုင်ငံတော်၏ဦးတည်ချက် ၁၂ ရပ်နှင့် တိုင်းကျိုးပြည်ပြုပြခန်း

တို့ ဖြစ်ပါသည်။





## ပုဂံရှေးဟောင်းသုတေသနပြတိုက်ရှိ ပြခန်းများ တည်နေရာပြပုံ




မြေညီထပ်

၁။ ပင်မပြခန်းဆောင်

၂။ ပုဂံနန်းမြို့ပြခန်း

၃။ ပုဂံခေတ်စာပေပြခန်း

၄။ ပုဂံခေတ် လူနေမှုဘဝပြခန်း


၅။ အစည်းအဝေးခန်းမ

၆။ ပုဂံခေတ် လက်မှုအနုပညာပြခန်း

၇။ ပုဂံခေတ် ဗိသုကာပြခန်း



## ပုဂံရှေးဟောင်းသုတေသနပြတိုက်ရှိ ပြခန်းများ တည်နေရာပြပုံ




ပထမထပ်

၁။ ပုဂံခေတ် ဗုဒ္ဓဆင်းတုတော်များပြခန်း

၂။ ပုဂံခေတ် ဗုဒ္ဓအနုပညာပြခန်း

၃။ ပုဂံခေတ် ဘုရားပုထိုးပန်းချီပြခန်း

၄။ ပုဂံခေတ် နံရံဆေးပန်းချီပြခန်း

၅။ နိုင်ငံတော်ဦးတည်ချက် (၁၂)ရပ်နှင့် တိုင်းကျိုးပြည်ပြုပြခန်း

www.burmeseclassic.com



## အထူးပင်မပြခန်း

အထူးပင်မပြခန်းသည် ပြတိုက်အတွင်းသို့ ဝင်လျှင်ဝင်ချင်း ရောက်ရှိလေ့လာနိုင်သော ခန်းမကျယ်ဖြစ်ပါသည်။ ပြခန်းအတွင်း၌ ပြသထားသောပစ္စည်းများမှာ –

ဘယ်ဘက်ခြမ်းတွင် –

၁။ ဗုဒ္ဓဆင်းတုဦးခေါင်းတော် (ကျောက်ဆစ်လက်ရာ)

၂။ မယ်တော်မာယာဖွားတော်မူခန်း (ကျောက်ဆစ်လက်ရာ)

၃။ ဗုဒ္ဓသည် နာဠာဂီရိဆင်မိုက်ကြီးကို ချွတ်တော်မူခန်း (ကျောက်ဆစ်လက်ရာ)

၄။ ကျစ္စွာမင်းကြေးရုပ်တု

၅။ အနော်ရထာမင်းကြေးရုပ်တု

၆။ ဗုဒ္ဓတာဝတိံသာနတ်ပြည်မှ ဆင်းတော်မူခန်း (ကျောက်ဆစ်လက်ရာ)

၇။ ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူခန်း (ကျောက်ဆစ်လက်ရာ)

၈။ ကျန်စစ်သားမင်း အတ္တုပ္ပတ္တိကျောက်စာတိုင် အမှတ် (၁) (ပလာစတာပုံတူ) တို့ ဖြစ်ကြပါသည်။

ညာဘက်ခြမ်းတွင် –

၁။ အဂ္ဂသာဝက (ကျောက်ဆစ်လက်ရာ)

၂။ ဗောဓိပင်ရင်း၌ ဘုရားပွင့်တော်မူခန်း (ကျောက်ဆစ်လက်ရာ)

၃။ ဗုဒ္ဓဓမ္မစကြာတရားဦးဟောခန်း (ကျောက်ဆစ်လက်ရာ)

၄။ အလောင်းစည်သူမင်းကြီးကြေးရုပ်တု

၅။ ကျန်စစ်သားမင်းကြီးကြေးရုပ်တု

၆။ ဗုဒ္ဓသည် ဆွေတော်မျိုးတော် သာကီဝင်မင်းတို့အား တန်ခိုးပြာဋိဟာပြ၍ ဆုံးမတော်မူခန်း (ကျောက်ဆစ်လက်ရာ)

၇။ ဗုဒ္ဓပါလိလေယျကတော၌ စံတော်မူခန်း (ကျောက်ဆစ်လက်ရာ)

၈။ ကျန်စစ်သားမင်း အတ္တုပ္ပတ္တိကျောက်စာတိုင် အမှတ် (၂) (ပလာစတာပုံတူ) တို့ဖြစ်ပါသည်။








ပုဂံမြင်ကွင်းကျယ် ဆီဆေးနံရံ ပန်းချီကား

www.burmeseclassic.com

www.burmeseclassic.com





အထူးပင်မပြခန်းအတွင်းမှ ဗုဒ္ဓဆင်းတု ဦးခေါင်းတော်



အထူးပင်မပြခန်းအတွင်းမှ ဖွားတော်မူခန်း



■ အထူးပင်မပြခန်း၏ နောက်ခံနံရံ၌ ပုဂံမြင်ကွင်းကျယ် ဆီဆေးနံရံပန်းချီကားကြီးကို ရေးဆွဲပြသထားပါသည်။ ပြသထားသောပစ္စည်းများမှာ ၁၆ မျိုးရှိသော်လည်း အပိုင်းအားဖြင့် သုံးပိုင်းခွဲခြား၍ လေ့လာနိုင်ပါသည်။

၁။ ကျောက်ဆစ်လက်ရာနှင့် ဗုဒ္ဓဝင်ရုစ်ခန်း

၂။ မင်းလေးပါးကြေးရုပ်နှင့်

၃။ ကျန်စစ်သားမင်း အတ္ထုပ္ပတ္တိကျောက်စာတို့ပင် ဖြစ်ပါသည်။

■ ကျောက်ဆစ်လက်ရာများတွင် ဗုဒ္ဓ၏ ဦးခေါင်းတော်၊ အဂ္ဂသာဝက၏ ဦးခေါင်းတော်နှင့် ဗုဒ္ဓဝင်ရုစ်ခန်းတို့ ပါဝင်ပေသည်။ ဗုဒ္ဓဦးခေါင်းတော်သည် ပုဂံမြို့ဟောင်းတောင်ဘက် မီးငြိမ်းကုန်းဂူဘုရား (၁၉၄၄/၈၁၂) မှ ဖြစ်ပါသည်။ ယင်းဦးခေါင်းတော်သည် သဲကျောက်ဖြင့် ပြုလုပ်ထားပြီး ၁၁ ရာစု လက်ရာဖြစ်သည်။ ဂူဘုရားကြီး၏ အတွင်းဆောင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကြီးရှိရာ ဂန္ဓကုဋီတိုက်မှဖြစ်သည်။ ပုဂံခေတ် အေဒီ ၁၁ ရာစုနှင့် ၁၂ ရာစုတို့တွင် သဲကျောက်ဖြင့် ဗုဒ္ဓဦးခေါင်းတော်၊ သာဝကဦးခေါင်းတော်တို့ကို ကိုယ်တစ်ပိုင်းဖြစ်စေ၊ လည်ပင်းအထိဖြစ်စေထုလုပ်၍ ခန္ဓာကိုယ်အောက်ပိုင်းကို အုတ်အင်္ဂတေစီ၍ ထုလုပ်ခဲ့ကြပြီး အချို့မှာမူ ဦးခေါင်းတော်နောက်ပိုင်း၌ ကျောက်သားထုထည် အနည်းငယ်ချန်၍ နောက်မှီနံရံတွင်မြှုပ်ကာ အလေးချိန်စီးမှုဝန်ကိုလျှော့သည့်အနေဖြင့် ထုလုပ်ခဲ့ကြသည်။ ယခုပြသထားသော ဗုဒ္ဓဦးခေါင်းတော်တွင် အထက်ပိုင်း၌ ဆံတော်အပြောက်နှင့် ကေတုမာလာမဏိတော်များ မပါရှိတော့သော်လည်း မျက်နှာတော်မှာ အေဒီ ၁၁ ရာစု လက်ရာဖြစ်သည်။ ဦးခေါင်းတော်၏အရွယ်အစားမှာ အမြင့် ၅၉ ဒသမ ၆ စင်တီမီတာရှိသည်။

■ အဂ္ဂသာဝကဦးခေါင်းတော်မှာ အေဒီ ၁၁ ရာစု သဲကျောက် ကျောက်ဆစ်လက်ရာပင်ဖြစ်သည်။ ဓမ္မရံကြီးဘုရား၏ တောင်ဘက်ရှိ ဘုရားအမှတ် (၇၆၁/၃၆၄) မှ ရရှိခြင်းဖြစ်ပါသည်။ အရွယ်အစားအမြင့် ၆၁ စင်တီမီတာရှိသည်။ ယင်းအဂ္ဂသာဝက ဦးခေါင်းတော်သည်လည်း ဗုဒ္ဓဦးခေါင်းတော်ကဲ့သို့ပင် ကိုယ်တစ်ပိုင်း သဲကျောက်လက်ရာဖြစ်သည်။

■ ပြသထားသော ဗုဒ္ဓဝင်ရုစ်ခန်း ကျောက်ဆစ်ရုပ်ချပ်များသည် နဂါးရုံဘုရား (အေဒီ ၁၁ ရာစု) နှင့် မြင်းကပါဂူပြောက်ငယ်ဘုရား (အေဒီ ၁၂ ရာစုခန့်) မှ သဲကျောက်ကျောက်ဆစ်လက်ရာများ ဖြစ်ကြပါသည်။ လက်ရာဖွဲ့စည်းပုံနှင့် ခေတ်ကာလမတူညီခြင်း စသည်တို့ကို ခွဲခြားလေ့လာသိရှိနိုင်ရန် ပြသထားခြင်းဖြစ်ပါသည်။ ပြခန်းအတွင်း ကျောက်ဆစ်လက်ရာတစ်ခုချင်းအား လေ့လာမည်ဆိုလျှင် ဖွားတော်မူခန်းမှ ပရိနိဗ္ဗာန်စံတော်မူခန်းအထိ လေ့လာနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**၁။ ■ မယ်တော်မာယာဖွားတော်မူခန်း (ကျောက်ဆစ်လက်ရာ)**

ဗုဒ္ဓဖွားတော်မူခန်း ကျောက်ဆစ်ရုပ်ချပ်သည် ပုဂံမြင်းကပါရွာ၏ မြောက်ဘက် မြင်းကပါဂူပြောက်ငယ်ဘုရားမှ အေဒီ ၁၂ ရာစု သဲကျောက်ကျောက်ဆစ်လက်ရာ ဖြစ်ပါသည်။ မယ်တော်မာယာသည် ကပိလဝတ်ပြည်မှ ဒေဝဒဟပြည်သို့အသွား လုမ္ဗိနီဥယျာဉ်တွင် ဘုရားလောင်းအား ဖွားတော်မူခန်းပုံဖြစ်ပါသည်။ ကျောက်ဆစ်လက်ရာတွင် မယ်တော်မာယာသည် အင်ကြင်းကိုင်းကို ယာဘက်လက်ဖြင့်ကိုင်၍ ဝဲဘက်လက်မှာ ညီမတော်ဂေါတမီကို ဖက်ထားဟန်နှင့် ဂေါတမီ၏ဘေးတွင် မိန်းမ ရံရွေတော်တစ်ဦး၏ပုံ၊ ညာဘက်နံပါးခါးမှ ဘုရားလောင်းအား ဖွားမြင်ပုံ၊ ဂေါတမီ၏ ဝဲဘက်လက်မှာ မယ်တော်မာယာဒေဝီမိဖုရား၏ ဖက်ထားသောလက်တော်ကိုကိုင်၍ ထိန်းပေးထားပုံတို့ကို တွေ့ရပါမည်။ မယ်တော်မာယာ၏ ဦးခေါင်းထက်တွင် ဘုရားဆင်းတုငယ်တစ်ဆူပါပြီး ညာဘက်ဘေးတွင် လူ၊ နတ်၊ ဗြဟ္မာတို့က ဘုရားလောင်းအား အဆင့်ဆင့်ခံယူပြီး ပူဇော်ဟန်နှင့် အင်ကြင်းပင်ထက်တွင် နတ်နှစ်ပါးက ရေစင်သွန်းနေပုံကို လေ့လာနိုင်ပါသည်။ အရွယ်အစားအနေဖြင့် အမြင့် ၁၁၅ ဒသမ ၅ စင်တီမီတာရှိပါသည်။

**၂။ ■ ဗောဓိဝင်ရင်း၌ ထုရားဖွင့်တော်မူခန်း ကျောက်ဆစ်လက်ရာ**

ယင်းကျောက်ဆစ်လက်ရာသည် မြင်းကပါရွာတောင်ဘက်ရှိ နဂါးရုံဘုရားမှ အေဒီ ၁၁ ရာစု လက်ရာဖြစ်သည်။ ဗုဒ္ဓဘုရားရှင်သည် ဗောဓိပင်ရင်းအောက် ထက်ဝယ်ဖွဲ့ခွေထိုင် တော်မူပြီး ဘုရားအဖြစ်သို့ ရောက်ရှိပွင့်တော်မူဟန်ဖြစ်ပါသည်။ ဟင်္သာနှစ်ကောင်ပါ နောက်ခံ တံကဲနှင့် ကြာပလ္လင်တို့ပါဝင်ပြီး ပလ္လင်တံကဲ၏နောက်တွင် ဗောဓိပင်ကိုပါ ထည့်သွင်းထုလုပ် ထားသည်ကို တွေ့ရှိနိုင်ပါသည်။ ဘူမိဖဿမုဒြာဟန်ဖြင့် ကြာပလ္လင်ထက်ဝယ် ထက်ဝယ်ဖွဲ့ခွေ ထိုင်ကာ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခန်းပင် ဖြစ်ပါသည်။ အရွယ်အစားမှာ အမြင့် ၁၀၃ စင်တီမီတာ ရှိပါသည်။

**၃။ ■ ဗုဒ္ဓဓမ္မစကြာတရားဦးဟောခန်း ကျောက်ဆစ်လက်ရာ**

ယင်းကျောက်ဆစ်လက်ရာသည် မြင်းကပါရွာတောင်ဘက်ရှိ နဂါးရုံဘုရား (အေဒီ ၁၁ ရာစု) မှ သဲကျောက် ကျောက်ဆစ်လက်ရာဖြစ်ပါသည်။ ဓမ္မစက္ကမုဒြာဟန် အနေအထားဖြင့် ဟင်္သာနှစ်ကောင်ပါ တံကဲနှင့် အောက်ခြေတွင် ရဟန်းနှစ်ပါး၊ ဗြဟ္မာနှစ်ဦးနှင့် သမင်နှစ် ကောင်တို့ ပါဝင်သည်။ ယင်းဓမ္မစကြာတရားဦးဟောခန်းမှာ မြတ်စွာဘုရားသည် ပဥ္စဝဂ္ဂီတို့ကို အမှူးထား၍ မဟာဗောဓိပင်အောက်တွင် တရားဟောကြားနေပုံပင်ဖြစ်သည်။ အရွယ်အစား အနေဖြင့် အမြင့် ၁၀၇ စင်တီမီတာ ရှိပါသည်။



**၄။ ■ ဗုဒ္ဓထည် နာဠာဂီရိဆင်မိုက်ကြီးထို ချုတ်တော်မူခန်း ကျောက်ဆစ်လက်ရာ**

ပုဂံမြို့ဟောင်းနှင့် မြင်းကပါရွာကြားရှိ မြင်းကပါဂူပြောက်ငယ်ဘုရား (အေဒီ ၁၂ ရာစု) မှ ကျောက်ဆစ်လက်ရာဖြစ်ပါသည်။ မြတ်စွာဘုရားသည် သာဝကနှစ်ဦးခြံရံ၍ နာဠာ ဂီရိဆင်မိုက်ကြီးအား ချုတ်တော်မူဟန် ထုလုပ်ထားသော ကျောက်ဆစ်လက်ရာဖြစ်သည်။ ဘုရားရှင်နှင့် သာဝကနှစ်ပါးတို့မှာ ရပ်တော်မူဟန်ဖြစ်ပြီး ဘုရားရှင်၏လက်တော်မှာ မဟာ ကရုဏာကာမုဒြာဟန်ဖြစ်၍ နာဠာဂီရိဆင်၏ပုံသဏ္ဌာန်မှာ နံရံပန်းချီများတွင် ပါရှိသောလက်ရာ အတိုင်း ဒူးထောက်ဦးမော့ဟန်ပင်ဖြစ်သည်။ အရွယ်အစားမှာ အမြင့် ၁၀၆ ဒသမ ၆ စင်တီ မီတာ ရှိပါသည်။

**၅။ ■ ဗုဒ္ဓ တာဝတိံသာနတ်ပြည်မှ ဆင်းတော်မူခန်း ကျောက်ဆစ်လက်ရာ**

မြင်းကပါဂူပြောက်ငယ်ဘုရားမှ အေဒီ ၁၂ ရာစု ကျောက်ဆစ်လက်ရာ ဖြစ်ပါသည်။ မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်ရှိ မယ်တော်မိနတ်သားအား တရားဟောကာ လူ့ ပြည်သို့ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းဟူသည့် စောင်းတန်းကြီး သုံး သွယ်ဖြင့် ဆင်းသက်လာဟန်ဖြစ်သည်။ ဗုဒ္ဓဘုရားရှင်ယာဘက်တွင် သိကြားမင်းသည် သပိတ်ပိုက်၍ ဝဲဘက်တွင် ဗြဟ္မာသည် ထီးတော်မိုးကာ ဆင်းလာဟန်ဖြစ်သည်။ မြတ်စွာ ဘုရား၏ ယာဘက်တော်၌ ရဟန်းတစ်ပါး ဒူးထောက်ရှိခိုး ပူဇော်နေဟန်ကို တွေ့ရှိနိုင်ပါသည်။ အရွယ်အစားမှာ အမြင့် ၁၀၅ ဒသမ ၅ စင်တီမီတာ ရှိပါသည်။

**၆။ ■ ဗုဒ္ဓထည် ဆွေတော်မျိုးတော် သာကီဝင်မင်းတို့အား တန်ခိုးပြာဋိဟာပြ၍ ဆုံးမတော် မူခန်း ကျောက်ဆစ်လက်ရာ**

ပြာဋိဟာပြခန်းကျောက်ဆစ်လက်ရာသည်လည်း နဂါးရုံဘုရား (အေဒီ ၁၁ ရာစု) မှ သဲကျောက် ကျောက်ဆစ်လက်ရာပင်ဖြစ်ပါသည်။ ဓမ္မစက္ကမုဒြာဟန်ဖြစ်သည်။ အောက်

www.burmeseclassic.com

www.burmeseclassic.com



ခြေတွင် ဘုရင်တစ်ပါး၊ မိဖုရားတစ်ပါး၊ ရံရွေတော်တစ်ဦး၊ လူသုံးဦးတို့ပါရှိသည်။ အရွယ်အစားမှာ အမြင့် ၉၉ စင်တီမီတာ ရှိပါသည်။

## ၇။ ■ ဗုဒ္ဓပါလိလေယျတော၌ စံတော်မူခန်း ကျောက်ဆစ်လက်ရာ

မြတ်စွာဘုရားသည် ကောသမ္ဗီပြည်ရှိ ရဟန်းတို့ကိုဆိုဆုံးမပြီး တစ်ပါးတည်း ကြွသွားတော်မူ၍ ပါလိလေယျတော၌ ပလလဲဆင်မင်း၏အလုပ်အကျွေးကို ခံတော်မူ၍ ဒသမဝါဆိုတော်မူသော အခန်းဖြစ်သည်။ သစ်ပင်အောက်တွင် ခြေတွဲလောင်းချထိုင်နေပုံဖြစ်ပြီး သပိတ်ပိုက်လျက်ပုံဖြစ်ပါသည်။ ဘေးတစ်ဖက်တစ်ချက်စီတွင် ရဟန်းတစ်ပါးစီ ရှိခိုးလျက်ရှိပြီး ဆင်တစ်ကောင်ပုံနှင့် မျောက်နှစ်ကောင်ပုံတို့ပါရှိသည်။ အရွယ်အစားမှာ အမြင့် ၁၁၅ စင်တီမီတာ ရှိပါသည်။

## ၈။ ■ ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူခန်း ကျောက်ဆစ်လက်ရာ

ယင်းကျောက်ဆစ်လက်ရာသည် မြင်းကပါဂူပြောက်ငယ်ဘုရားမှပင်ဖြစ်ပြီး အေဒီ ၁၂ ရာစု သဲကျောက် ကျောက်ဆစ်လက်ရာပင်ဖြစ်သည်။ ပင်မပြခန်းတွင်ပြသထားသော ဗုဒ္ဓဝင်ရုပ်ခန်း ကျောက်ဆစ်လက်ရာများအနက်မှ အခြားခုနစ်ချပ်နှင့်မတူ တစ်မူကွဲပြားပြီး လျောင်းတော်မူ ပုံသဏ္ဍာန်အနေအထားဖြင့် အလျားလိုက်ထုလုပ်ထားခြင်းဖြစ်ပါသည်။ မြတ်စွာဘုရားသည် ၄၅ ဝါပတ်လုံး လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့အား တရားဟော၍ ကယ်ချွတ်တော်မူပြီးလျှင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ ဥယျာဉ်အတွင်း၌ ပရိနိဗ္ဗာန်စံတော်မူခန်းပင်ဖြစ်သည်။ ရုပ်ချပ်တွင် သိကြားတစ်ဦး၊ ဗြဟ္မာတစ်ဦး၊ ကြာဖူးကိုင်နတ်ခြောက်ပါး၊ ရဟန္တာငါးပါး၊ ခေါင်းရင်းနှင့် ခြေရင်းတို့တွင် ရဟန္တာတစ်ပါးစီနှင့် အောက်ခြေတွင် မင်းခုနစ်ပါး၊ မိဖုရားတစ်ပါး၊ ရံရွေတော်နှစ်ဦး၊ ဗုံတီးသူတစ်ဦးနှင့် လင်းကွင်းတီးသူဟု ယူဆရသောလူတစ်ဦး ပါဝင်သည်။ ယင်းကဲ့သို့ ကျောက်ဆစ်လက်ရာများကို အာနန္ဒာဘုရားတွင်လည်း တွေ့ရှိနိုင်ပါသည်။ အရွယ်အစားအားဖြင့် အမြင့် ၈၉ ဒသမ ၅ စင်တီမီတာရှိပါသည်။

ပင်မပြခန်းအတွင်း ပြသထားသော ဗုဒ္ဓဝင်ကျောက်ချပ်ရုပ်ချပ်ကို ကြည့်ခြင်းဖြင့် ပုဂံခေတ်ဦးနှင့် ခေတ်လယ်ပိုင်း ဆင်းတုထုလုပ်မှုတို့ကို လေ့လာနိုင်ပါသည်။ ပြခန်းအတွင်း မင်းလေးပါးကြေးရုပ်တို့သည် မျက်မှောက်ကာလတွင် သွန်းလုပ်ထားသော ကြေးရုပ်များဖြစ်ပါသည်။ ပုဂံခေတ်တစ်လျှောက်လုံးတွင် ထင်ရှားကျော်စော၍ အထင်ကရဖြစ်ခဲ့သော အနော်ရထာမင်းကြီး၊ ကျန်စစ်သားမင်းကြီး၊ အလောင်းစည်သူမင်းကြီးနှင့် ကျစွာမင်းကြီးတို့၏ ကြေးရုပ်တုများပင်ဖြစ်ပါသည်။ ပုဂံခေတ် နံရံပန်းချီများမှလည်းကောင်း၊ ကျောက်ဆစ် လက်ရာများမှလည်းကောင်း အဆင်တန်ဆာဝတ်ဆင်မှုကို အထောက်အထားပြု၍ သွန်းလုပ်ထားခြင်းပင်ဖြစ်ပါသည်။



## ■ အနော်ရထာမင်းကြီး

အနော်ရထာမင်းကြီးသည် ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်သူအဖြစ် ထင်ရှားသူဖြစ်သည်။ ထို့ပြင် ဗုဒ္ဓသာသနာတော်ကြီး ပြန့်ပွားထွန်းကားအောင် ဓမ္မဒဿီမည်သော ရှင်အရဟံမထေရ်၏ အဆုံးအမဖြင့် အရည်းကြီးအယူဝါဒကို နှိမ်နင်း၍ တစ်တိုင်းပြည်လုံး ဗုဒ္ဓဘာသာအယူကို ကိုးကွယ်စေခဲ့သူဖြစ်သည်။ သထုံပြည်မှ ပိဋကတ်သုံးပုံကို ပုဂံသို့သယ်ယူကာ သာသနာတော်ကို ပြန့်ပွားစေခဲ့သည်။ အနော်ရထာမင်းစောလက်ထက် တည်ခဲ့သော ဘုရားများမှာ ရွှေစည်းခုံ၊ ရွှေဆံတော်၊ တုရင်တောင်စေတီ၊ လောကနန္ဒာစေတီနှင့် တန့်ကြည့်တောင်စေတီ စသည်တို့ဖြစ်သည်။ အနော်ရထာမင်းကြီးသည် အေဒီ ၁၀၄၄ ခုနှစ်မှ အေဒီ ၁၀၇၇ ခုနှစ်အထိ စိုးစံတော်မူခဲ့သည်။ အနော်ရထာမင်းကြေးရုပ်တု၏ အမြင့်သည် ၂၂၈ စင်တီမီတာ ရှိပါသည်။

## ■ ကျန်စစ်သားမင်း

ကျန်စစ်သားမင်းသည် ပုဂံနေပြည်တော်ကို ခရစ် ၁၀၈၄ ခုနှစ်မှ ၁၁၁၃ ခုနှစ်အထိ ထီးနန်းစိုးစံခဲ့သူဖြစ်ပါသည်။ သူ၏ အခြားအမည်မှာ သီရိတြိဘုဝနာဒိတျဓမ္မရာဇာမည်သော လောကသုံးပါး၌ နေကဲ့သို့တောက်ပသော၊ တင့်တယ်စွာသော၊ ကျက်သရေရှိသော တရားမင်းဖြစ်သည်။

အနော်ရထာမင်းလက်ထက်တွင် ကျန်စစ်သားမင်းသည် သူရဲကောင်းလေးဦးအနက် တစ်ဦးဖြစ်ခဲ့သည့် စစ်သူကြီးဖြစ်သည်။ ကျန်စစ်သားမင်းနန်းတက်သည့်အချိန်တွင် နန်းတော်သစ် တည်ဆောက်ခဲ့ပြီး နန်းတည်ကျောက်စာတိုင်နှစ်တိုင်ကို မွန်ဘာသာဖြင့် ရေးထိုးမှတ်တမ်းတင်ခဲ့သည်။ ကျန်စစ်သားမင်းလက်ထက်တွင် အာနန္ဒာကဲ့သို့ ဂူဘုရားကြီးများ၊ ဂူဘုရားငယ်များ၊ ဘုန်းကြီးကျောင်းများ၊ သိမ်များနှင့် ဇရပ်များ တည်ဆောက်ခဲ့သည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ကျန်စစ်သားမင်းသည် မြကန်၊ အလယ်၊ ပုဂံ

www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ တစ်ဖက်ဆည်ကန်များကိုတူးဖော်ခဲ့သည်။ ကျန်စစ်မင်းကြီး၏ ကြေးရုပ်တုသည် အမြင့် ၂၁၂ စင်တီမီတာရှိပါသည်။

## ■ အလောင်းစည်သူမင်း

အလောင်းစည်သူမင်းသည် ကျန်စစ်သားမင်း၏ မြေးတော်ဖြစ်ပြီး ခရစ် ၁၁၁၃ မှ ၁၁၆၃ ခုနှစ်အထိ ထီးနန်းစိုးစံခဲ့သည်။ အလောင်းစည်သူမင်းသည် ပုဂံဒေသတွင် အမြင့်မားဆုံးဖြစ်သော သဗ္ဗညုဘုရားနှင့် မြင့်မားသော အုတ်ခုံမြင့်ထက်တွင် ရွှေဂူကြီးဘုရားတို့ကိုလည်း တည်ခဲ့သည်။

မင်းကြီးသည် မြန်မာနိုင်ငံတော်အတွင်း ရောက်ရှိသောနေရာအနှံ့အပြားတွင် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်းတို့ဆောင်ရွက်ခဲ့သည်။ အလောင်းစည်သူမင်းကြီး၏ ကြေးရုပ်တုသည် အမြင့် ၁၅၅ စင်တီမီတာရှိပါသည်။

## ■ ကျစွာမင်းကြီး

နားတောင်းများမင်း၏ သားတော်ဖြစ်ပြီး မင်းကြီးသည် ပုဂံနေပြည်တော်အား ခရစ် ၁၂၃၄ ခုနှစ်မှ ၁၂၅၀ အထိ ထီးနန်းစိုးစံခဲ့သည်။ ကျစွာမင်းကြီးသည် ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားရေးအတွက် ကြိုးပမ်းခဲ့သည်။ ပိဋကတ်သုံးပုံကို ကိုးကြိမ်တိုင်တိုင် နှုတ်လွတ် အာဂုံဆောင်နိုင်ခဲ့သူဖြစ်သည်။ ပုဂံနေပြည်တော်၏ အရှေ့တောင်အရပ်ရှိ မင်းနန်သူရွာအနီးတွင် ပြာသာဒ်ကြီးဘုရားကို တည်ဆောက်ခဲ့သည်။ ကျစွာမင်းကြီး ကြေးရုပ်တုသည် အမြင့် ၁၄၅ စင်တီမီတာရှိပါသည်။

## ■ ကျန်စစ်သားမင်းအတ္ထုပ္ပတ္တိ ကျောက်စာအမှတ် (၁)

ဤကျောက်စာတိုင်သည် ရွှေစည်းခုံဘုရား အရှေ့ဘက်စောင်းတန်း၏ တောင်ဘက်ခြမ်းတွင် စိုက်ထူထားသော ကျောက်စာတိုင်၏ မိတ္တူဖြစ်ပေသည်။

ကျန်စစ်သားမင်းကြီး၏ အတ္ထုပ္ပတ္တိကျောက်စာသည် ပြည်သူ၊ ပြည်သားအားလုံးအပေါ်တွင် သူ၏ညာဘက်လက်ဖြင့် ထမင်းနှင့် မုန့်ကို ပေးလတ္တံ့၊ သူ၏ဘယ်ဘက်လက်ဖြင့် အဝတ်ပုဆိုးတို့ကို ပေးလတ္တံ့ဟူ၍ ကျောက်စာတွင် ဖော်ညွှန်းထားပေသည်။



ကျန်စစ်သားမင်းကြီးလက်ထက်တွင် မင်းနေပြည်တော် အရိမဒ္ဒနပူရမြို့သည် ဘေးအန္တရာယ်၊ ရန်စွယ်ကင်းဝေးပြီး အလွန်အေးချမ်းသာယာသော မြို့တစ်မြို့ဖြစ်ခဲ့ကြောင်း စသည်များ ဖော်ပြထားပေသည်။

## ■ ကျန်စစ်သားမင်းကြီးအတ္ထုပ္ပတ္တိ ကျောက်စာအမှတ် (၂)

ဤကျောက်စာတိုင်သည် ရွှေစည်းခုံဘုရား အရှေ့ဘက်စောင်းတန်း၏ မြောက်ဘက်ခြမ်းတွင် စိုက်ထူထားသော ကျောက်စာတိုင်၏ မိတ္တူပြင်ဖြစ်ပါသည်။

ပုဂံခေတ် ကျန်စစ်သားမင်းကြီးလက်ထက်၌ မိုးရာသီတွင် မိုးအကြိမ်တစ်ရာ့နှစ်ဆယ်ကျော် ရွာသွန်းကြောင်း ဖော်ပြထားသည်။ ပုဂံနေပြည်တော်သည် ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာကြောင်း စသည်များ ရေးသားထားသည်။

အထူးပင်မပြခန်း၏ နောက်ခံပန်းချီကားကြီးသည် ဘုရား၊ ပုထိုးပေါ်များသော ပုဂံဒေသ၏ ရှုခင်းကျယ်ကြီးကို ၁၉၈၇ ခုနှစ်တွင် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို) အဖွဲ့မှ မြန်မာနိုင်ငံရှိ ပန်းချီအကျော်အမော်များ စုပေါင်းရေးဆွဲထားသည့် ပန်းချီကားကြီးဖြစ်ပါသည်။

၎င်းနောက်ခံပန်းချီကားရှုခင်းသည် မင်းနန်သူရွာအနီးရှိ သမ္ဗုလဘုရားပေါ်မှ မြင်ရသည့် မြင်ကွင်းကို ဤပန်းချီကားဘောင်အတွင်း၌ ထင်ရှားကျော်ကြား တန်ခိုးကြီးသော ဘုရားများကို စုစည်းထည့်သွင်း၍ ရေးဆွဲထားခြင်းဖြစ်သည်။

ယင်းပန်းချီကားကြီးကိုမြင်တွေ့ရသော ဧည့်သည်များမှာ စိတ်တွင်ကြည်နူး အံ့ဩဖွယ် ခံစားမှုကိုဖြစ်စေပါသည်။

www.burmeseclassic.com

www.burmeseclassic.com






ပုဂံခေတ်လက်မှုအနုပညာပြခန်းအတွင်း၌ ပြသထားသော
တေလပဏ္ဏဓာတ် အဝတ်ပန်းချီ



## ပုဂံခေတ်လက်မှုအနုပညာပြခန်း

ပုဂံခေတ်လက်မှုအနုပညာပြခန်းတွင် ပုဂံခေတ်က လက်မှုအနုပညာရှင်ကြီးများ၏ လက်မှုအတတ်ပညာထွန်းကားမှုနှင့် ဘာသာရေးအပေါ်တွင်အခြေခံ၍ လက်မှုအနုပညာ လက်ရာများ ပြောင်မြောက်အောင် လုပ်ဆောင်နိုင်ခဲ့ပုံကို ပြခန်းအတွင်း ခင်းကျင်းပြသထားခြင်းဖြစ်ပါသည်။ ပြခန်းအတွင်း ခင်းကျင်းပြသထားသော ပြကွက်များမှာ အင်္ဂတေပန်းလက်ရာပစ္စည်းများ၊ ကျောက်ဆစ်လက်ရာပစ္စည်းများ၊ ပန်းပုလက်ရာပစ္စည်းများ၊ မြေထည်၊ ငွေထည်၊ စဉ့်ထည်နှင့် ကြေးထည်လက်ရာများ၊ နံရံပန်းချီလက်ရာများ၊ လူ့အသုံးအဆောင်ပစ္စည်းများ၊ အဆင်တန်ဆာလက်ရာများနှင့် ကျောက်ဖြစ်ရုပ်ကြွင်းများအား စနစ်တကျ ခင်းကျင်းပြသထားပါသည်။

### ■ ဗုဒ္ဓဆင်းတုတော်ဦးခေါင်းများပြကွက်

ဦးခေါင်းတော်အမြင့် ၂၃ စင်တီမီတာရှိ ဦးခေါင်းတော်သုံးခု ပြသထားသည်။ ပုဂံခေတ်ဦးပိုင်းတွင် ဗုဒ္ဓဆင်းတုတော်များ ထုဆစ်ကြရာတွင် ဆင်းတုတော်၏ ဦးခေါင်းပိုင်းကို သဲကျောက်ဖြင့် ထုလုပ်တတ်ကြပြီး ခန္ဓာကိုယ်ထည်ပိုင်းကို အုတ်စီ၍ ပြုလုပ်လေ့ရှိကြသည်။ ပြသထားသော ဦးခေါင်းများသည် ဘုရား၏အလယ်မဏ္ဍိုင်အတွင်းရှိ ဆင်းတုတော်အပေါ်ပိုင်း ဦးခေါင်းများဖြစ်ပါသည်။ ဦးခေါင်းတော်များ၏ နောက်ပိုင်းကို နံရံတွင်မြှုပ်နှံလေ့ရှိပြီး အပေါ်အလေးချိန်ဝန်ကို ထမ်းထားရန်ဖြစ်သည်။ အချို့မှာ နှာခေါင်း၊ ပါးစပ်တော်ပိုင်းကို သဲကျောက်ဖြင့် ထုလုပ်ထားပြီး နောက်ဘက်ရှိ နံရံတွင် မြှုပ်နှံရန် ကျောက်သားအရှည်ချန်၍ ထားရှိပါသည်။ ပြကွက်မှ သဲကျောက် ဦးခေါင်းများသည် အေဒီ ၁၂ ရာစု လက်ရာများဖြစ်ပြီး ဘုရားအမှတ် (၁၃၈၅) မှ ဖြစ်သည်။

### ■ ကျောက်ခရေသီးများပြကွက်

ပုဂံခေတ် စေတီ၊ ပုထိုးများတွင် အသုံးပြုလေ့ရှိပြီး အချို့မှာ ခရေသီးပုံနှင့် တူသောကြောင့် ခရေသီးဟုလည်းကောင်း၊ ငှက်ပျောဖူးသဏ္ဌာန်နှင့်တူသောကြောင့် ငှက်ပျောဖူးဟူ၍လည်းကောင်း ခေါ်ဆိုခဲ့ကြသည်။ အမှန်မှာမူ ထိုအစိတ်အပိုင်းသည် ထိပ်ဆုံးအပိုင်းတွင်

www.burmeseclassic.com

www.burmeseclassic.com



တည်ရှိနေပြီး ကျောက်စာများတွင် 'ရွှေအထွတ်မူသည်'ဟု ပါရှိဖော်ပြကြသည်။ ပုဂံခေတ်က ထီးအစိတ်အပိုင်းအဖြစ် ဖောင်းရစ်များ (ဆတ္တဝလီ) ၏အထက် ကြာမှောက်၊ ကြာလန်တို့ အပေါ်ထပ်တွင် တည်ထားသော အစိတ်အပိုင်းဖြစ်သည်။

## ■ နံရံအောက်ပိုင်း အင်္ဂတေဝန်းတန်းများနှင့် အပြင်နံရံအထက်ပိုင်း အင်္ဂတေဝန်းတန်းများပြခန်း

ပြသထားသော အင်္ဂတေပန်းတန်းလက်ရာများမှာ မူလက မြေဘုံသာဘုရားလှ (အေဒီ ၁၂ ရာစု) မှ ဖြစ်သည်။ ဂူဘုရားတို့တွင် တန်ဆာဆင်လေ့ရှိသော ပန်းအစိတ်အပိုင်းများ၊ ဘီလူးပန်းဆွဲများအား မူလလက်ရာအတိုင်း ကြည့်ရှုနိုင်စေရန် ပြုလုပ်ပြသထားခြင်းဖြစ်သည်။ အလျား ၃၈၇ စင်တီမီတာ၊ အနံ ၁၅၉ စင်တီမီတာရှိသည်။

## ■ အင်္ဂတေတိုင်ထောင့်ဝန်းလက်ရာပြခန်း

အေဒီ ၁၂ ရာစု မြေဘုံသာဘုရားလှမှဖြစ်ပြီး အမြင့် ၁၈၂ စင်တီမီတာ ရှိသည်။ အင်္ဂတေသုံးထပ်၊ သုံးလွှာ၊ အကြွအင်္ဂတေပန်းအဖြစ် ပုံဖော်ပန်းလှီးထားသဖြင့် လွန်စွာလှပသော လက်ရာကောင်းတစ်ခုဖြစ်ပေသည်။ တိုင်ဖုံးပန်း အလယ်တည့်တည့်နေရာတွင် ကြာပွင့်ကို ခေါက်ရိုးချိုး၍ကပ်ထားပြီး တိုင်အောက်ခြေဘက်တွင် ကြာဖတ်နှင့် ပန်းများအားလှပစွာ ပုံဖော်လှီးဖြတ်ထားသည်။

## ■ အဆင်တန်ဆာပါ မှန်တံထဲနှင့် ကျောက်ဇာပြတင်းပြခန်း

မူရင်း ကျောက်ဇာပေါက်ပြတင်းအား ပိုမိုပေါ်လွင်ထင်ရှားစေရန်အတွက် မှန်တံကဲအား ခေတ်အုတ်များဖြင့် တည်ဆောက်ဖန်တီး၍ ပြသထားသည်။ ပြသထားသော ဇာပေါက်ပြတင်းမှာ ဘုရားအမှတ် (၄၁၈) မှ ဖြစ်ပြီး အမြင့် ၁၁၆ ဒသမ ၅ စင်တီမီတာရှိသည်။ ပုဂံခေတ်က အုတ်ကျောင်းများ၊ ဘုရားများ၏ နံရံအတွင်းတို့၌ ကျောက်ဇာပြတင်းများအဖြစ် ပြုလုပ်တန်ဆာဆင်ကြသည်။ အဝိုင်းပေါက်၊ လေးထောင့်ပေါက်၊ ဆန္ဒင်းမကင်းပေါက်နှင့် ပန်းဒီဇိုင်းပေါက် စသည်တို့အား ပုံဖော်၍ပြုလုပ်ကြသည်။



## ■ ကျောက်မထရိုးရှစ် ရေတံလျှောက်များပြခန်း

ပုဂံခေတ် အုတ်ကျောင်း၊ စေတီ၊ ပုထိုးများရှိ ပစ္စယာများအပေါ်တွင် ရေစီးဆင်းရာ၌ ရေထွက်ပေါက်များအဖြစ်ထားရှိပြီး မကရ်ရုပ်ပုံဖြင့် ပုံဖော်ပြုလုပ်ထားခြင်းဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်၌ မကရ်ကို ပန်းချီ၊ ပန်းပုအနေဖြင့်လည်းကောင်း၊ စာပေအဖွဲ့အနွဲ့၊ ရာသီဘွဲ့များတွင်လည်းကောင်း တွေ့ရှိရပေသည်။ အဆောက်အဦများ၌ မကရ်သတ္တဝါကို ထည့်သွင်းထုလုပ်တပ်ဆင်ထားခြင်းဖြင့် အေးချမ်းသာယာသောနိမိတ်ကိုဆောင်စေ၍ ရေဘေး၊ ရေအန္တရာယ်တို့မှ ကင်းဝေးစေရန်အတွက် ရည်ညွှန်းစီရင်ထားခြင်းမျိုးဖြစ်ကြောင်း အချို့သော ပဋိမာသိပ္ပံပညာရှင်များက ဆိုကြလေသည်။

## ■ ဇောစီထတ္တုထုရားလောင်းရှစ်တုပြခန်း

အေဒီ ၁၃ ရာစု သဲကျောက်ဖြင့်ပြုလုပ်ထားပြီး ဓမ္မရံကြီးဘုရားမှဖြစ်သည်။ အမြင့် ၁၆၆ ဒသမ ၃ စင်တီမီတာရှိသည်။ ဗောဓိသတ္တဘုရားလောင်းရုပ်များကို ပုဂံခေတ်တွင် ကျောက်ဖြင့်လည်းကောင်း၊ သစ်သားဖြင့်လည်းကောင်း ပြုလုပ်ကြပြီး နံရံဆေးရေးပန်းချီများလည်း ရေးဆွဲလေ့ရှိသည်။ ထိုဘုရားလောင်းရုပ်များကို ဒွါရပါလတံခါးစောင့်အရုပ်များအဖြစ် ထင်မြင်ယူဆမှုများလျက်ရှိကြပေသည်။

## ■ သိဝနတ်ရှစ် ကျောက်ဆစ်လက်ရာပြခန်း

မူလက နတ်လှျောင်းကျောင်းမှဖြစ်သည်။ အမြင့် ၁၉၇ စင်တီမီတာရှိသည်။ ဟိန္ဒူဘာသာဝင်များသည် ဗြဟ္မာ၊ ဗိဿနိုး၊ သိဝဘုရားသုံးဆူကို တစ်ဆူစီ ကိုးကွယ်မှုပြုကြသည်။ သိဝနတ်ရုပ်ကျောက်ဆစ်လက်ရာတွင် သိဝကိုင်ဆောင်သည့် အဆောင်အယောင်များဖြစ်သည့် ပလုတ်တုတ်၊ ခက်ရင်းသုံးခွ၊ တင်းပုတ်၊ သန်လျက်တို့ကို တွေ့ရှိနိုင်ပါသည်။ သိဝ၏မျက်နှာတော်နှင့် အခြားအစိတ်အပိုင်းတို့ကို အင်္ဂတေဖြင့် အနည်းငယ်ပြုပြင်ထားသည်။

## ■ ရာဟုလာအခွေတော်ခန်း ကျောက်ဆစ်လက်ရာပြခန်း

ရှားပါးသော ပုဂံခေတ် ၁၁ ရာစု လက်ရာဖြစ်ပြီး အပေါ်အစိတ်အပိုင်းများ မရှိတော့ချေ။ အမြင့် ၆၁ စင်တီမီတာရှိသည်။ မြတ်စွာဘုရား ဆွမ်းခံဝင်လာစဉ် ယသောဓရာဒေဝီက

www.burmeseclassic.com

www.burmeseclassic.com



သားတော်ရာဟုလာအား မြတ်စွာဘုရားထံစေလွှတ်၍ အမွေတောင်းခန်းဖြစ်သည်။ ဆွမ်းခံဝင်လာသောဘုရားရှင်၏ ပုံသည်လည်းကောင်း၊ နောက်၌ အခြံအရံတစ်ဦးနှင့် ရပ်နေသော ယသောဓရာ၏ ပုံသည်လည်းကောင်း၊ သားတော်ရာဟုလာ၏ ပုံသည်လည်းကောင်း အပေါ်ပိုင်း ပျက်စီးနေသော်လည်း ကောင်းမွန်၍ အချိုးစားကျပြေပြစ်သော ကျောက်ဆစ်လက်ရာကို တွေ့မြင်နိုင်ပါသည်။

## ■ သုဒ္ဓေါဒနမင်းထည် သားတော်မင်းသားအား ဒေဝီလရသေ့ပြတန် ပြကွက်

အေဒီ ၁၁ ရာစု လက်ရာဖြစ်ပြီး သုဒ္ဓေါဒနမင်းကြီးသည် သားတော် သိဒ္ဓတ္ထမင်းသားအား ဒေဝီလရသေ့အားပြစဉ် ဘုရားလောင်းတော်၏ခြေတို့သည် ရသေ့လက်၌ တည်ဟန်ပုံဖြစ်သည်။ ကျောက်ရုပ်တုတွင် အချို့အစိတ်အပိုင်းများမပြည့်စုံသော်လည်း ပုဂံခေတ်လက်ရာကောင်းတစ်ခုအဖြစ် ကြည့်ရှုလေ့လာနိုင်ပါသည်။

## ■ ဗုဒ္ဓခြေတော်ရာ အေဒီ ၁၁ ရာစု ကျောက်ဆစ်လက်ရာပြကွက်

မူလက လောကနန္ဒာဘုရား၏ကုန်းပေါ်မှဖြစ်သည်။ အရှည် ၁၃၇ ဒသမ ၅ စင်တီမီတာရှိသည်။ မြတ်စွာဘုရားရှင်၏ ခြေတော်ရာ ၁၀၈ ကွက်ကို ပုဂံခေတ်မှသည် နှောင်းခေတ်အဆက်ဆက်တိုင်အောင် ကျောက်ဖြင့်လည်းကောင်း၊ သစ်သားဖြင့်လည်းကောင်း ထုလုပ်ခဲ့ကြသည့်အပြင် ပန်းချီဖြင့်လည်း ရေးဆွဲပူဇော်ခဲ့ကြသည်။ ၁၀၈ ကွက် လက္ခဏာတော်များကို ဇိနလင်္ကာရဋီကာအစရှိသော ကျမ်းဂန်တို့မှ ကြည့်ရှုပြုလုပ်ကြသော်လည်း ရေတွက်ပုံနှင့် ကောက်ယူပုံမတူကြသဖြင့် ခြေတော်ရာတွင်ပါရှိသော ပုံများမှာ ပုဂံခေတ်နှင့် အင်းဝခေတ်စသော နှောင်းပိုင်းခေတ်တို့တွင် အနည်းငယ်ကွဲလွဲပေသည်။ ယခုပြသထားသော ပုဂံခေတ်ခြေတော်ရာမှာ အစိတ်အပိုင်းအနည်းငယ် လိုအပ်နေသည်မှအပ ကောက်ယူပုံကွဲလွဲနေသော အပိုင်းနေရာများကို အထင်အရှားမြင်တွေ့နိုင်ပါသည်။

## ■ အမျိုးသမီးတစ်ဦး ရှိခိုးနေတန် ကျောက်ရုပ်ပြကွက်

မူလက ရွှေစည်းခုံရင်ပြင်မှဖြစ်သည်။ အမြင့် ၆၈ စင်တီမီတာရှိပြီး ခန္ဓာကိုယ်အပေါ်ခြုံစောင် သရိုးတင်မှန်များစီခြယ်ထားပြီး မျက်နှာအမူအရာနှင့် ဆံပင်ထုံးပုံမှာမူ သိမ်မွေ့ယဉ်ကျေးဟန် ပေါ်လွင်လှပေသည်။ အေဒီ ၁၈ ရာစုလက်ရာဖြစ်သည်။



## ■ မြေဆီမီးခွက်ပဒေသာပြကွက်

သီရိပစ္စယာ၏မြောက်ဘက် ကုန်းအမှတ် (၂၆၉၅) တူးဖော်ရာမှရရှိခဲ့သည့်တစ်ခုတည်းသော ရှားပါးမြေထည်ပစ္စည်းတစ်ခု ဖြစ်ပေသည်။ ပုဂံခေတ်တွင် ဆီမီးခွက်များကို ပြုလုပ်သုံးစွဲခဲ့သော်လည်း ဤမြေဆီမီးတိုင်ကဲ့သို့ အလယ်မဏ္ဍိုင်တစ်ခုမှ ဘေးသို့ဖြာထွက်၍ ဆီမီးခွက်ပဒေသာပင်ကဲ့သို့ ပြုလုပ်ထားသည်ကို မတွေ့ရှိရသေးချေ။ ဤမြေဆီမီးခွက် ပဒေသာမှာ ပိုက်များစွပ်၍ဆက်သကဲ့သို့ တစ်ဆင့်ပြီးတစ်ဆင့်စွပ်၍ ဆက်ထားသည်ကို တွေ့ရပါမည်။ မြေဆီမီးခွက်ပဒေသာ၏ အမြင့်မှာ ၉၆ စင်တီမီတာရှိသည်။

## ■ ဘုရားဆောင်းနတ်ရုပ်ပုံပြကွက်

အမြင့် ၃၄ စင်တီမီတာရှိပြီး ဘုရားလောင်း၏ ဦးခေါင်းပိုင်းနှင့် ညာဘက်လက်တော်တို့ မပါရှိတော့ပေ။ ကြာပွင့်ပေါ်တွင် ညာခြေထောက်တင်လျက်၊ ဒူး၏အောက်တွင် ခြင်္သေ့ရုပ်တစ်ရုပ်ပါရှိသည်ကို လေ့လာနိုင်ပါသည်။

## ■ ကြေးပုံစံခွက် ပုဂံခေတ်လက်ရာပြကွက်

ဘုရားစေတီတို့၌ အဆင်တန်ဆာများအဖြစ် အင်္ဂတေပန်းများ ပြုလုပ်ရာတွင် ပုံစံခွက်အဖြစ်အသုံးပြုကြောင်း အထောက်အထားအဖြစ် လေ့လာနိုင်ပါသည်။ ယခုပြသထားသော ကြေးပုံစံခွက်သည် အင်္ဂတေပန်း ကြာမှောက်၊ ကြာလန်တို့ ပုံဖော်ရာတွင် အသုံးပြုသော ပုံစံခွက်ပင်ဖြစ်ပါသည်။

## ■ မြေအိုးများပြကွက်

အရွယ်အစား 'ငယ်၊ လတ်၊ ကြီး' အိုးများကို ရွေးချယ်ပြသထားခြင်းဖြစ်သည်။ မြေအိုးများကို ကျောက်ခေတ်ကာလမှသည် ယနေ့တိုင်အောင် လူသားတို့သည် ပြုလုပ်သုံးစွဲခဲ့ကြသည်။ ရိုးရာယဉ်ကျေးမှုအလိုက် အိုးများပေါ်တွင် တိရစ္ဆာန်အရုပ်များ၊ ပန်းဒီဇိုင်းများ၊ အတွန့်၊ အချိတ်၊ အကွေးအကောက်အရုပ်များ အစရှိသော စိတ်ကူးစိတ်သန်းနှင့် လက်မှုအနုပညာအစွမ်းများကို မြင်တွေ့နိုင်ပါသည်။ အိုးပုံစံများ အမျိုးမျိုးထုတ်လုပ်ကြရာတွင် ညောင်ရေအိုး၊ ပရိတ်အိုး၊ ရေတကောင်းအိုး၊ ရေသွန်းကရား၊ ရေတည်အိုး စသည် အမျိုးမျိုးတို့ကို အရွယ်အစားအမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် ပြုလုပ်သုံးစွဲခဲ့ကြပါသည်။ ယခုပြသထားသော အိုးများသည် ပုဂံဒေသအနီးတစ်ဝိုက်မှရရှိသော အိုးများဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ■ 'အဝတ်ဝန်းချီ'ပြွတ်

ဝက်ကြီးအင်းရွာအနီး ဘုရားအမှတ် (၃၁၅) မှ တွေ့ရှိခဲ့သည်။ ဂူဘုရားအတွင်းရှိ ဗုဒ္ဓဆင်းတု၏ ကျိုးပဲ့နေသောလက်တော်အတွင်းမှ ရရှိခဲ့ခြင်းဖြစ်သည်။ မူလစတင်တွေ့ရှိစဉ်က မည်သည့်ဇာတ်လမ်းကို အဝတ်ပေါ်တွင်ရေးဆွဲထားကြောင်း မသိရှိခဲ့ပေ။ ဤအဝတ်ပန်းချီကားမှာ အီတလီနိုင်ငံရှိ ရှေးဟောင်းပစ္စည်းများ ပြုပြင်ထိန်းသိမ်းရာ ဗဟိုဌာနသို့ပို့၍ ထိန်းသိမ်းပြုပြင်မှုများ ပြုလုပ်ဆောင်ရွက်ခဲ့ရသည်။ ယခုအခါတွင် အဝတ်ပေါ်၌ ရေးဆွဲထားသော အကြောင်းအရာများအား ရှေးဟောင်းသုတေသနဌာနက ဖော်ထုတ်နိုင်ခဲ့ပေသည်။ ရေးဆွဲထားသော အဝတ်ပန်းချီကားတွင် အောက်ခြေဇာတ်ကွက်တို့၌ စာအရေးအသားအနည်းငယ်ပါရှိ၍ ငါးရာ့ငါးဆယ်ဇာတ်တော်လာ အကြောင်းအရာများဖြင့် ဆက်စပ်၍ လေ့လာမှုပြုခဲ့ရာမှ အကြောင်းအရာပိုင်းဆိုင်ရာကို သိရှိလေ့လာနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဇာတ်အမည်မှာ တေလပတ္တဇာတ်ဖြစ်ပါသည်။

မြတ်စွာဘုရားသည် ကောသမ္ဗီတိုင်း၊ သေဒကမည်သော နိဂုံးကိုအမှီပြု၍ တစ်ခုသောတောအုပ်၌နေတော်မူစဉ် ရဟန်းတို့အား ဣန္ဒြေကိုစောင့်စည်းအပ်ကြောင်းနှင့် ပတ်သက်၍ ဤဇာတ်တော်ကို ဟောတော်မူခဲ့ခြင်းဖြစ်ပါသည်။ အကျဉ်းချုပ်မှာ ဗာရာဏသီမင်း၏သားတစ်ထောင်အနက် အငယ်ဆုံးသားဖြစ်သော ဘုရားလောင်းမင်းသားသည် ဂန္ဓာရတိုင်းသို့ ခုနစ်ရက်ခရီးသွားရောက်ခဲ့ရာ လမ်းခရီး၌ ဘီလူးမတို့၏ အသံ၊ အဆင်း၊ အနံ့၊ အရသာ၊ အတွေ့အထိတို့ဖြင့် ဖြားယောင်းလှည့်စားမှုတို့ကို ကျော်လွှန်နိုင်ခဲ့ပြီး မိမိ၏စိတ်ကို ထိန်းသိမ်းနိုင်ခဲ့သောကြောင့် နောက်ဆုံးတွင် ထီးနန်းစည်းစိမ်ချမ်းသာကို ရရှိခဲ့ကြောင်းကို ဟောကြားသော ဇာတ်တော်ဖြစ်ပါသည်။

## ကျောက်ဖြစ်ရုပ်ကြွင်းဆိုင်ရာ ပြွတ်များ

ကျောက်ဖြစ်ရုပ်ကြွင်းဆိုင်ရာ ပြကွက်များအဖြစ် ပြခန်းအတွင်း ၁၁၂ ပေ ရှည်သော သစ်ပင်ကျောက်ဖြစ်ရုပ်ကြွင်းနှင့် ဆင်အံကျောက်ဖြစ်ရုပ်ကြွင်းပြကွက်များ ရှိပါသည်။

ဆင်အံကျောက်ဖြစ်ရုပ်ကြွင်းများအား မကွေးမြို့နယ်၊ ကျစ်ဆုံပွေးကျေးရွာအနီး (ဧရာဝတီကျောက်လွှာစု) မှ ရရှိသည်။ လွန်ခဲ့သော နှစ်ငါးသန်းမှ တစ်သန်းအတွင်း ကာလများမှဖြစ်သည့် ပလိုင်ယိုဆင်းခေတ်နှင့် ပလိုင်စတိုဆင်း ခေတ်ကာလတို့အတွင်း နို့တိုက်သတ္တဝါကြီးများ ပေါ်ပေါက်လာခဲ့သည်။ ယင်းတို့အထဲတွင် ရှေးဆင်ကြီးများလည်း ပါဝင်ခဲ့လေသည်။ ဖော်ပြပါ တိရစ္ဆာန်တို့သည် မြေလျှပ်ရှားမှုတစ်ခုခုတို့ကြောင့် မြေအောက်သို့ ရုတ်တရက် ကျွံကျနစ်မြုပ်နေရင်းဖြင့် နှစ်သန်းနှင့်ချီ၍ ကြာလာသောအခါ အဆိုပါ တိရစ္ဆာန်တို့၏ ထုံးခဲတတ်ဖြင့် ဖွဲ့စည်းထားသော အရိုးစု၏ ထုံးကလာပ်စည်းများနေရာတွင် သလင်းကလာပ်စည်းများ အစားထိုးဝင်ရောက်လာရာမှ ကျောက်ဖြစ်ရုပ်ကြွင်းများ ဖြစ်လာခဲ့ကြသည်။



အထက်ဖော်ပြပါ ပြကွက်များနည်းတူ ပြခန်းအတွင်း၌ လက်မှုအနုပညာဆိုင်ရာ အထောက်အကူပြကွက်များအဖြစ် ပန်းချီကားကြီးများ ချိတ်ဆွဲ၍ပြသထားပြီး အောက်ခြေတွင် ရုပ်လုံးရုပ်ကြွများဖြင့် သက်ဆိုင်ရာပန်းချီကားနှင့် ပူးတွဲ၍ ခင်းကျင်းပြသထားပါသည်။ ထို့အပြင် ထိုပြကွက်များအတွက် ပုဂံခေတ် ကပြဖျော်ဖြေမှု၊ သဗ္ဗညု ကြေးခေါင်းလောင်းသွန်းလုပ်ခြင်း၊ ပုဂံခေတ်စဉ့်လုပ်ငန်းနှင့် ပုဂံခေတ်အုတ်ထုတ်လုပ်ခြင်းဆိုင်ရာတို့အား ရှင်းလင်းချက်များဖြင့် ဖော်ပြထားပါသည်။

## ■ ပုဂံခေတ်ကပြဖျော်ဖြေမှု

ပုဂံခေတ်မတိုင်မီ ပျူခေတ်ကတည်းက ကပြဖျော်ဖြေမှုများရှိခဲ့ကြောင်း သရေခေတ္တရာမြို့ဟောင်း ဘုရားမာဘုရားအနီးမှတွေ့ရှိရသော ပျူတူရိယာနှင့် အကကြေးရုပ်တုငယ်လေးများက သက်သေခံပေသည်။ ပုဂံခေတ် ဂူဘုရားတိုင်း၌ပင် ကခုန်တီးမှုတ်နေဟန်ပုံများ တွေ့ရှိရပါသည်။ ဤပုံမှာ ပုဂံသရပါတံခါးအနီးတွင် ဘုရားဆင်းတုတစ်ဆူကို ဝေါယာဉ်ဖြင့်ပင့်လာပြီး ရှေ့တွင် တီးမှုတ်ကခုန်ဖျော်ဖြေနေဟန်ပုံများနှင့် လာရောက်ကြည့်ရှုသူများပုံတို့ကို သရုပ်ဖော်ရေးဆွဲထားပါသည်။

## ■ သဗ္ဗညုကြေးခေါင်းလောင်းသွန်းလုပ်ခြင်း

မြန်မာ့ဘာသာရေးအဆောက်အအုံများ၌ ခေါင်းလောင်းကို ကျက်သရေဆောင် အထိမ်းအမှတ်အဖြစ် ချိတ်ဆွဲထားလေ့ရှိပါသည်။ ကျောက်စာမှတ်တမ်းများအရ ရှေးမြန်မာဘုရင်များသည် ကြေးခေါင်းလောင်းကြီးများကို သွန်းလုပ်လှူဒါန်းခဲ့ကြကြောင်း သိရပါသည်။ ပုဂံခေတ် အလောင်းစည်သူမင်းကြီးလက်ထက် (အေဒီ ၁၁၁၃–၁၁၆၃) တွင် ကြေးခေါင်းလောင်းနှစ်လုံးကို သဗ္ဗညုနှင့် ရွှေဂူကြီးဘုရားတို့တွင် လှူဒါန်းခဲ့ပါသည်။ သဗ္ဗညုဘုရားကြီး၏ အရှေ့တောင်ဘက်တွင် ခေါင်းလောင်းချိတ်ဆွဲခဲ့သော လေးထောင့်ကျောက်တိုင်ကြီးနှစ်တိုင် ရှိပြီး ကျောက်ဆစ်ပန်းပုလက်ရာများဖြင့် တန်ဆာဆင်ထားသည်ကို မြင်တွေ့နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သဗ္ဗညုခေါင်းလောင်းကြီးကို ကြေးစင်ပိဿာတစ်သောင်းဖြင့် သွန်းလုပ်ခဲ့ပြီး အလောင်းစည်သူမင်းကြီး၏အဘိုး ကျန်စစ်သားမင်းလှူဒါန်းခဲ့သော ခေါင်းလောင်းငါးလုံးထက် အရွယ်အစားပိုမိုကြီးမားကြောင်း သိရပါသည်။ ကြေးခေါင်းလောင်းသွန်းလုပ်ရာတွင် ရှေးဦးစွာ မြေနီ၊ ဖွဲကြမ်း စတင်လောင်းရသည်။ ထို့နောက် ဖယောင်းပုံကပ်ရပြီး ပန်းချီဒီဇိုင်းဖော်ရသည်။ ခေါင်းလောင်း သွန်းလုပ်ငန်းတွင် ဖယောင်းပုံသည်အဓိကကျပြီး ကြေးသွန်းရန် အဆင်သင့်ဖြစ်သောအခါ ဖယောင်းပုံကို မြေနှမ်ပါသည်။ ထို့နောက် ဖယောင်းများ အရည်ပျော်ကျ၍ ပုံတိုက်ပြီးသည်အထိ ကြေးသွန်းပါသည်။


## ■ ပုဂံခေတ်စဉ့်လုပ်ငန်း

အေဒီ ၁၀ ရာစုၡ် ကျွဲနားတောင်းဘုရားနှင့် အေဒီ ၁၁ ရာစု စဉ့်စေတီတို့မှာ တစ်ဆူလုံး စဉ့်သုတ်အုတ်များနှင့် တည်ထားခဲ့သည်။ ပုဂံ၏တောင်ဘက် မြင်းကပါရွာတစ်ဝိုက်တွင် စဉ့်ဖိုများကို တွေ့ရှိရသည်။ အာနန္ဒာဘုရားတွင် စဉ့်ကွင်းဇာတ်တော်များ များစွာတန်ဆာဆင်ထားသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။ ပုဂံတွင် စဉ့်ကွင်းချပ်များနှင့် တန်ဆာဆင်သော ဘုရားပေါင်း ၂၇ ဆူ ရှိပါသည်။

ကျောက်ပြားပေါ်စဉ့်သုတ်သော စဉ့်လက်ရာရှိသော ဘုရားလေးဆူ ပုဂံတွင်ရှိပါသည်။ စဉ့်ရောင်များမှာ အစိမ်းပုပ်၊ အစိမ်းနု၊ အဖြူရောင်၊ အညိုရောင်၊ အဝါရောင်များ ဖြစ်ပါသည်။

## ■ ပုဂံခေတ်အုတ်ထုတ်လုပ်ခြင်း

အုတ်ဟူသောစကားသည် အင်ဒို–အာရိယန်မှ ပေါက်ဖွားလာသည်။ အုတ်ကို အသုံးပြုမှုသည် ဗုဒ္ဓဘာသာနှင့်အတူ အိန္ဒိယမှရောက်ရှိလာခဲ့ပါသည်။ မြန်မာနိုင်ငံတွင် အုတ်ဖုတ်ခြင်း အတတ်ပညာကို ရှေးပျူလူမျိုးတို့ကပင် စတင်အသုံးပြုလုပ်ဆောင်ခဲ့ကြောင်း တွေ့ရသည်။ လက်စင်းရာပါသော အုတ်များသည် ပျူတို့၏လက်ရာ မှန်ကန်ကြောင်း အထောက်အထားသက်သေပြချက်ပင်ဖြစ်သည်။ အစောဆုံးအုတ်ဖြင့် ပြုလုပ်သော အဆောက်အအုံများကို တကောင်း၊ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ မိုင်းမော၊ ပုဂံစသည့် ပျူတို့အခြေချနေထိုင်ရာ မြန်မာနိုင်ငံအနှံ့အပြားတွင် တွေ့ရှိနိုင်သည်။ ပုဂံခေတ်အုတ်များတွင် အုတ်ဖုတ်သော ဒေသအမည်၊ အုတ်ဖုတ်သောသူအမည်များ တွေ့ရတတ်ပါသည်။ ပုဂံခေတ်အုတ်များသည် အရည်အသွေး အလွန်ကောင်းပါသည်။




www.burmeseclassic.com

www.burmeseclassic.com



# ပုဂံခေတ်ဗိသုကာပြခန်း

ပုဂံဒေသတစ်ဝိုက်သည် ၁၉ စတုရန်းမိုင်ခန့် အကျယ်အဝန်းရှိပြီး ရှေးဟောင်း သာသနိကအဆောက်အအုံများကို အများအပြားတွေ့ရှိနိုင်ပါသည်။ ထို သာသနိကအဆောက်အအုံများကို ဗိသုကာပိုင်းမှကြည့်၍ ခွဲခြားလေ့လာနိုင်ပါသည်။ ထို့ကြောင့် ထူးခြားသော ဗိသုကာလက်ရာများဖြင့် ထင်ရှားသောစေတီ၊ ပုထိုးများအား ပုံစံငယ်များပြုလုပ်၍ လေ့လာနိုင်ရန် ပြသထားပါသည်။ ထို့ပြင် ပုဂံဒေသတစ်ဝိုက်ရှိ စေတီ၊ ပုထိုးများအား ဖော်ပြထားသော မြေပုံငယ်တစ်ခုကိုလည်း ခင်းကျင်းပြသထားသည်။ ပုဂံဒေသတစ်ဝိုက်သို့ သွားရောက်လည်ပတ်လေ့လာရာတွင် များစွာအထောက်အကူရရှိစေမှာဖြစ်ပါသည်။ ပုဂံခေတ် ဗိသုကာပိုင်းနှင့်ပတ်သက်၍လည်း အမျိုးအစားများ ခွဲခြားခြင်းဆိုင်ရာတို့ကို စာဖြင့်လည်းကောင်း၊ သရုပ်ပြပုံဆွဲ၍လည်းကောင်း ပြထားပါသည်။

ပုဂံဒေသတစ်ဝိုက်ရှိ သာသနိကအဆောက်အအုံများအား အဓိကအားဖြင့် နှစ်မျိုးခွဲနိုင်ပါသည်။

(၁) ထုထည်ဂင်းပိတ်ပုံစံ (Solid type)

(၂) လိုဏ်ခေါင်းပါပုံစံ (Hollow type) ဟူ၍ နှစ်မျိုးခွဲခြားနိုင်ပါသည်။

ထိုအမျိုးအစားနှစ်မျိုးအား ထပ်မံအသေးစိတ်ခွဲခြားပါမူ အောက်ပါအတိုင်း တွေ့ရပါသည် –

၁။ **ပထမအမျိုးအစား**

(က) သီဟိုဠ်ပုံစေတီများ

(ခ) အောက်ခြေအဝိုင်းခံစေတီများ

(ဂ) အောက်ခြေလေးထောင့် ပစ္စယာခံသောစေတီများ

(ဃ) ခေါင်းလောင်းပုံမပါသော လုံးစောက်သော ပုဂံခေတ်ဦးပိုင်းစေတီများ

၂။ **ဒုတိယအမျိုးအစား**

(က) လိုဏ်နှစ်ဆင့်၊ သုံးဆင့်၊ လေးဆင့်ဂူဘုရားကြီးများ

(ခ) လိုဏ်တစ်ထပ်ဂူဘုရားများ

(ဂ) သီဟိုဠ်ပုံပေါက်ဂူဘုရားများ

(ဃ) ခေါင်းလောင်းပုံပေါက်ဂူဘုရားများ



(င) ကွမ်းတောင်ပေါက်ဂူဘုရားများ

(စ) မဟာဗောဓိပုံကွမ်းတောင်ပေါက်ဂူဘုရားများ

(ဆ) ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် စာသင်တိုက်ကြီးများ

(ဇ) အုတ်၊ ပြာသာဒ်ကျောင်းများ

(ဈ) ကြေးဂူတိုက်နှင့် အခြားအမည်မဖော်နိုင်သော ဘာသာပတ်သက်သည်အဖိပါသော အဆောက်အအုံများ

(ည) သိမ်များ

(ဋ) ဥမင်များ

(ဌ) ကျောက်စာဂူများ

(ဍ) မုခ်တစ်ခုသာရှိသော အစောင့်တိုက်ငယ်များ

(ဎ) ငါးမျက်နှာဘုရားများ

(ဏ) ဂန္ဓကုဋိတိုက်များဟူ၍ ခွဲခြားနိုင်ပါသည်။

ထို့ပြင် အမိုးပေါင်းကူးများမှာလည်း ဘုရားတစ်ဆူနှင့်တစ်ဆူ ကွဲပြားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် အမိုးပေါင်းကူးများကို သီးသန့်အားဖြင့် လေ့လာနိုင်ပါသည်။

(၁) မျက်နှာချင်းဆိုင်တိုးစီပေါင်းကူး

(၂) စုထိုးပေါင်းကူး

(၃) အုန်းလက်ပေါင်းကူး

(၄) ရောင်ခြည်ဖြာပေါင်းကူး

(၅) မှီပေါင်းကူး

(၆) လိပ်ပြာတောင်ပေါင်းကူး

(၇) နှစ်ထပ်ပေါင်းကူးဟူ၍ ပေါင်းကူးအမျိုးအစားအမျိုးမျိုးကို ခွဲခြားလေ့လာနိုင်သည်။

ပုဂံခေတ် ဗိသုကာပြခန်းတွင် ဗိသုကာပုံစံအမျိုးမျိုးရှိ ဘုရား–ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဂူများစသည်တို့၏ ပုံစံငယ်များကို ပြသထားသည်။

www.burmeseclassic.com

www.burmeseclassic.com



## ■ လောကနန္ဒာ

**တည်နေရာ**

သီရိပစ္စယာရွာအနီး၌ တည်ရှိသည်။

**အလှူရှင်**

အနော်ရထာ

**ခုနှစ်**

အေဒီ ၁၀၅၈

**သမိုင်းကြောင်း**

သီဟိုဠ်ဘုရင်ပေးပို့ခဲ့သည့် ဂေါတမမြတ်စွာဘုရားသခင်၏ စွယ်တော်ကို ဌာပနာ၍ ကိုးကွယ်ထားရှိခဲ့သည်ဟု ဗုဒ္ဓဘာသာဝင်များ ယုံကြည်ကြသည်။

ဗိသုကာလက်ရာ

လောကနန္ဒာသည် ထုထည်ဂင်းပိတ်ပုံစံဖြစ်သည်။ အောက်ခြေတွင် ပစ္စယာသုံးဆင့် ပါဝင်ပြီး ခေါင်းလောင်းပုံပေါက်စေတီအမျိုးအစားဖြစ်သည်။ ခေါင်းလောင်းပုံစံများမှာ ရှေးကျသည့် သရေခေတ္တရာမြို့ဟောင်းမှ ဘောဘောကြီးဘုရား၊ ဘုရားမာ၊ ဘုရားကြီးစသည့် ပျူစေတီများနှင့် အခြေခံအားဖြင့် ပုံစံတူပါသည်။

## ■ ပိဋကတ်တိုက်

**တည်နေရာ**

သဗ္ဗညုဘုရား၏အရှေ့မြောက်ဘက်တွင်ရှိသည်။

**အလှူရှင်**

အနော်ရထာမင်း

**ခုနှစ်**

အေဒီ ၁၀၅၈

**သမိုင်းကြောင်း**

ပုဂံပြည့်ရှင် အနော်ရထာမင်းမြတ်သည် သုဝဏ္ဏဘူမိသထုံပြည်ကို အောင်နိုင်ခဲ့ပြီး ဆင်ဖြူသုံးကျိပ်နှစ်စီးဖြင့် သယ်ဆောင်ယူလာခဲ့သည့် ပိဋကတ်သုံးပုံတို့ကိုထားရှိရန် တည်ဆောက်ခဲ့သည်ဟု အစဉ်အလာပြောကြားခဲ့သည်။



**ဗိသုကာလက်ရာ**

ပိဋကတ်တိုက်သည် အရှေ့ဘက်မျက်နှာမှာ အဝင်တံခါးပေါက်ရှိပြီး အုတ်လှေကားသုံးခုဖြင့် တည်ဆောက်ထားပြီး အခြားတစ်ဖက်တစ်ချက်တွင်ကား လှပတင့်တယ်သော ကျောက်ဇာပြတင်းသုံးချပ်စီကို အတွင်းပတ်လမ်း အလင်းရောင်နည်းစေရန် စီမံထားသည်။ ပုဂံခေတ်ဂူဘုရားများကဲ့သို့ အလယ်ဘုရားခန်းနှင့် အတွင်းလိုဏ်ပတ်လမ်းကို စီမံထားသည်။ ကျောက်ဆစ်ပန်းတမော့လက်ရာအနေဖြင့် ကျောက်ဇာပေါက်ပြတင်းများထဲတွင် ခြသေ့်လည်ပြန်ဟန်ပုံပါသော ကျောက်ဆစ်လက်ရာသည် အထူးကောင်းမွန်လှသည်။ ခရစ်နှစ် ၁၇၈၃ ခုနှစ် ဘိုးတော်ဘုရားလက်ထက်တွင် အမိုးစွန်း ချင်မိတ်တိုးထောင့်များ၌ ဒေါင်း၏ရင်အုပ်သဏ္ဌာန် အင်္ဂတေ ဒုယင်ပန်းများဖြင့် မွမ်းမံခြယ်လှယ် တည်ဆောက်ခဲ့သည်။ ပိဋကတ်တိုက်၏ အမြင့်မှာ ပေ ၆၀ ခန့်မျှရှိပြီး အကျယ်အဝန်းမှာ ၅၁ ပေ စတုရန်းရှိသည်။

အဆောက်အအုံ၏ ဗိသုကာလက်ရာထူးခြားချက်မှာ အမိုးအဆင့်ငါးဆင့်ဖြင့် ယင်းအထက်တွင် ထုပိကာထားရှိသည့် သစ်သားပြာသာဒ်ပုံသဏ္ဌာန်ကို အုတ်ဖြင့် သရုပ်ဖော်တည်ဆောက်ထားခြင်းပင် ဖြစ်သည်။

## ■ သဗ္ဗညု

**တည်နေရာ**

ပုဂံမြို့ဟောင်းအတွင်း၌ တည်ရှိသည်။

**အလှူရှင်**

အလောင်းစည်သူမင်း

**ခုနှစ်**

အေဒီ ၁၁၄၄

**သမိုင်းကြောင်း**

သဗ္ဗညုဟူသောအမည်သည် ဘုရားရှင်၏ အလုံးစုံသိမြင်သော သဗ္ဗညုတဉာဏ်တော်ကို ရည်စူးဟန်ရှိသည်။ ဝတ်ပြုကိုးကွယ်ရန်သက်သက်မဟုတ်ဘဲ ရှေးအခါက သံဃာတော်များကို ပရိယတ္တိစာဝါလေ့လာရန်နှင့် ပိဋကတ်တိုက်သဖွယ် အသုံးပြုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



**ဗိသုကာလက်ရာ**

ပုဂံရှိဘုရားပုထိုးများအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်ပြီး ဉာဏ်တော်အမြင့် ဖိနပ်တော်မှ အထွတ်အထိ ၂၀၁ ပေရှိသည်။ ပုဂံခေတ် ရှေးဟောင်းအဆောက်အအုံ ပုံစံများ၏ အဓိကပုံစံနှစ်မျိုးဖြစ်သည့် ထုထည်အပိတ်နှင့် လိုဏ်ခေါင်းပါပုံစံနှစ်မျိုးအနက် လိုဏ်ခေါင်းပါ လိုဏ်လေးဆင့် ဂူဘုရားကြီးဖြစ်သည်။ အုတ်စီလက်ရာ အထူးကောင်းမွန်လှသည်။ အပေါ်ထပ်ဆင်းတုကြီးရှိရာ နံရံများတွင် အုတ်များကို အလျားလိုက်တစ်လှည့်၊ ဒေါင်လိုက်တစ်လှည့် စီထားသည်။ ဆင်းတုကြီး၏ ဂန္ဓကုဋီအမိုးပေါင်းကူးသည် အုန်းလက်ပေါင်းကူးဖြစ်ပြီး သစ်သား၊ သံ လုံးဝမပါဝင်ဘဲ အုတ်များကိုသာအသုံးပြုပြီး လိုဏ်ပုံလုပ်ထားသည်မှာ ချီးကျူးဖွယ်ရာ ဗိသုကာလက်ရာဖြစ်သည်။ ထောင့်တိုင်းတွင် ကျောက်များကို ကျင်တွယ်ပုံထွင်း၍ ခိုင်မာအောင်ထည့်သွင်းထားခြင်း ပေါင်းကူးတိုင်းလိုလို၌ သံကျောက်များညှပ်၍ စီထားခြင်းကို တွေ့ရသည်။

■ **ဗူးဘုရား**

**တည်နေရာ**

ပုဂံမြို့ရိုး အနောက်မြောက်ထောင့် ဧရာဝတီမြစ်ကမ်းပါးအနီး တည်ရှိသည်။

**အလှူရှင်**

ပျူစောထီးမင်း

**ခုနှစ်**

အေဒီ ၃ ရာစု

**သမိုင်းကြောင်း**

ပုဂံရာဇဝင်အရ ပုဂံမင်းဆက်၌ ပထမဆုံးထီးနန်းစိုးစံခဲ့သည့် သမုဒ္ဒရာဇ်မင်းလက်ထက် ပေါ်ပေါက်လာသော ကျားကြီး၊ ရှူးပျံကြီး၊ ဝက်ကြီး၊ ငှက်ကြီးနှင့် ဗူးပင်ကြီးတို့ကို လေးမြားဖြင့် ပစ်၍နှိမ်နင်းသည့် အထိမ်းအမှတ်အဖြစ် ပျူစောထီးဘုရင်က ဗူးပင်များနှိမ်နင်းအောင်မြင်သောနေရာ၌ ဤ ဗူးဘုရားကို တည်ထားကိုးကွယ်ခဲ့သည်။



**ဗိသုကာလက်ရာ**

ပုဂံတွင် ခေါင်းလောင်းပုံစေတီမပေါ်မီက ပျူခေတ်စေတီပုံစံဖြစ်သော အထက်ကား၊ အောက်ရှူးပုံသဏ္ဌာန်ရှိ စေတီများကို တည်ထားကိုးကွယ်ကြသည်။ ပုံစံအားဖြင့် ဗူးဘုရား၊ ငကျွဲနားတောင်း၊ ပေါက်ပင်ရာစေတီနှင့် ထူပါလေးဆူတန်းဘုရားများ ဖြစ်ကြသည်။ ဗူးဘုရား၏ပုံသဏ္ဌာန်မှာ ပျူခေတ်တွင်တည်ထားလေ့ရှိသော အဆင်တန်ဆာမပါ ရှေးဦးစေတီအမျိုးအစားပင်ဖြစ်သည်။

■ **လေးမျက်နှာအုတ်ကျောင်း**

**တည်နေရာ**

မင်းနန်သူရွာ၏မြောက်ဘက်တွင် တည်ရှိသည်။

**အလှူရှင်**

အမတ်ကြီး အနန္တသူရမောင်နှံ

**ခုနှစ်**

အေဒီ ၁၂၂၃ ခုနှစ်

**သမိုင်းကြောင်း**

အမတ်ကြီး အနန္တသူရမောင်နှံရေးထိုးခဲ့သော ကျောက်စာအရ တရားနာပရိသတ်တို့ စည်းဝေးရန်အတွက် ကျောက်အုတ်ခုံတို့ဖြင့် တည်ဆောက်ထားသော ဓမ္မသာလာအဆောက်အအုံဖြစ်ကြောင်း ပါရှိသည်။

ဗိသုကာလက်ရာ

လေးမျက်နှာအုတ်ကျောင်းတွင် တရားဟောအုတ်ခုံပလ္လင်ခုံ၊ ရှေ့ဝင်ပေါက် နှစ်ပေါက်၊ ဘေးဝင်ပေါက် နှစ်ပေါက်၊ ကျောက်ဇာပေါက်ပြတင်းနှင့် အုတ်ခုံလှေကား သုံးခုတို့ဖြင့် တည်ဆောက်ထားသည်။

အုတ်ကျောင်း၏အပြင်အရှေ့ဘက်နံရံတွင် ဓမ္မသာလာဆောင် သစ်သားအဆောက်အအုံ၏ အမိုးနှစ်ဆင့်အရာများကျန်ရှိပြီး လှပသော အင်္ဂတေပန်းလက်ရာများဖြင့် တန်ဆာဆင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ခမ္ဘသာလာဆောင်တွင် အောက်ခြေအုတ်ခုံလေ့ကားသုံးခုကို ကျောက်ဖြင့်တည်ဆောက်ထားပြီး ရှေးယခင်က အပေါ်ပိုင်းအဆောက်အအုံကို သစ်သားတိုင်နှင့် အုတ်ကြွပ်မိုးများ အသုံးပြုထားသည်ဟု ယူဆရသည်။ အုတ်ကျောင်းအတွင်းတွင် အလယ်ဘုရားခန်းနှင့် စကြံပတ်လမ်းရှိပါသည်။

■ **ဆပဒ**

**တည်နေရာ**

ညောင်ဦးမြို့ အနော်ရထာလမ်းဆုံ၌ တည်ရှိသည်။

**အလှူရှင်**

ဆပဒမဟာထေရ်

**ခုနှစ်**

အေဒီ ၁၁၉၁ ခုနှစ်

**သမိုင်းကြောင်း**

ပုသိမ်နယ်ဇာတိဖွား ဆပဒမဟာထေရ် တည်ထားကိုးကွယ်ခဲ့သည့် သီဟိုဠ်ပုံစေတီတစ်ဆူဖြစ်သည်။ ဆပဒသာမဏေငယ်သည် ခရစ်နှစ် ၁၁၈၁ ခုနှစ်တွင် သီဟိုဠ်သို့ကြွ၍ ဆယ်ဝါမျှသီတင်းသုံးကာ ခရစ်နှစ် ၁၁၉၁ ခုနှစ် ပုဂံသို့ ပြန်လည်ကြွရောက်ပြီး ဤစေတီကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

ဗိသုကာလက်ရာ

ဆပဒမဟာထေရ်တည်ထားကိုးကွယ်ခဲ့သော ထူပါယ်တစ်ဆူပင်ဖြစ်သည်။ သီဟိုဠ်ကျွန်းရှိ 'ထူပါရာမ'စေတီပုံစံ တည်ထားခဲ့ခြင်းဖြစ်သည်။ လေးထောင့်အုတ်ခုံ ရင်ပြင်စကြံအထက်တွင် ခေါင်းလောင်းပုံသဏ္ဌာန်စေတီ၊ ယင်းအထက်တွင် ဓာတုဂဗ္ဘ သို့မဟုတ် ဟာမိကခေါ် လေးထောင့်ပုံဓာတ်တော်တိုက်ရှိပြီး အထက်တွင်ထုပိကာ အထွတ်ကို တည်ထားသည်။

■ **အာနန္ဒာ**

**တည်နေရာ**

သရပါတံခါး၏ အရှေ့တောင်ဘက်တည်ရှိသည်။



**အလှူရှင်**

ကျန်စစ်သားမင်း

**ခုနှစ်**

အေဒီ ၁၀၉၁ ခုနှစ်

**သမိုင်းကြောင်း**

ထီးလှိုင်ရှင် ကျန်စစ်သားမင်းကြီးသည် ကောင်းမှုတော်တည်လိုသဖြင့် ပုံသဏ္ဌာန်ကို မည်ကဲ့သို့တည်ဆောက်ရမည်ဟု ရဟန္တာရှစ်ပါးအား မေးလျှောက်သောအခါ ဟိမဝန္တာရှိ နန္ဒမူလိုဏ်ဂူပုံစံကို ဖန်ဆင်းပြသဖြင့် နန္ဒမူလိုဏ်ဂူပုံစံအတိုင်းတည်ခဲ့ရာ နောင်အခါတွင် နန္ဒမူမှ နန္ဒာမှ အာနန္ဒာဟု ပြောင်းလဲခေါ်ဝေါ်လာကြောင်း မှတ်သားရသည်။

**ဗိသုကာလက်ရာ**

အခြေခံပန္နက်ပုံစံမှာ ကြက်ခြေခတ်ပုံသဏ္ဌာန်အဖြစ်တည်ရှိပြီး ပင်မတိုက်သည် တစ်ဖက်တစ်ချက်တွင် ပေ ၂၀၀ ခန့်ကျယ်၍ လေးထောင့်စပ်စပ်ပုံဖြစ်သည်။ လိုဏ်ပတ်လမ်းနှစ်လမ်းရှိပြီး အာရုံခံမုခ်လေးဖက်ပါသည်။ အာရုံခံမုခ်များမှာ အကျယ်အဝန်းညီမျှပြီးတိုက်မအောက် အနည်းငယ်နိမ့်သည်။ ပစ္စယာဆင့်များမှာ အမိုးလျှောတစောင်းဖြစ်သည်။ ဖိနပ်တော်မှ ငှက်မြတ်နားထိ ဉာဏ်တော် ၁၆၈ ပေရှိသည်။ အရပ်လေးမျက်နှာရှိ ဂန္ဓကုဋိတိုက်အတွင်း၌ ဉာဏ်တော် ၃၁ ပေရှိသော သစ်သားဆင်းတုလေးဆူရှိသည်။ အရှေ့နှင့် အနောက်မှာ မီးလောင်ပျက်စီး၍ တောင်နှင့် မြောက်ဘက်သာ မူလအတိုင်းကျန်ရှိသည်။

အာနန္ဒာဘုရားတွင် ကျောက်ဆစ်ပန်းတမော့ အင်္ဂတေပန်းတော့၊ စဥ္စကွင်းလက်ရာများသာမက သစ်သားပန်းပုလက်ရာ၊ ပန်းပဲလက်ရာ၊ ပန်းရံလက်ရာ၊ ပန်းချီလက်ရာစသည်ဖြင့် အနုလက်ရာမျိုးစုံကို ပြတိုက်တစ်ခုကဲ့သို့ လေ့လာနိုင်ပါသည်။

■ **တောဖော**

**တည်နေရာ**

ပုဂံမြို့ဟောင်းအတွင်း၌ တည်ရှိသည်။

**အလှူရှင်**

နားတောင်းများမင်း

www.burmeseclassic.com

www.burmeseclassic.com



**ခုနှစ်**

အေဒီ ၁၂၁၅ ခုနှစ်

**ဗိသုကာလက်ရာ**

အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဂယာရှိ မဟာဗောဓိပုံ ကွမ်းတောင်ပေါက် ဂူဘုရားပုံစံဖြစ်သည်။ ကုလားကျောင်းခံပြီး အထက်သို့ရှူးတက်သွားသော ကွမ်းတောင်ရှည်ဖြင့် တည်ထားသည့် ဂူဘုရားဖြစ်သည်။ ကွမ်းတောင်သည်အချိုးအစားပြေပြစ်ပြီး ကွမ်းတောင်ထိပ်၌ စေတီပေါက်ထားသည်။ လိုဏ်နှစ်ဆင့် ဂူဘုရားဖြစ်သည်။ ပုဂံမဟာဗောဓိဂူဘုရားသည် ဗုဒ္ဓဂယာရှိ မဟာဗောဓိဂူဘုရားထက် အနည်းငယ်ပိုမြင့်သည်။ ပုဂံ၌ အတွေ့ရနည်းသော ဂူဘုရားပုံစံဖြစ်သည်။ ထူးခြားသည်မှာ ကွမ်းတောင်မျက်နှာပြင်တစ်ခုလုံးတွင် မုခ်ကပ်ငယ်များ ပြည့်နက်လျက်ရှိပြီး ၎င်းမုခ်ကပ်ငယ်များအတွင်း၌ မတ်ရပ်၊ ထိုင်လျက်၊ လျောင်းလျက် ဆင်းတုရုပ်ပွားငယ်များ ၄၆၅ ဆူ ကျန်ရှိပါသည်။ ထို့ပြင် ရတနာဃရအဖြစ်သတ်မှတ်ထားသော ဘုရားကျောင်းဆောင်ကြီးမှာ ပုဂံခေတ်ဦးပိုင်း အဆောက်အအုံကြီးဖြစ်နေပြီး နှစ်နှစ်ရာခန့်စောသော အဆောက်အအုံကြီးဖြစ်သည်။

## ■ ဓမ္မရံကြီး

**တည်နေရာ**

အနော်ရထာလမ်းမကြီး၏ တောင်ဘက်၌ တည်ရှိသည်။

**အလှူရှင်**

နရသူမင်း

**ခုနှစ်**

အေဒီ ၁၁၇၀ ပြည့်နှစ်

**သမိုင်းကြောင်း**

နရသူမင်းကြီးသည် ဖခမည်းတော် အလောင်းစည်သူမင်းကြီးအား လုပ်ကြံသတ်ဖြတ် နန်းတက်ခဲ့ပြီးနောက် နောင်တတရားရရှိ၍ ကြီးစွာသောကုသိုလ်ကောင်းမှု ပြုလုပ်ရန် ရည်ရွယ်၍ ဓမ္မရံကြီးဘုရားကို တည်ထားခဲ့သည်ဟုဆိုသည်။



**ဗိသုကာလက်ရာ**

ပုဂံရှိ ဘုရားပုထိုးများအနက် ထုထည်ပမာဏအားဖြင့် အကြီးမားဆုံးဂူဘုရားဖြစ်သည်။ ဓမ္မရံကြီးသည် လိုဏ်ခေါင်းပါ လိုဏ်တစ်ထပ်ဂူဘုရားဖြစ်သည်။ ဓမ္မရံကြီးဘုရား၏ ထူးခြားချက်မှာ အုတ်စီလက်ရာ အထူးကောင်းမွန်ခြင်းဖြစ်သည်။ မြေသရွတ်နှင့် စီထားသော်လည်း အုတ်အစီးအနင်းကောင်းသဖြင့် ငလျင်ဒဏ်အကြိမ်ကြိမ်ခံရသော်လည်း ထိခိုက်မှုမရှိခဲ့ချေ။ အုတ်ဆက်များသည် အပ်ထိုးမရအောင် စေ့စပ်သေချာကောင်းမွန်လှသည်။

ပေါင်းကူးများ၊ နံရံထောင့်များတွင် သဲကျောက်များထည့်သွင်းကာ ကျင်တွယ်ပုံခုတ်လှီး၍ ယခုခေတ်သံကူကွန်ကရစ်ထည့်သကဲ့သို့ ထောင့်များတွင် မြှုပ်၍ထည့်ထားသည်။ ထောင့်လေးထောင့်တွင် နံရံနှစ်ခုကိုတွဲဆက်နေစေရန် ထောင့်ချုပ်ပေါင်းကူးကြီးများ ပြုလုပ်ထားသည်။ ဓမ္မရံကြီး၏ပန္နက်ပုံသည် အာနန္ဒာဘုရားကို အတုယူတည်ဆောက်ထားဟန်ရှိသော်လည်း အကြောင်းတစ်ခုခုကြောင့် အတွင်းလိုဏ်ပတ်လမ်းများကို ပိတ်ထားသည်ကို တွေ့ရသည်။

## ■ ဓမ္မရာဇိကစေတီ ■ ဓေျာတ်ဝှူဓမ်

**တည်နေရာ**

ညောင်ဦးမြို့အရှေ့ဘက် နှစ်မိုင်ခန့်တွင် တည်ရှိသည်။

**အလှူရှင်**

မြေညီထပ် (ကျန်စစ်သားမင်းလက်ထက်)

ပစ္စယာအထက်ပိုင်း (နရပတိစည်သူမင်း)

**ခုနှစ်**

အေဒီ ၁၁ ရာစုမှ ၁၂ ရာစုအတွင်း

**သမိုင်းကြောင်း**

အပေါ်ပိုင်း အဆောက်အအုံကို နရပတိစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့ပြီး အောက်ပိုင်းကျောက်အဆောက်အအုံမုခ်ကပ်များအတွင်းရှိ ပုံပန်းသဏ္ဌာန်များကို ကြည့်၍ ကျန်စစ်သားမင်း တည်ထားကိုးကွယ်ခဲ့သည်ဟု ယုံကြည်ယူဆကြသည်။

www.burmeseclassic.com

www.burmeseclassic.com




ဗိသုကာလက်ရာ

ကျောက်ဂူဥမင်သည် ပုဂံခေတ်တွင် ကျောက်အုတ်များဖြင့် တည်ဆောက်ထားရှိသော အဆောက်အအုံလေးဆူတွင် တစ်ဆူအပါအဝင်ဖြစ်သည်။

နံရံအပေါ်ပိုင်းတွင် ဘီလူးပန်းဆွဲတန်း၊ နံရံအောက်ပိုင်းတွင် ရွက်ချွန်းပုံပန်းထောင်များနှင့် တန်ဆာဆင်ပြီး အဝင်မုခ်ဝ ဝဲယာတို့တွင် အောက်ခြေ၌ ကုမ္ဘဏ်ပုံများနှင့် ကြာပန်းများကြားတွင် ကိန္နရီ-ကိန္နရာပုံ၊ ခြင်္သေ့၊ ကျား၊ ဆင်၊ ယုန်၊ နတ်စသောပုံများပါ ကျောက်အုတ်များစီပြီး ထွင်းထုထားရှိသည်။

ဗုဒ္ဓဆင်းတုတော်၏ နှစ်ဖက်ဘေးရှိ ဝင်ပေါက်မှ သဲကျောက်နံရံကို ထွင်းဖောက်ကာ ဥမင်လိုဏ်ခေါင်းများနှင့် တရားအားထုတ်ရန် အခန်းငယ်များဖြင့် တည်ဆောက်ထားသည်။




www.burmeseclassic.com

www.burmeseclassic.com



## ပုဂံခေတ်လူနေမှုဘဝပြခန်း

ပုဂံခေတ်လူနေမှုဘဝပြခန်းတွင် ပုဂံခေတ်က ယွန်းလုပ်ငန်း လုပ်ကိုင်နေပုံပန်းချီကား နှင့် သက်ဆိုင်ရာပစ္စည်းများအား ပြသထားသည်။ ထို့အတူ ပုဂံခေတ်က ကျေးရွာ နေလူမှုဘဝ ဘဝသရုပ်ဖော်ပြကွက်တွင်လည်း နေ့စဉ်အသုံးပြုသောပစ္စည်းများဖြစ်သည့် ဗိုင်းငင်၊ မောင်း ထောင်းလုပ်ငန်းသုံးပစ္စည်းများကို နောက်ခံပန်းချီကားချပ်ဖြင့်ပင် ပြသထားသည်။ ပုဂံခေတ် လယ်ယာလုပ်ငန်းခွင်ပြကွက်၊ ၁၁ ရာစု ပုဂံခေတ်သီရိပစ္စယာရွာအား နောက်ခံတန့်ကြည့် တောင်ကို ပန်းချီကားချပ်ဖြင့်ပုံဖော်၍ ကျေးလက်ဒေသ၏ လူနေမှုဘဝပုံရိပ်အား ထင်ဟပ်စေ ရန် ပုံစံငယ်များနှင့်အတူ နေ့စဉ်ကျေးရွာအတွင်း အရုဏ်ဦးမှသည် တစ်နေ့တာလှုပ်ရှားမှုကို ပေါ်လွင်စေရန် အသံစနစ်ဖြင့်လည်း သရုပ်ဖော်ပြသထားသည်။ ထို့အပြင် ပုဂံခေတ်ကာလမှ သည် ယနေ့တိုင် မြန်မာတို့ နေ့စဉ်စားသောက်လျက်ရှိသော ပုဂံခေတ်ထန်းလျက်ချက်လုပ်ငန်း၊ ယာဂုပွဲပန်းချီပြကွက် စသည်တို့နှင့်အတူ ပြခန်းအတွင်း ကင်းတားဆည်တည်ဆောက်နေပုံကို နောက်ခံပန်းချီနှင့် လုပ်ငန်းခွင်သုံးဆိုင်ရာ အသုံးအဆောင်များအား ပုံစံငယ်များဖြင့် သရုပ် ဖော်ပြကွက်အဖြစ် ဖန်တီး၍ပြသထားသည်။

### ■ ပုဂံခေတ် ယွန်းထည်လုပ်ငန်းသရုပ်ဖော်ပြကွက်

ပုဂံခေတ် ယွန်းထည်လုပ်ငန်းသရုပ်ဖော်ပြကွက်တွင် အနော်ရထာမင်း နန်းတော်ရာ တူးဖော်ရာမှရရှိသော ပုဂံခေတ် ၁၁ ရာစု ယွန်းလက်ရာပါရှိသော အိုးခြမ်းကွဲများ၊ မင်းနန်သူ တူးဖော်ရာမှရရှိသော အေဒီ ၁၂ ရာစု ပုဂံခေတ်ယွန်းခွက်များ၊ လေးမျက်နှာအုတ်ကျောင်းတူးဖော်ရာမှရရှိသော အေဒီ ၁၂ ရာစု ပုဂံခေတ်ယွန်းခွက်များ၊ ဒေါင်းပေါင်၊ ချိန်ခွင်ထည့်သော သေတ္တာ၊ ယွန်းတောင်း၊ ယွန်းကွမ်းအစ်များကို ပြသထားပြီး ပုဂံသူ၊ ပုဂံသားတို့ ယွန်းထည်လုပ်ငန်းပြုလုပ်ပုံ နောက်ခံပန်းချီနှင့်တကွ သရုပ်ဖော်ပြသထား ပါသည်။



## ယွန်းထည်လုပ်ငန်း

ယွန်းထည်သည် မြန်မာနိုင်ငံတွင် ပုဂံဒေသမှ အများဆုံးထွက်ရှိပြီး မုံရွာ၊ ကျောက် ကာ၊ ပြည်၊ စလေနှင့် ရှမ်းပြည်နယ်တို့မှလည်းထွက်ရှိသည်။ ယွန်းထည်လုပ်ငန်းများမှာ ရေ တကောင်း၊ ဇွန်း၊ ဆွဲချိုင့်၊ ဆွမ်းအုပ်၊ သပိတ်၊ ဆေးလိပ်ပြာခွက် အစရှိသောပစ္စည်းများကိုလည်း ထုတ်လုပ်လျက်ရှိသည်။ အမြင့်မြတ်ဆုံး ယွန်းလုပ်ငန်းအဖြစ် ကြီးမားသော မံဘုရားကြီးများကို လည်း ပြုလုပ်ပူဇော်ကြသည်။ လွှတ်တော် သို့မဟုတ် ခမ်းနားထည်ဝါသော ခန်းမကြီးများတွင် ခမ်းနားထည်ဝါသော တော်ဝင်ပစ္စည်းများအဖြစ် ခင်းကျင်းပြသထားလေ့ရှိသည်။

ယွန်းထည်လုပ်ငန်းလုပ်ကိုင်ရာတွင် ကုန်ကြမ်းပစ္စည်းများအဖြစ် အဓိကဝါးနှင့် သစ်စေးကို အသုံးပြုသည်။ သစ်စေးအမျိုးအစား သုံးမျိုးရှိသည်။ ရှမ်းပြည်၊ သီပေါနယ်မှ ထွက်ရှိသော အနက်ရောင်သစ်စေးမှာ အကောင်းဆုံးဖြစ်သည်။ ယနေ့တိုင် ယွန်းထည်ဖြင့် ပြုလုပ်ထားသော မံဘုရားများကို ဖူးတွေ့နိုင်သည်။ တောင်ငူမှထွက်ရှိသော အညိုရောင် သစ် စေးမှာ ဒုတိယတန်းစားဖြစ်ပြီး ရှမ်းပြည်နယ်နှင့် တောင်ငူမှထွက်ရှိသောအနီရောင်မှာ တတိယ တန်းစားဖြစ်သည်။ အဓိကကုန်ကြမ်းဖြစ်သော ဝါးမှာ မြန်မာနိုင်ငံနေရာအနှံ့အပြား၌ ပေါက် ရောက်ပြီး အများအားဖြင့် အလယ်ရိုးမ၊ အရှေ့ရိုးမ၊ အနောက်ရိုးမတောင်ကြီးများတွင် အများ အပြား ပေါက်ရောက်သည်။

## ယွန်းထည်ပြုလုပ်ပုံအဆင့်ဆင့်မှာ

ပထမဆုံးအနေဖြင့် ဝါးကိုနှီးဖြာပြီး ချောအောင်လုပ်ရသည်။ ၎င်းနောက် အချော သပ်ပြီးသော နှီးဖြင့် နှီးခွက်ဖြစ်အောင် ရက်လုပ်ရသည်။ လိုအပ်သောပုံစံရရှိစေရန် သစ်သား ပုံစံခွက်များကို အသုံးပြုလေ့ရှိသည်။

၎င်းနောက်နှီးခွက်ကို သစ်စေးရည်အကြမ်းတစ်ကြိမ်သုတ်ရသည်။ ထို့နောက် သရိုး ကိုင်သည်။ တချို့မှာ သစ်စေးနှင့် လွှစာမှုန့်ကိုရောထောင်း၍ ဖွဲပြာနှင့် ရောစပ်ပြီး သရိုးအဖြစ် အသုံးပြုသည်။

သစ်စေးသုတ် သရိုးကိုင်ရာတွင် ခြောက်သွေ့စေရန် သုံးရက် သို့မဟုတ် လေးရက် စောင့်ရသည်။ သစ်စေးခြောက်သွေ့သောအခါ ပွတ်ခုံပေါ်တင်၍ ချောမွေ့စေရန် ပွတ်ပေးရ သည်။ ထို့နောက် သစ်စေးတစ်ကြိမ်ထပ်မံသုတ်ပြီး ချောမွတ်လာစေရန် ပွတ်စင်ပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



ထပ်မံ၍ ပွတ်တိုက်ရပြန်သည်။ ထို့နောက် သစ်စေးတစ်ကြိမ်သုတ်ပြီး ကျောက်အနုစားနှင့် အချောကိုင်ရသည်။

ငင်းနောက် သစ်စေးအကောင်းစား အနက်ရည်သုတ်လိမ်းပြီး ပို၍ချောမွေ့စေရန် ကတွတ်ရွက်ကဲ့သို့သော ကြမ်းတမ်းသောအရွက်နှင့် ပွတ်တိုက်ရသည်။ ငင်းနောက် သစ်စေးအကောင်းစားနှင့် အရောင်တင်သည်။ ပြီးနောက် ယွန်းထည်အတွင်းပိုင်းကို ဟင်္သာပြဒါးအနီရောင်သုတ်သည်။ တချို့သစ်စေးအညိုရောင် သို့မဟုတ် အနီရောင်ကို သုံးကြသည်။ ငင်းနောက် ကညစ်နှင့် သရုပ်ဖော်ရေးဆွဲသည်။ ယင်းအဆင့်သည် အခက်ခဲဆုံးဖြစ်ပြီး မြန်မာ့ရိုးရာဟန်စစ်စစ်နှင့် ရေးဆွဲရသည်။ လိုအပ်သောအရောင်ရရှိစေရန် တစ်ရောင်စီကို ဝါဂွမ်း နှင့် သုတ်လိမ်းပြီး အရောင်ခြယ်ကြသည်။

## ■ ပုဂံခေတ် ကျေးရွာလူနေမှုထဝေထရုပ်ဖော်ပြခွတ်

ပုဂံခေတ် ကျေးရွာနေလူများ ဗိုင်းငင်ရာတွင် အသုံးပြုသော ရစ်၊ တစ်လွန်းထိုး၊ နှစ်လွန်းထိုး၊ တည်းလုံး၊ နုပ်နှင့် ဆန်ထောင်းရာတွင် အသုံးပြုသော မောင်းစသည်တို့ကို နောက်ခံပန်းချီနှင့်တကွ သရုပ်ဖော်ပြသထားပါသည်။

## ■ ပုဂံခေတ်လယ်ယာလုပ်ငန်းခွင် ထရုပ်ဖော်ပြခွတ်

အနော်ရထာမင်းလက်ထက် ကင်းတပ်မြို့ ၄၃ မြို့အနက် စုန်းမြို့ဟောင်းမှ ရရှိသော တောင်သူလယ်သမားသုံးပစ္စည်းများဖြစ်သော လှံသွား၊ တံစဉ်၊ ကွမ်းညှပ်၊ တူးရွင်း၊ ပုဆိန်၊ ဓားမတို့ကို တောင်သူလယ်သမားများလယ်ယာထွန်ယက်နေပုံ နောက်ခံပန်းချီနှင့်တကွ သရုပ်ဖော်ပြသထားပါသည်။

■ အေဒီ ၁၁ ရာစု အနော်ရထာမင်းကြီးလက်ထက် ကင်းတားဆည် တည်ဆောက်နေပုံ သရုပ်ဖော်ပြကွက်တွင် ဆည်ကြီးခုနစ်ဆည်ဖြစ်သော ဇော်ဂျီမြစ်၌ သုံးဆည် (နွားတက်ဆည်၊ ကွမ်းဆေးဆည်၊ ငပြောင်ဆည်) ပန်းလောင်မြစ်၌ လေးဆည် (ကင်းတားဆည်၊ ငနိုင်သေဥ်ဆည်၊ ပြောင်းပြာဆည်၊ ကျီးမည်းဆည်များ) အနက်မှ ကင်းတားဆည်တည်ဆောက်နေပုံကို နောက်ခံ ပန်းချီနှင့်အတူ ပလာစတာပုံတူဖြင့်ယှဉ်တွဲ၍ သဘာဝကျကျ သရုပ်ဖော်ပြသထားသည့်အပြင် ရှင်းလင်းချက်များဖြင့်လည်း ဖော်ပြထားပါသည်။



ဆည်ဆိုသည်မှာ မြစ်ရေကိုရပ်တန့်ဆီးစု၍ သိုလှောင်ထားသောအရာပင်ဖြစ်သည်။ ပုဂံခေတ် ရှေးမင်းများ ဆည်မြောင်းတည်ဆောက်ဖောက်လုပ်ပုံမှာ အဆီးအတားခိုင်မာလာအောင် မြစ်ကိုကန့်လန့်ဖြတ်ပြီး ကျောက်ပုံ ၁၀ တောင်လောက်ဖြင့် ပိတ်ခံသည်။ ငင်းကျောက်ထု ရေတိုက်၍အရာမယွင်းစေရန် အင်္ဂတေထု ၁၀ တောင်လောက်ဖြင့် ဆက်၍ခံသည်။ အဆိုပါ ကျောက်ထုနှင့် အင်္ဂတေရေစီး ရေတိုက်ဒဏ်ခံနိုင်စေရန် သစ်ရာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ထန်းပင်လုံးခြမ်းသားများကို လေးကွက်ကြားစီစိုက် တန်းရိုက်ပြီး နောက်တစ်ဆင့်ခံသည်။ ဤနည်းဖြင့် မြစ်ရေကိုစုလှောင်ကာ လိုရာသို့မြောင်းတူးပြီး သွယ်ယူသည်။ ရှေးအခါက ရေမြောင်းကို မြွေလိမ် မြွေကောက် ကွေ့ပတ်ဖောက်သည့်အတွက် ရေစီးနှုန်းထိန်းနိုင်သည့်အပြင် လမ်းပန်းဆက်သွယ်ရေးအနေဖြင့် လှေဖြင့် ကူးသန်းသွားလာနိုင်ခဲ့ကြသည်။

## ■ ၁၀ ရာစု သီရိပစ္စယာ ပုဂံရွာပြခွတ်

ပုဂံခေတ်က သီရိပစ္စယာရွာ၏ လူတို့နေထိုင်ခဲ့ကြသော အိမ်ပုံစံငယ်များ၊ ရွာသူရွာသားများ တစ်နေ့တာသွားလာလှုပ်ရှားနေပုံများကို နောက်ခံပန်းချီနှင့်အတူ အသံစနစ်ဖြင့်ပါ ထည့်သွင်းသရုပ်ဖော်ပြသထားပါသည်။

## ■ ပုဂံခေတ် ထန်းလျက်ချက်လုပ်ငန်းပြခွတ်

ပုဂံခေတ်က လူတို့ထန်းလျက်ချက်လုပ်နေပုံ ပန်းချီနှင့်တကွ ထန်းလျက်ချက်လုပ်နည်းအဆင့်ဆင့်ကို စာဖြင့်ရှင်းလင်း သရုပ်ဖော်ပြသထားပါသည်။

## ထန်းလျက်ချက်လုပ်ငန်း

ထန်းပင်မျိုးသည် ပူပြင်းခြောက်သွေ့သော ရာသီဥတုရှိသည့်ဒေသများ အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းတွင် ဖြစ်ထွန်းသည်။ ထန်းပင်၏သက်တမ်းသည် နှစ် ၁၅၀ မှ ၂၀၀ ထိရှိသည်။ ထန်းပင်၏အသီး၊ ပင်စည်နှင့် အရွက်အစိတ်အပိုင်းအားလုံး လူတို့အဖို့အသုံးဝင်သည်။ ထန်းသားသည် အတွင်းသားပျော့သော်လည်း အပြင်သားမာသဖြင့် အိမ်တိုင်၊ နွားစာခွက်၊ အိမ်ကြမ်းခင်းများပြုလုပ်ရန်နှင့် ထန်းရွက်ကို ယပ်တောင်၊ ဖျာ၊ တောင်း၊ ပလုံး၊ ဦးထုပ်များပြုလုပ်ရန်နှင့် အိမ်မိုးရန်သုံးသည်။ ထန်းတက်သမားသည် ထန်းလှီးဓား၊ မြေအိုး သို့မဟုတ် ဝါးကျည်တောက်၊ ရင်းထောင်၊ ရင်းဆွဲ (လှေကား)၊ ကလိုင်စသည့် ထန်းတက်ကိရိယာ

www.burmeseclassic.com



များ လိုအပ်သည်။ ထန်းနို့ကို နှစ်စဉ် ဖေဖော်ဝါရီလတွင် ယေဘုယျအားဖြင့် ရရှိနိုင်ပါသည်။

ထန်းရည်သည် ကျန်းမာရေးကောင်းစေပြီး နွေရာသီ၏အပူကိုခံနိုင်ပါသည်။ ထန်းရည်မှ အမျိုးမျိုးသောထုတ်ကုန်များကို ထုတ်လုပ်နိုင်ပါသည်။ ၎င်းထန်းရည်မှ ထုတ်လုပ်သော ထုတ်ကုန်များအနက် ထန်းလျက်သည် အဓိကထုတ်ကုန်ဖြစ်သည်။ ထန်းလျက်ချက်နည်းမှာ ပထမဆုံး ထန်းရည်ကိုရရှိရန် ထန်းနို့ကို ထုခြေပစ်ရသည်။ ဒုတိယအဆင့်အနေဖြင့် ထန်းနို့၏ထိပ်ပိုင်းကို နေ့စဉ်လှီးဖြတ်ပေးရသည်။ ဤကဲ့သို့ နေ့စဉ်လှီးပေးခြင်းဖြင့် ထန်းနို့မှ ထန်းရည်လိုက်လာသည်။ ထို့နောက် ထန်းရည်ကို မြေအိုး သို့မဟုတ် ဝါးကျည်တောက်ဖြင့် ခံယူကြသည်။ နောက်တစ်ဆင့်အနေဖြင့် ထန်းရည်ကို ကြီးသောအိုးထဲသို့ လောင်းထည့်ပြီး မီးနှင့်ကျိုရသည်။ ထိုသို့ ကျိုချက်ရာတွင် ထန်းပင်မှရသော ထန်းနို့ခြောက်၊ ထန်းသီးခွံ၊ ထန်းသီးစေ့အခွံစသည်တို့ကို လောင်စာအဖြစ်အသုံးပြုသည်။ ကျိုရာတွင် ညောင်စေးကျလာသည်အထိ မွှေပေးရသည်။ နောက်ဆုံးအအေးခံ၍ လိုချင်သည့်ပုံစံသွင်းရသည်။ ထန်းလျက်ခဲများရသောအခါ ခြောက်သွေ့အောင် ဖျာဖြင့်လှန်းရသည်။ ခြောက်ပြီး ထန်းလျက်များကို အိတ်သို့မဟုတ် တောင်းကြီးများဖြင့် သိုလှောင်ရောင်းချကြသည်။ ထန်းလျက်အား နှမ်းထန်းလျက်၊ အုန်းထန်းလျက်၊ ဆီးထန်းလျက် အစရှိသဖြင့် နှစ်သက်သည့် အရသာအမျိုးမျိုးရအောင် အုန်းသီး၊ ဆီးသီးများနှင့် ရောနှောထုတ်လုပ်သည်။ ထန်းလျက်သည် မုန့်ဆီကြော်၊ ဆနွင်းမကင်းစသော မြန်မာမုန့်များ ဖော်စပ်ရာ၌လည်း မရှိမဖြစ်ပါဝင်ရသည့် ပစ္စည်းဖြစ်သည်။ ထို့အပြင် ထန်းမြစ်အားဖုတ်၍၊ ပြုတ်၍ စားသုံးနိုင်သည်။ ထန်းလျက်ကို ရိုးရာထုံးတမ်းစဉ်လာအရ ဆေးအဖြစ် ကွမ်းရွက်နှင့်ပြုတ်သောက်ပါက ရာသီဖျားများအား ကုသနိုင်သည်။ ဆီဖြင့်ကြော်စားပါက ကလေးများအတွက် ဗိုက်နာပျောက်ကင်းသည်။ ထန်းလျက်သည် လူသာမက တိရစ္ဆာန်ဖြစ်သည့် ခွေးများအတွက်ပါ ဆေးအဖြစ်သုံးနိုင်သည်။ ထန်းလျက်သည် အညာကျေးလက်ဒေသတွင် အဓိကစားသုံးကြသော သရေစာအစားအစာတစ်မျိုးဖြစ်သည့်အပြင် မြန်မာတစ်နိုင်ငံလုံး နေရာအနှံ့အပြားတွင်လည်း ထန်းလျက်ကို စားသုံးလေ့ရှိကြသည်။

**■ ဆင်ဖြူရှင်ကျောင်းတိုက် ပုံစံငယ်ပြကွက်**

ပုဂံတွင် ထေရဝါဒဗုဒ္ဓတက္ကသိုလ်ခြောက်ခုရှိသည့်အနက် တစ်ခုဖြစ်သော ဆင်ဖြူရှင်ကျောင်းတိုက် ပုံစံငယ်ကို ပြသထားသည်။ ဤကျောင်းတိုက်ကြီးအတွင်း၌ ရှေးဟောင်းအဆောက်အအုံပေါင်း ၄၇ ခုရှိပြီး ယင်းအဆောက်အအုံများတွင် စေတီ၊ ဂူ၊ ပုထိုး၊ သိမ်၊



ထေရ်ကြီးကျောင်း၊ သံဃာဆောင်များနှင့် ရေတွင်း၊ ရေကန်တို့ပါဝင်ပြီး အုတ်တံတိုင်းနှစ်ထပ်ကာရံထားသည်။

■ တပို့တွဲလ ယာဂုပွဲနှင့် မီးဖုံးသဘင်ပွဲကျင်းပပုံကို အထောက်အကူပြု ပန်းချီကားချပ်နှင့်အတူ စာဖြင့်လည်း လေ့လာဖတ်ရှုနိုင်ရန် ရှင်းလင်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် တစ်နှစ်ပတ်လုံး ပွဲတော်များနှင့် ပြည့်နှက်နေသည်။ ယာဂုပွဲနှင့် မီးဖုံးပွဲသဘင်သည် သာယာသောရာသီဥတုရှိသည့် နိုဝင်ဘာလနှင့် ဖေဖော်ဝါရီလအကြားတွင် ကျရောက်သည်။ ယာဂုသည် ပါဠိဘာသာစကားဖြစ်သည်။ ယာဂုကို ယခုအခါ ဆန်ပြုတ်ဟုခေါ်သည်။

ဒုတိယပွဲတော်တစ်ခုကို မီးဖုံးပွဲဟုခေါ်သည်။ မြတ်စွာဘုရား သက်ရှိထင်ရှားရှိစဉ်အခါက ရာဇဂြိုဟ်ကဲ့သို့ အလွန်အေးသောဒေသတွင် သီတင်းသုံးရချိန်၌ ခြေဖျား၊ လက်ဖျားမီးကင်နိုင်စေရန်ရည်ရွယ်၍ အမွှေးနံ့သာထင်းများဖြင့် မီးဖိုကာပူဇော်ခဲ့ကြသည်။ ၎င်းဓလေ့ကို မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီး နောက်ပိုင်းတွင်လည်း မြတ်စွာဘုရားအားရည်မှန်း၍ ဆက်လက်ကျင့်သုံးဆောင်ရွက်ကြခြင်းဖြစ်သည်။ ပုဂံခေတ်မှသည် ယနေ့တိုင် အချို့အရပ်များတွင် ဆောင်ရွက်နေဆဲဖြစ်သည်။ ပွဲတော်ကို တပို့တွဲလပြည့်နေ့တွင် ကျင်းပကြသည်။ ၎င်းနေ့တွင် ဗုဒ္ဓရုပ်ပွားတော်များကို အလင်းရောင်ဖြင့် ကိုးကွယ်ဆည်းကပ်သည့်အနေဖြင့် မီးပုံပွဲဖြင့် ပူဇော်ကြသည်။ တပို့တွဲလပြည့်နေ့သည် အအေးပိုသောနေ့တစ်နေ့ဖြစ်ရာ ၎င်းနေ့နံနက်စောစောတွင် မီးဖို၍ မြတ်စွာဘုရားအား ရည်စူးပူဇော်သည်။ ထို့အပြင် ယာဂုကိုပါ ဘုရားအားရည်စူး၍ ကပ်လှူသည်။ ၎င်းဓလေ့သည် ယနေ့တိုင်ထင်ရှား၍ ရိုးရာမပျက်ကျင်းပဆဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ပုဂံခေတ်စာပေပြခန်း





## ပုဂံခေတ်စာပေပြခန်း

ပုဂံခေတ်စာပေပြခန်း၌ မြန်မာစာပေသမိုင်းတွင် အရေးကြီးဆုံးအခန်းမှပါဝင်သော ပါဠိ-ပျူ-မွန်-မြန်မာ လေးဘာသာဖြင့်ရေးထိုးထားသည့် မြစေတီကျောက်စာမူရင်းကိုပြသထားသည်။ နံဘေးနံရံတွင် မူလစာလုံးပေါင်းစကားပြေအတိုင်း ခေတ်အက္ခရာနှင့်ယှဉ်ထားသောအရေးအသားနှင့် ခေတ်စကားပြေအတိုင်း ဆီလျော်အောင်ရေးသားထားသော ဘာသာပြန်ဆိုချက်တို့ကို အထူးစီစဉ်ပြသထားပါသည်။ ထို့ပြင် ရှေးဟောင်းမြန်မာအက္ခရာသမိုင်းပြကွက်တွင် မြန်မာအက္ခရာဇယားချပ်ကြီးသည် စာပေသမိုင်းသုတေသီတို့အတွက် များစွာတန်ဖိုးရှိလှပါသည်။ ပလ္လဝမင်းနှင့် ကဒမ္ဗတို့ခေတ်တိုင်အောင် အေဒီ ၅ ရာစုအထိ အက္ခရာအရေးအသားကို အဆင့်ဆင့်ပြထားသည်။ ထို့နောက် မှော်ဇာ ခင်ဘကုန်းမှရရှိသော ရွှေပေလွှာများမှ ပါဠိစာနှင့် မောင်းကန်ရွှေပေလွှာမှ ပါဠိစာများကို အေဒီ ၅-၆ ရာစုအက္ခရာအဖြစ်အဆင့်ဆင့်ပြထားသည်။ ဆက်လက်၍ ပုဂံခေတ် အနော်ရထာမင်းလက်ထက် လက်ရေးပါဠိစာနှင့် မြစေတီကျောက်စာမှ ပါဠိ-ပျူ-မွန်-မြန်မာ လေးဘာသာအက္ခရာများအထိ အဆင့်ဆင့်ပြောင်းလဲလာပုံကို ဇယားဖြင့်ပြသထားသည်။ ထို့အတူ ပုဂံခေတ် မြန်မာအက္ခရာဗျည်း၊ သရနှင့် ဂဏန်းတို့ကိုလည်း ဇယားချပ်များဖြင့် သီးခြားပြသထားပါသည်။

ထို့မှုမက ပျူခေတ်၊ ပုဂံခေတ်တို့တွင် စာပေအရေးအသား မည်၍မည်မျှထွန်းကားခဲ့ပုံ၊ မည်သို့သောပစ္စည်းများဖြင့် စာပေရေးသားခဲ့ပုံကို ပြသထားသည်များလည်း စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ ကျောက်တုံး၊ ကျောက်ပြားပေါ်တွင် ရေးထိုးသောကျောက်စာများ၊ အုတ်ခဲများပေါ်တွင် ရေးထိုးထားသော အုတ်ချပ်စာများ၊ အုတ်ခွက်များပေါ်တွင်ရေးထိုးသော အုတ်ခွက်စာများ၊ နံရံများပေါ်တွင်ရေးသော နံရံမင်စာများ၊ ခဲပြားပေါ်တွင်ရေးသော ခဲပြားစာများ၊ ပေရွက်များပေါ်တွင်ရေးသော ပေစာများ၊ သစ်သားပြားပေါ်တွင်ရေးသော သစ်သားပြားစာများနှင့် မြေတံဆိပ်များကို စီစဉ်ခင်းကျင်းပြသထားပါသည်။ ပုဂံခေတ်တွင် မြန်မာစာပေအရေးအသားသာမက မွန်ဘာသာ စာပေအရေးအသားသည်လည်း အဓိကပါဝင်နေသောကြောင့် ပြယုဂ်တစ်ခုအဖြစ် ကျန်စစ်သားမင်းကြီး၏ နန်းတည်ရှေးမွန်ကျောက်စာနှင့် အမိန့်တော်ပြန်တမ်း မွန်ကျောက်စာတို့ကိုလည်း မြန်မာဘာသာပြန်များနှင့်ယှဉ်တွဲ၍ ပြသထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ပုဂံနန်းမြို့ပြခန်း







## ပုဂံနန်းမြို့ပြခန်း

ပုဂံနန်းမြို့ပြခန်းတွင် ပုဂံခေတ် စစ်လက်နက်များ၊ ပုဂံခေတ် ပန်းပဲလုပ်ငန်းဆိုင်ရာများ၊ ကျန်စစ်သားမင်းကြီး၏ ပလာစတာရုပ်တုပုံ၊ ရေနံ့သာ ကင်းတပ်မြို့ဟောင်းပုံစံငယ်၊ ပုဂံအစ ပျူရွာ ၁၉ ရွာ၊ နန်းပန္နက်ပုံများ၊ ပဥ္စပါသာဒအဆောင်ပုံစံငယ် စသည့်ပြကွက်များအား စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြသထားသည်။ နန်းမြို့ပြခန်းဖြစ်သည်နှင့်အညီ နန်းတော်နှင့် သက်ဆိုင်သောအကြောင်းအရာများကို အဓိကပြကွက်များအဖြစ် ပြသထားသည်။

### ■ ပုဂံခေတ်စစ်လက်နက်များ

ပုဂံခေတ် စစ်လက်နက်များကို နံရံဆေးရေးပန်းချီများ၊ ၅၅၀ ဇာတ်ရုပ်ချပ်များမှ နမူနာယူ၍ လေး-မြား၊ လှံတို-လှံရှည်၊ ဒိုင်း၊ ဓား စသည်တို့ကို ပြုလုပ်ပြသထားပါသည်။

ပုဂံခေတ်ပန်းပဲလုပ်ငန်းအား ပန်းချီရုပ်ပုံကားဖြင့် သရုပ်ဖော်ရေးဆွဲထားပြီး ပြကွက်နှင့် သက်ဆိုင်သောရှင်းလင်းချက်များကို ဖော်ပြထားသည်။

ပုဂံခေတ်ဦးပိုင်း အေဒီ ၁၀၇ ကတည်းက သံထည်ပစ္စည်းအမျိုးမျိုးကို ပြုလုပ်ခဲ့ကြကြောင်းကို ပျူရွာ ၁၉ ရွာအနက် ခုနစ်ရွာအနီးမှ သံဖိုကြီးများက သက်သေခံနေပေသည်။ ပျူခေတ်က စစ်တိုက်ရာတွင် ဓား၊ လှံလက်နက်များနှင့် ရန်သူကိုထောင်ဖမ်းရာ၌ ခြောင့်များကိုလည်း အသုံးပြုခဲ့ကြသည်ကို လေ့လာသိရှိရပါသည်။

ပုဂံခေတ်တွင်လည်း ဓား၊ လှံလက်နက်များအပြင် တံခါးကွင်းကြီးများ၊ သံမှိုများနှင့် စစ်တိုက်ရာတွင် သံကိုအဖတ်အဖတ်ပြုလုပ်ထားသော သံချပ်ကာအင်္ကျီများလည်း ပြုလုပ်ပါသည်။

### ■ ကျန်စစ်သားမင်းကြီးရုပ်တု

ကျန်စစ်သားမင်းကြီး၏ မုဒ်တာစိတ်ထား (ပလာစတာ ပုံစံရုပ်တု) ပြကွက်တွင် အထောက်အကူဖြစ်စေရန် ကျန်စစ်သားမင်း၏ အဓ္ဓုပ္ပတ္တိကျောက်စာမှ ကောက်နုတ်ချက်ဖြင့် ရှင်းလင်းဖော်ပြထားသည်။ "များစွာကုန်သော သူအပေါင်းတို့သည် မိတကွဲ၊ ဖတကွဲ၊ သားတကွဲ၊ မယားတကွဲ ဖြစ်ကြကုန်၏။ ထိုသူတို့၏ မျက်ရည်ကို ငါသုတ်ပါအံ့။ လကျ်ာလက်ဖြင့် ထမင်းမုန့်ကိုပေးအံ့။ လက်ဝဲလက်ဖြင့် အဝတ်ပုဆိုးတို့ကိုပေးအံ့။ ခပ်သိမ်းသောသူ အပေါင်း

www.burmeseclassic.com

www.burmeseclassic.com



တို့ကို အမိ၏ ရင်ဝယ်သားကဲ့သို့ ငါစောင့်ရှောက်အံ့။ ကြမ်းကြုတ်ခက်ထန်သောသူတို့ကို ယဉ်ကျေးအောင်ပြုလုပ်အံ့။ ကိုယ်–နှုတ်–နှလုံးတို့ဖြင့် အချင်းချင်း မညီမညွတ်ဖြစ်သောသူတို့ကို စိတ်နှလုံး တိုက်ဆိုင်ညီညွတ်အောင်ရွက်ဆောင်အံ့။”ဟု ဖော်ပြထားသည်။

## ■ ရေနံ့သာ တင်းတစ်မြို့တော်း

ပြခန်းအတွင်း၌ပင် ရေနံ့သာ ကင်းတပ်မြို့ဟောင်းအား ပုံစံငယ်ပြုလုပ်၍ ပြသထားသည်။

ကင်းတပ်မြို့ ၄၃ မြို့စာရင်းအား ဖော်ပြရှင်းလင်းထားသည်။

(၁) လဟေး၊ (၂) ကောင်းစင်၊ (၃) ကောင်းတုံ၊ (၄) ရွှေဂူ၊
(၅) ယင်းခဲ၊ (၆) ငရင်း၊ (၇) ငရန်း၊ (၈) မိုးတား၊ (၉) အုတ်၊
(၁၀) ကထာ၊ (၁၁) ထီးကျဉ်း၊ (၁၂) မြို့တင်၊ (၁၃) မြတောင်၊
(၁၄) ရွှေမြို့၊ (၁၅) တကောင်း၊ (၁၆) ဟင်းမဇော်၊ (၁၇) ကြံညှပ်၊
(၁၈) စမွှာယ်နဂို၊ (၁၉) သက်ကယ်ကျဉ်း၊ (၂၀) မကွေးတရာအောင်၊
(၂၁) စဥ့်ကူး၊ (၂၂) တအုံ့၊ (၂၃) ရေနံ့သာ၊ (၂၄) စုန်းမြို့၊
(၂၅) မဏ္ဍရာ၊ (၂၆) ဝါးရင်းတုတ်၊ (၂၇) တောင်ပြုံးကြီး၊
(၂၈) ယင်းမာတဲ၊ (၂၉) နဂါးမောက်၊ (၃၀) မြင်စိုင်း၊ (၃၁) မက္ခရာ၊
(၃၂) မြစ်သား၊ (၃၃) ညောင်ရမ်း၊ (၃၄) ကုန်းသာယာ၊ (၃၅) ဟိုင်းတက်၊
(၃၆) သာဂရ၊ (၃၇) တုံပုံ၊ (၃၈) ရှဥ့်မတက်၊ (၃၉) မြို့လှ၊
(၄၀) ကဲလင်း၊ (၄၁) ပက်ပါ၊ (၄၂) ဆွာ၊ (၄၃) ဗာရာဏသီ။

■ ပုဂံအစ ပျူ ၁၉ ရွာပြကွက်တွင် စာပေကျမ်းဂန်ပါ အထောက်အထားများအား ဖော်ပြ ၍ လေ့လာမှုပြုနိုင်ရန် ဖော်ပြထားသည်။ ပုဂံပျူ ၁၉ ရွာမှာ –

(၁) ညောင်ဦး၊ (၂) နဂါးဘို၊ (၃) နဂါးကျည်၊ (၄) မန်ကျည်၊
(၅) ထုတ်ချောက်၊ (၆) စကား၊ (၇) မုတသိန်၊ (၈) ညောင်ဝန်း၊
(၉) အနုရာဓ၊ (၁၀)တန်ဆောင်ကျွန်း၊ (၁၁) ရှားပုတ်၊ (၁၂) ကျင်လို၊
(၁၃) ကုက္ကို၊ (၁၄) တောင်ပ၊ (၁၅) မြေခဲတွင်း (မြေသင်းတွင်း)၊
(၁၆) သရက်၊ (၁၇) စဥ့်ကူး၊ (၁၈) ယုန်လွတ်ကျွန်း၊ (၁၉) ရွာစိုက်။



(မဏိရတနာပုံကျမ်းပါအမည်စာရင်းကို မှန်နန်းရာဇဝင် အမည်စာရင်းနှင့် နှိုင်းယှဉ်လေ့လာရန် ဖော်ပြခြင်းဖြစ်ပါသည်။)

ပုဂံအစပျူရွာ ၁၉ ရွာက –

(၁) ရွာမုံ၊ (၂) တဆောင်းကွန်း၊ (၃) ညောင်ဦး၊ (၄) နဂါးကျစ်၊
(၅) နဂါးစိုး၊ (၆) မန်ကျည်းကျဉ်၊ (၇) အနုရာဓ၊ (၈) ရွာစိုက်၊
(၉) ကျောက်စကား၊ (၁၀) မြေခဲတွင်း (မြေသင်းတွင်း)၊ (၁၁) တောင်ပ၊
(၁၂) ယုန်လွတ်ကျွန်း၊ (၁၃) ကုက္ကို၊ (၁၄) ကျင်လို၊ (၁၅) သရက်ရ၊
(၁၆) ထုက္ကဲသိမ်၊ (၁၇) ထုထည်၊ (၁၈) ညောင်ဝန်း၊ (၁၉) အုံ့မှုား။

(မှန်နန်းမဟာရာဇဝင်တော်ကြီးမှဖြစ်ပါသည်။)

ပုဂံပျူ ၁၉ ရွာ

(၁) ညောင်ဦး၊ (၂) နဂဆိုး၊ (၃) မန်ကျည်း၊ (၄) တူတည်၊ (၅) ကျောက်စကား၊
(၆) ဘုတ်သဲတိမ်၊ (၇) ညောင်ဝန်း၊ (၈) အနုရာဓ၊ (၉) တဆောင်ကွန်း၊
(၁၀) ရွာမုန်း၊ (၁၁) ကြင်လို၊ (၁၂) ကုက္ကို၊ (၁၃) တောင်ပ၊ (၁၄) ရွာပုံ့၊
(၁၅) မြေခဲတွင်း၊ (၁၆) သရက်ရ၊ (၁၇) စဥ့်ကူး၊ (၁၈) ယုန်လွတ်၊
(၁၉) ရွာစိုက် (မြေသင်းတွင်း)။

(ရာဇဝင်ချုပ်မည်သော စေတီယကထာကျမ်းပါ အမည်စာရင်းကို အခြားကျမ်းအမည်စာရင်းနှင့် နှိုင်းယှဉ်လေ့လာရန် ဖော်ပြပါသည်။)

■ ပဋ္ဌပါသာဒအဆောင်အား နံရံပန်းချီနှင့် ကျောက်ဆစ်လက်ရာ အထောက်အထားများ၊ စာပေအထောက်အထားများဖြင့် ပုံစံငယ်ပြုလုပ်၍ ပြသထားသည်။ ရွှေနန်းတော်ကြီး၏ နန်းဆောင်များအားလုံးအနက် အမြင့်ဆုံး၊ အခမ်းနားဆုံး၊ အထည်ဝါဆုံးအဆောက်အအုံကြီးလည်း ဖြစ်ပါသည်။ ယင်းအဆောင်ကြီးတွင် အရေးကြီးသော နိုင်ငံတော်အခမ်းအနားများ၊

www.burmeseclassic.com



မြန်မာ့နှစ်သစ်ကူးချိန်၊ ဝါဝင်ချိန်၊ ဝါထွက်ချိန်များတွင် လက်အောက်ခံနယ်ပယ် စော်ဘွားကြီးများ၊ ဝန်ကြီးများနှင့် ဆွေတော်မျိုးတော်များ၏ အပူဇော်ခံ အခမ်းအနားများ ကျင်းပပါသည်။

■ အနိရုဒ္ဓဒေဝအနော်ရထာမင်းတရားကြီး စံမြန်းတော်မူခဲ့သော အရိမဒ္ဒနပူရပုဂံရွှေနန်းတော်ကြီးအား ပုံစံငယ်များပြုလုပ်၍ ပြသထားသည်။ ထို့အပြင်ဘေးတွင် မင်းအဆက်ဆက်တို့၏ နန်းတော်ပန္နက်ပုံများဖြင့် ဖော်ပြထားသည်။

**အရိမဒ္ဒနပူရပုဂံရွှေနန်းတော်ကြီး၏ အဆောင်များ –**

၁။ အရှေ့စမုခ်ဆောင်
၂။ လက်ဝဲပွဲတက်ဆောင်
(လက်ဖက်ရည်တော်ဆောင်)
၃။ သီဟာသနဆောင်
(ကွမ်းရေတော်ဆောင်)
၄။ လက်ယာပွဲတက်ဆောင်
၅။ ဘိသိက်ဆောင်/ရေသွန်းဆောင်
၆။ မြောက်စမုခ်ဆောင်
၇။ ပဥ္စပါသာဒဆောင်
၈။ တောင်စမုခ်ဆောင်
၉။ အနောက်စမုခ်ဆောင်
၁၀။ ဇေတဝန်ဆောင်
၁၁။ နန်းမဆောင်
၁၂။ မြောက်လေသာဆောင်
၁၃။ တောင်လေသာဆောင်



၁၄။ မြောက်နန်းဆောင်
၁၅။ အလယ်နန်းဆောင်
၁၆။ တောင်နန်းဆောင်
၁၇။ တပင်တိုင်ဆောင်
၁၈။ အနောက်ဇေတဝန်ဆောင်
၁၉။ အနောက်နန်းဆောင်



အနော်ရထာမင်းကြီး၏ အရိမဒ္ဒနပူရ ပုဂံရွှေနန်းတော်ကြီး၏ ပုံစံငယ်

www.burmeseclassic.com

www.burmeseclassic.com



သထုံမနူဟာမင်းနန်းတော်ပန္နက်ပုံ

(၁) သက္ကရာဇ် – ၃၅၀ ခန့်

အဆောင်ပေါင်း – ၁၂

စနဆောင် – ၃

စောင်းတန်းလှေကား – ၉

၁။ အရှေ့စမုခ်ဆောင်

၂။ လက်ဝဲပွဲတက်ဆောင်

၃။ လက်ယာပွဲတက်ဆောင်

၄။ မြေနန်းပြာသာဒ်ဆောင်

၅။ ဇေတဝန်ဆောင်

၆။ နန်းမဆောင်

၇။ မြောက်လေသာဆောင်

၈။ တောင်လေသာဆောင်

၉။ မြောက်ပြင်သည်မိဖုရားဆောင်

၁၀။ တောင်ပြင်သည် မိဖုရားဆောင်

၁၁။ အနောက်ဇေတဝန်ဆောင်

၁၂။ အနောက်စမုခ်ဆောင်


၁၃။ စနဆောင်

၁၄။ စနဆောင်

၁၅။ စနဆောင်

၁၆ လှေကားစောင်းတန်းများ





သထုံမနူဟာမင်း နန်းတော်ပန္နက်ပုံ

www.burmeseclassic.com

www.burmeseclassic.com




## (၂) ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော်ပန္နက်ပုံ

သက္ကရာဇ် - ၉၁၅
အဆောင်ပေါင်း - ၇၃
စနုဆောင် - ၃

၁။ မြေနန်းပြာသာဒ်ဆောင်
၂။ မြေနန်းစနုဆောင်
၃။ လက်ယာဝင်းဆောင်
၄။ လက်ဝဲဝင်းဆောင်
၅။ တောင်စမုခ်ဆောင်
၆။ ပြတိုက်ဆောင်
၇။ ပဒုမ္မာသနဆောင် (အနောက်ဇေတဝန်ဆောင်)
၈။ မြောက်စမုခ်ဆောင်
၉။ အရှေ့ဇေတဝန်ဆောင်
၁၀။ ဗောင်းတော်ဆောင်
၁၁။ တောင်အလှူတော်ဇရပ်
၁၂။ ကြေးတိုက်
၁၃။ ပုဆိုးတိုက်
၁၄။ လက်ဖက်ရည်ဆောင်
၁၅။ ပန်းတော်ဆက်ဆောင်
၁၆။ မြောက်အလှူတော်ဇရပ်
၁၇။ ဘမယာသနဆောင် (နန်းမဆောင်)
၁၈။ ရွှေတိုက်
၁၉။ ငွေတိုက်
၂၀။ ဘဏ္ဍာတိုက်
၂၁။ ဘဏ္ဍာတိုက်
၂၂။ မိဖုရားခေါင်ကြီးဆောင်
၂၃။ စန္ဒာဒေဝီမိဖုရားကြီးဆောင်



၂၄။ ရာဇဓာတုကလျာဆောင်
၂၅။ နန်းတင်မိဖုရား ၁၂ ပါးဆောင်များ
၂၆။ ကိုယ်လုပ်တော်ဆောင်များ
၂၇။ လက်ဝဲ-လက်ယာနန်းသူဆောင်များ
၂၈။ စနုဆောင်များ



ဘုရင့်နောင်မင်းတရားကြီး၏
ကမ္ဘောဇသာဒီနန်းတော်ပန္နက်ပုံ

www.burmeseclassic.com

www.burmeseclassic.com




၃။ ညောင်ရမ်းမင်းတရားကြီး၏ အင်းဝနန်းတော်ပန္နက်ပုံ

သက္ကရာဇ် – ၉၆၃
အဆောင်ပေါင်း – ၂၃
စနုဆောင် – ၁
အိမ်သာ – ၂
လှေကား – ၁၄

၁။ အရှေ့စမုခ်ဆောင်
၂။ လက်ဝဲပွဲတက်ဆောင်
၃။ လက်ယာပွဲတက်ဆောင်
၄။ မြေနန်းပြာသာဒ်ဆောင်
၅။ အရှေ့ဇေတဝန်ဆောင်
၆။ ဗြဲတိုက်ဆောင်
၇။ ကွမ်းရေတော်ဆောင်
၈။ မြောက်ထားဝယ်ဆောင်
၉။ တောင်ထားဝယ်ဆောင်
၁၀။ မြောက်စမုခ်ဆောင်
၁၁။ တောင်စမုခ်ဆောင်
၁၂။ နန်းမဆောင်
၁၃။ မြောက်နန်းမိဖုရားဆောင်
၁၄။ မြောက်လေသာဆောင်
၁၅။ တောင်နန်းမိဖုရားဆောင်
၁၆။ တောင်လေသာဆောင်
၁၇။ အနောက်ဇေတဝန်ဆောင်
၁၈ မှ ၂၁ ထိ။ မိဖုရားငယ်ဆောင်များ
၂၂/ ၂၃။ ထားဝယ်လျှားဆောင်များ
၂၄။ စနုဆောင်
၂၅။ အိမ်သာတော်





ညောင်ရမ်းမင်းတရားကြီး
အင်းဝနန်းတော် ပန္နက်ပုံ

www.burmeseclassic.com

www.burmeseclassic.com




## ၄။ သာလွန်မင်းတရားကြီး၏ အင်းဝနန်းတော်ပန္နက်ပုံ

သက္ကရာဇ် – ၉၉၆
အဆောင်ပေါင်း – ၂၃
စနုဆောင် – ၄
အိမ်သာတော် – ၅
တိုင်ပေါင်း – ၉၅၃

၁။ အရှေ့စမုခ်ဆောင်
၂။ လက်ဝဲပွဲတက်ဆောင်
၃။ လက်ယာပွဲတက်ဆောင်
၄။ မြေနန်းပြာသာဒ်ဆောင်
၅။ အရှေ့ဇေတဝန်ဆောင်
၆။ ဖြဲတိုက်ဆောင်
၇။ ကွမ်းရေတော်ဆောင်
၈။ မြောက်ထားဝယ်ဆောင်
၉။ တောင်ထားဝယ်ဆောင်
၁၀။ မြောက်စမုခ်ဆောင်
၁၁။ တောင်စမုခ်ဆောင်
၁၂။ နန်းမဆောင်
၁၃။ မြောက်နန်းမိဖုရားဆောင်
၁၄။ မြောက်လေသာဆောင်
၁၅။ တောင်နန်းမိဖုရားဆောင်
၁၆။ တောင်လေသာဆောင်
၁၇။ အနောက်ဇေတဝန်ဆောင်
၁၈ မှ ၂၀ ထိ။ မိဖုရားငယ်ဆောင်များ
၂၂/၂၃။ ထားဝယ်လျှားဆောင်များ
၂၄ မှ ၂၇ ထိ။ စနုဆောင်များ
၂၈။ အိမ်သာတော်





သာလွန်မင်းတရားကြီး၏
အင်းဝနန်းတော်ပန္နက်ပုံ

www.burmeseclassic.com

www.burmeseclassic.com




**၅။ တနင်္ဂနွေမင်း၏အင်းဝနန်းတော်ပန္နက်ပုံ**

သက္ကရာဇ် – ၁၀၈၆
အဆောင်ပေါင်း – ၃၄
အိမ်သာ – ၄

၁။ အရှေ့စမုခ်ဆောင်
၂။ လက်ဝဲမြေနန်းဆောင်
၃။ လက်ယာမြေနန်းဆောင်
၄။ မြေနန်းပြာသာဒ်ဆောင်
၅။ အရှေ့ဇေတဝန်ဆောင်
၆။ ဖြတိုက်ဆောင်
၇။ ကွမ်း/ ဆေးဆောင်
၈။ အိမ်သာတော်
၉။ မြောက်ထားးဝယ်ဆောင်
၁၀။ ယာအရံထားဝယ်ဆောင် (မြောက်)
၁၁။ တောင်ထားဝယ်ဆောင်
၁၂။ ဝဲအရံထားဝယ်ဆောင် (တောင်)
၁၃။ နန်းမတော်အရှေ့ထားဝယ်ဆောင်
၁၄။ ဝဲထုတ်ပင်လယ်ဆောင်
၁၅။ ယာထုတ်ပင်လယ်ဆောင်
၁၆။ လက်ဝဲစမုခ်ဆောင်
၁၇။ လက်ယာစမုခ်ဆောင်
၁၈။ ဝဲအရံထားဝယ်ဆောင် (မြောက်)
၁၉။ ယာအရံထားဝယ်ဆောင် (တောင်)
၂၀။ နန်းမဆောင်





တနင်္ဂနွေ မင်းတရားကြီး၏
အင်းဝနန်းတော်ပန္နက်ပုံ

www.burmeseclassic.com

www.burmeseclassic.com



၂၁။ မြောက်နန်းဆောင်

၂၂။ မြောက်လေသာဆောင်

၂၃။ တောင်နန်းဆောင်

၂၄။ တောင်လေသာဆောင်

၂၅/ ၂၆/ ၂၇။ စကြောထုတ်ပင်လယ်ဆောင်များ

၂၈/ ၂၉။ နန်းမအနောက်ထားဝယ်ဆောင်များ

၃၀။ အနောက်ဇေတဝန်ဆောင်

၃၁/ ၃၂။ ခေါင်စင်းတစ်ဝက်အဆောင်များ

၃၃/ ၃၄။ ထားဝယ်လျားဆောင်များ

၃၅ မှ ၃၈ ထိ။ စနုဆောင်များ

## ၆။ အလောင်းဘုရား၏ ရွှေဘုံရတနာနန်းတော်ဝန္တပုံ

| | | |
|---|---|---|
| သက္ကရာဇ် | – | ၁၁၁၅ ခုနှ် |
| အဆောင်ပေါင်း | – | ၁၈ |
| တိုက် | – | ၂ |
| တိုင်ပေါင်း | – | ၆၇၈ |
| အိမ်သာတော် | – | ၃ |

၁။ မြေနန်းဆောင်

၂။ လျောင်းတော်ဦးဆောင်

၃။ ရှေ့ဝဲထားဝယ်ဆောင်

၄။ ရှေ့ယာထားဝယ်ဆောင်

၅။ ပြဲတိုက်ဆောင်

၆။ ဗောင်းတော်ဆောင်


၇။ မြောက်စမုခ်ဆောင်

၈။ တောင်စမုခ်ဆောင်

၉။ နန်းမပြာသာဒ်ဆောင်

၁၀။ လက်ဖက်ရည်ဆောင်





အလောင်းမင်းတရားကြီး၏
အင်းဝနန်းတော်ပန္နက်ပုံ

၁၁။ ကွမ်းရေတော်ဆောင်

၁၂။ နောက်ဝဲထားဝယ်ဆောင်

၁၃။ နောက်ယာထားဝယ်ဆောင်

၁၄။ အနောက်စမုခ်ဆောင်

၁၅။ မြောက်နန်းမိဖုရားဆောင်

၁၆။ မြောက်လေသာဆောင်

၁၇။ တောင်နန်းမိဖုရားဆောင်

၁၈။ တောင်လေသာဆောင်

၁၉။ စာရင်းတိုက်

၂၀။ ရွှေတိုက်

၂၁။ အိမ်သာတော်

www.burmeseclassic.com

www.burmeseclassic.com



## ၇။ နောင်တော်ကြီးမင်း၏ စစ်ကိုင်းနန်းတော်ပန္နက်ပုံ

သက္ကရာဇ် - ၁၁၂၃

အဆောင်ပေါင်း - ၁၅

အိမ်သာ - ၅

တိုင်ပေါင်း - ၈၇၈

လှေခါး - ၆

၁။ မြေနန်းဆောင်

၂။ ပြတိုက်ဆောင်

၃။ ဗောင်းတော်ဆောင်

၄။ လက်ဖက်ရည်တော်ဆောင်

၅။ ကွမ်း/ ရေတော်ဆောင်

၆။ နန်းမဆောင်

၇။ မြောက်နန်းမိဖုရားဆောင်

၈။ တောင်နန်းမိဖုရားဆောင်


၉ မှ ၁၂ ထိ။ ကိုယ်လုပ်တော်ဆောင်များ

၁၃။ အနောက်ပွဲတက်ဆောင်

၁၄/ ၁၅။ ကိုယ်လုပ်တော်ဆောင်များ

၁၆။ အိမ်သာတော်များ





နောင်တော်ကြီးမင်း၏
စစ်ကိုင်းနန်းတော်ပန္နက်ပုံ

www.burmeseclassic.com

www.burmeseclassic.com




၈။ ဆင်ဖြူရှင်မင်း၏ အင်းဝနန်းတော်ဝန္တတ်ပုံ

| | | |
|---|---|---|
| သက္ကရာဇ် | - | ၁၁၂၇ |
| အဆောင်ပေါင်း | - | ၄၄ |
| အိမ်သာတော် | - | ၄ |
| တိုင်ပေါင်း | - | ၂၁၀၂ |
| လှေခါး | - | ၉ |

၁။ အရှေ့စမုခ်ဆောင်
၂။ လက်ဝဲမြေနန်းဆောင်
၃။ လက်ယာမြေနန်းဆောင်
၄။ မြေနန်းပြာသာဒ်ဆောင်
၅။ အရှေ့ဇေတဝန်ဆောင်
၆။ ဗြဲတိုက်ဆောင်
၇။ ကွမ်း/ ရေတော်ဆောင်
၈။ ဗောင်းတော်ဆောင်
၉။ မြောက်ထားဝယ်ဆောင်
၁၀။ တောင်ထားဝယ်ဆောင်
၁၁။ လက်ဖက်ရည်တော်ဆောင်
၁၂။ ရွှေတိုက်ဆောင်
၁၃။ လက်ဝဲစမုခ်ဆောင်
၁၄။ လက်ယာစမုခ်ဆောင်
၁၅။ နန်းမဆောင်
၁၆ မှ ၁၉ ထိ။ နန်းရမိဖုရားကြီးများအဆောင်
၂၀။ နန်းမတော်အနောက်တန်းများ
၂၁ မှ ၂၄ ထိ။ မိဖုရားဆောင်အနောက်တန်းလျားများ
၂၅။ အနောက်ဇေတဝန်
၂၆ မှ ၃၅ ထိ။ မိဖုရားငယ်အဆောင်များ





ဆင်ဖြူရှင်မင်း၏
အင်းဝနန်းတော်ပန္နက်ပုံ

၃၆။ တောင်လေသာနန်းဆောင်
၃၇။ ပွဲကြည့်ဆောင်
၃၈ မှ ၄၁ ထိ။ အနောက်ပိုင်းမင်းခမ်းတော်ဆောင်များ
၄၂ မှ ၄၄ ထိ။ စနုဆောင်များ

www.burmeseclassic.com

www.burmeseclassic.com




## ၉။ ထိုးတော်မင်းတရားကြီး၏ အမရပူရနန်းတော်ပန္နတ်ပုံ

သက္ကရာဇ် – ၁၀၄၄
အဆောင်ပေါင်း – ၅၅
တိုင်ပေါင်း – ၂၄၆၉
အိမ်သာ – ၁၅
လှေကား – ၁၉

၁။ အရှေ့စမုခ်ဆောင်
၂။ လက်ဝဲမြေနန်းဆောင်
၃။ လက်ယာမြေနန်းဆောင်
၄။ အရှေ့ဇေတဝန်ဆောင်
၅။ မြေနန်းပြာသာဒ်ဆောင်
၆။ ဖြဲတိုက်ဆောင်
၇။ ကွမ်း/ ရေတော်ဆောင်
၈။ လေသာဆောင်
၉။ ဖောင်းတော်ဆောင်
၁၀။ လက်ဝဲထားဝယ်ဆောင်
၁၁။ လက်ယာထားဝယ်ဆောင်
၁၂။ လက်ဖက်ရည်တော်ဆောင်
၁၃။ ရွှေတိုက်ဆောင်
၁၄။ လက်ဝဲစမုခ်ဆောင်
၁၅။ လက်ယာစမုခ်ဆောင်
၁၆။ နန်းမဆောင်
၁၇ မှ ၂၀။ နန်းရမိဖုရားကြီးလေးပါးအဆောင်
၂၁။ နန်းမအနောက်စနုဆောင်
၂၂။ အနောက်ဇေတဝန်ဆောင်





ဘိုးတော်မင်းတရားကြီး၏
အမရပူရနန်းတော်ပန္နက်ပုံ

၂၃ မှ ၂၆ ထိ။ မိဖုရားဆောင်အနောက်တန်းလျားများ
၂၇ မှ ၄၈ ထိ။ မိဖုရားငယ်ဆောင်များ
၄၉ မှ ၅၂ ထိ။ အနောက်ပိုင်းမင်းခမ်းတော်ဆောင်များ
၅၃ မှ ၅၅ ထိ။ စနုဆောင်များ


www.burmeseclassic.com

## ၀၀။ ဘကြီးတော်မင်းတရားကြီး၏ အင်းဝနန်းတော်ပန္နက်ပုံ

| | | |
|---|---|---|
| သက္ကရာဇ် | - | ၁၁၈၃ |
| အဆောင်ပေါင်း | - | ၁၁၁ |
| အိမ်သာတော် | - | ၂၉ |

၁။ အရှေ့စမုခ်ဆောင်
၂။ လက်ဝဲမြေနန်းဆောင်
၃။ လက်ယာမြေနန်းဆောင်
၄။ မြေနန်းပြာသာဒ်ဆောင်
၅။ အရှေ့ဇေတဝန်ဆောင်
၆။ မြဲတိုက်ဆောင်
၇။ ကွမ်း/ ရေတော်ဆောင်
၈။ ညီလာခံဆောင်
၉။ လက်ဖက်ရည်တော်ဆောင်
၁၀။ ရွှေတိုက်ဆောင်
၁၁။ ဗောင်းတော်ဆောင်
၁၂။ အရှေ့ယာထားဝယ်ဆောင်
၁၄။ မြောက်နန်းမြင့်ဆောင်
၁၅။ တောင်နန်းမြင့်ဆောင်
၁၆။ နန်းမဆောင်
၁၇။ မြောက်လေသာဆောင်
၁၈။ တောင်လေသာဆောင်
၁၉။ မြောက်စမုခ်ဆောင်
၂၀။ တောင်စမုခ်ဆောင်
၂၁ မှ ၂၃ ထိ။ မိဖုရားခေါင်ကြီးအဆောင်
၂၄။ အနောက်ဝဲထားဝယ်ဆောင်
၂၅။ အနောက်ယာထားဝယ်ဆောင်





ဘကြီးတော်မင်းတရားကြီး၏
အင်းဝနန်းတော်ပန္နက်ပုံ

၂၆ မှ ၃၇ ထိ။ နန်းရမိဖုရားကြီးအဆောင်များ
၃၈ မှ ၄၃ ထိ။ အနောက်ပိုင်းမင်းခမ်းတော်ဆောင်များ
၄၄။ အနောက်ဇေတဝန်
၄၅။ အနောက်စမုခ်ဆောင်
၄၆ မှ ၁၀၈ ထိ။ မိဖုရားငယ်ဆောင်များ
၁၀၉ မှ ၁၁၁ ထိ။ စနုဆောင်များ

www.burmeseclassic.com

www.burmeseclassic.com




## ၀၀။ သာယာဝတီမင်း၏ အမရပူရနန်းတော်ပန္နက်ပုံ

| | | |
|---|---|---|
| သက္ကရာဇ် | – | ၁၂၀၀ |
| အဆောင်ပေါင်း | – | ၇၁ |
| တိုင်ပေါင်း | – | ၃၁၅၇ |
| လှေကား | – | ၁၄ |
| အိမ်သာ | – | ၁၇ |

၁။ အရှေ့စမုခ်ဆောင်
၂။ လက်ဝဲမြေနန်းဆောင်
၃။ လက်ယာမြေနန်းဆောင်
၄။ မြေနန်းပြာသာဒ်ဆောင်
၅။ အရှေ့ဇေတဝန်ဆောင်
၆။ ဖြဲတိုက်ဆောင်
၇။ လေသာဆောင်
၈။ လျောင်းတော်ဦးဆောင်
၉။ မြောက်ထားဝယ်ဆောင်
၁၀။ တောင်ထားဝယ်ဆောင်
၁၁။ ဗောင်းတော်ဆောင်
၁၂။ လက်ဖက်ရည်တော်ဆောင်
၁၃။ ရွှေတိုက်ဆောင်
၁၄။ နန်းမဆောင်
၁၅။ မြောက်စမုခ်ဆောင်
၁၆။ တောင်စမုခ်ဆောင်
၁၇။ နန်းမဆောင်အနောက်တန်းလျား
၁၈ မှ ၂၉ ထိ။ နန်းရမိဖုရားကြီးလေးပါး၏အဆောင်များ
၃၀ မှ ၆၁ ထိ။ မိဖုရားငယ်အဆောင်များ





သာယာဝတီမင်း၏
အမရပူရ နန်းတော်ပန္နက်ပုံ

၆၂။ အနောက်ဇေတဝန်ဆောင်
၆၃။ အနောက်စမုခ်ဆောင်
၆၄ မှ ၆၅ ထိ။ အနောက်ပိုင်းမင်းခမ်းတော်ဆောင်များ
၆၆ မှ ၆၈ ထိ။ စနုဆောင်များ

www.burmeseclassic.com

www.burmeseclassic.com



## ၁၂။ သီပေါမင်း၏ မန္တလေးနန်းတော်ပန္နတ်ပုံ

သက္ကရာဇ် – ၁၂၂၁ (၁၂၄၀)

အဆောင်ပေါင်း – ၁၁၄

၁။ အရှေ့စမုခ်ဆောင်
၂။ မြေနန်းစနဆောင်
၃။ လက်ဝဲမြေနန်းပွဲတက်ဆောင်
၄။ လက်ယာမြေနန်းပွဲတက်ဆောင်
၅။ မြေနန်းပြာသာဒ်တော်ကြီး
၆။ ဇေတဝန်စနဆောင်
၇။ ဇေတဝန်ဆောင်
၈။ ဖြတိုက်စနဆောင်
၉။ ဖြတိုက်ဆောင်
၁၀။ လေသာကူးစနဆောင်
၁၁။ လေသာဆောင်
၁၂။ ဖောင်းတော်စနဆောင်
၁၃။ ဖောင်းတော်ဆောင်
၁၄။ မြောက်ထားဝယ်ဆောင်
၁၅။ တောင်ထားဝယ်ဆောင်
၁၆။ လက်ဖက်ရည်တော်ဆောင်
၁၇။ ရွှေတိုက်ဆောင်
၁၈။ အစည်းအဝေးအုတ်တိုက်
၁၉။ နန်းမြင့်မျှော်စင်
၂၀။ ကံငယ်အုတ်တိုက်
၂၁။ ရွှေနန်းတော်ကလေး
၂၂။ တောင်စမုခ်ဆောင်
၂၄။ အုတ်တိုက်နန်းတော် (နွေရာသီအပန်းဖြေဆောင်)
၂၅။ မြောက်စမုခ်ဆောင်






သီပေါမင်း၏
မန္တလေးနန်းတော်ပန္နက်ပုံ

www.burmeseclassic.com

www.burmeseclassic.com



၂၆။ မြောက်ရေစက်သွန်းပြာသာဒ်
၂၇။ မြောက်ပန်းခုံအုတ်တိုက်
၂၈။ နံ့သာနန်းတော်
၂၉။ ချိုးရေတော်သုံးအဆောင်နှင့် အိမ်သာတော်
၃၀။ မှန်နန်းစနုဆောင်
၃၁။ မှန်းနန်းတော်ကြီး (မှန်နန်းဆောင်)
၃၂။ ပွဲကြည့်ဆောင်
၃၃ မှ ၆၀ ထိ။ နန်းရမိဖုရားကြီးများနှင့် သမီးတော်များ
၆၁ မှ ၈၁ ထိ။ အဆောင်ရမိဖုရားကြီးများအဆောင်
၈၂ မှ ၉၈ ထိ။ တန်းလျားရမိဖုရားအဆောင်
၁၁၁ မှ ၁၁၀ ထိ။ မိဖုရားငယ်များအဆောင်
၁၁။ အနောက်စမုခ်ဆောင်
၁၁၂။ အနောက်ဝဲပွဲတက်ဆောင်
၁၁၃။ အနောက်ယာပွဲတက်ဆောင်
၁၁၄။ အနောက်ဇေတဝန်ဆောင်




www.burmeseclassic.com

www.burmeseclassic.com



# ပုဂံခေတ်ဗုဒ္ဓဆင်းတုတော်များပြခန်း

ပုဂံခေတ်ဗုဒ္ဓဆင်းတုတော်များပြခန်းတွင် ဗုဒ္ဓဆင်းတုတော်များအား သစ်သားပလ္လင်ခုံတံကဲများနှင့် ခင်းကျင်းပြသထားသည်ကို တွေ့မြင်နိုင်ပါသည်။

ပြခန်းအတွင်း၌ အေဒီ ၁၁ ရာစုမှ ၁၉ ရာစုအထိ ဗုဒ္ဓဆင်းတုတော် ခုနစ်ဆူ၏ ထုလုပ်မှု ကွဲပြားခြားနားပုံကို သိရှိစေရန်ရည်ရွယ်လျက် ရာစုအလိုက်စီတန်း၍ ခွဲခြားပြသထားပါသည်။ နောက်ခံနံရံတွင်လည်း ဆင်းတုတော်များထုလုပ်ပုံစနစ်ကွာခြားပုံများကို ရှင်းလင်းပြသထားပါသည်။

ဆင်းတုတော်များတွင် ထုလုပ်လေ့ရှိသော လက်ဟန်ပန် (သို့မဟုတ်) မုဒြာပုံ အမျိုးမျိုးဖြစ်သော ဓမ္မစက္ကမုဒြာ၊ အဘယမုဒြာ၊ စီဝရဟတ္ထမုဒြာ၊ ပတ္တမုဒြာ၊ မဟာကရုဏိကာမုဒြာ၊ ကေသဟတ္ထမုဒြာ၊ ဝရဒမုဒြာနှင့် လာဘမုဒြာစသော မုဒြာအမျိုးမျိုးတို့နှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းချက်များကို နံရံတွင် ရေးသားဖော်ပြထားပါသည်။

ပြခန်းအတွင်း၌ ဘုရားလောင်းဆံတော်ပယ်ခန်း၊ ဒုက္ကရစရိယာကျင့်တော်မူခန်းစသည့်ကျောက်ဆစ်လက်ရာများအပြင် နဂါးရုံဘုရားမှ ဗျာဒိတ်ခံရုပ်ပွားဆင်းတုတော်များမှာ စိတ်ဝင်စားဖွယ်ကောင်းလှ၍ လေ့လာကြည့်ရှုသင့်သော ဆင်းတုတော်များဖြစ်ပါသည်။ ပွင့်တော်မူသော ဘုရားရှင်အသီးသီးတို့ထံ ဂေါတမဘုရားလောင်း ဗျာဒိတ်ခံသော ဆင်းတုတော်များဖြစ်ပါသည်။

ထိုကျောက်ဆစ်ဗုဒ္ဓဆင်းတုတော်များမှာ ကောဏ္ဍညမြတ်စွာဘုရားလက်ထက် ဝိဇိတာဝီစကြာမင်း ဗျာဒိတ်ခံဟန်၊ သုမနမြတ်စွာဘုရားလက်ထက် ဘုရားလောင်း အတုလနဂါးမင်း ဗျာဒိတ်ခံဟန်၊ ရေဝတဘုရားလက်ထက် ဘုရားလောင်း အတိဒေဝပုဏ္ဏား ဗျာဒိတ်ခံဟန်၊ သောဘိတမြတ်စွာဘုရားလက်ထက် ဘုရားလောင်း သုဇာတပုဏ္ဏားဗျာဒိတ်ခံဟန်၊ ပဒုမုတ္တရဘုရားလက်ထက် ဘုရားလောင်းဇဋိလသူဌေး ဗျာဒိတ်ခံဟန်၊ သုဇာတဘုရားလက်ထက် စကြဝတေးမင်း ရဟန်းပြု၍ ဗျာဒိတ်ခံဟန်၊ ပိယဒဿီဘုရားလက်ထက် ဘုရားလောင်း သုသိမရသေ့ ဗျာဒိတ်ခံဟန်၊ ဓမ္မဒဿီဘုရားလက်ထက် ဘုရားလောင်းသိကြားမင်း ဗျာဒိတ်ခံဟန်၊ ကောဏာဂုံဘုရားလက်ထက် ဘုရားလောင်း ပဗ္ဗတမင်းဗျာဒိတ်ခံဟန်စသည့် ဆင်းတုတော်များဖြစ်ပါသည်။



## ■ ကောဏ္ဍညဘုရားလက်ထက် ဘုရားလောင်းဗျာဒိတ်ခံ ကျောက်ဆစ်လက်ရာ

ကောဏ္ဍညဘုရားရှင်သည် ကြောင်လျှာပင်၌ပွင့်တော်မူ၍ အရပ်တော် ၈၈ တောင်ရှိပြီး အသက်အပိုင်းအခြားအားဖြင့် အနှစ်တစ်သိန်းဖြစ်သည်။ ကောဏ္ဍညဘုရားလက်ထက်၌ ဘုရားလောင်းသည် ဝိဇိတာဝီမည်သော စကြာမင်းဖြစ်၍ ဘုရားအမှူးရှိသောသံဃာတော်တို့အား သုံးလပတ်လုံး အလှူကြီးပေး၍ ဗျာဒိတ်ခံခဲ့သည်။

ကျောက်ဆစ်ရုပ်အောက်ခြေတွင် ဒူးတုပ်ရှိခိုးနေသူလေးဦးရှိသည်။ နှစ်ဦးမှာ မကိုဋ်ဆောင်းထားသော မင်းနှင့် မိဖုရားတို့ဖြစ်ဟန်ရှိပြီး ကျန်နှစ်ဦးမှာ မင်းရှေ့ ဆံပင်နောက် တွဲလွဲချထားသည်။ အတိုင်းအတာမှာ ၁၁၀ စင်တီမီတာ အမြင့်ရှိသည်။

## ■ သုမနဘုရားလက်ထက်ဘုရားလောင်းဗျာဒိတ်ခံကျောက်ဆစ်လက်ရာ

သုမနဘုရားရှင်သည် ကံ့ကော်ပင်၌ ပွင့်တော်မူ၍ အရပ်တော် အတောင် ၉၀ ရှိပြီး အသက်အပိုင်းအခြားအားဖြင့် အနှစ်ကိုးသောင်းဖြစ်သည်။ သုမနဘုရားလက်ထက်၌ ဘုရားလောင်းသည် အတုလနဂါးမင်းဖြစ်၍ ကုဋေတစ်သိန်းသော နဂါးလုလင်တို့နှင့် ကြီးစွာသော အလှူကြီးပေး၍ ဗျာဒိတ်ခံခဲ့သည်။ ပါဠိတော်၌ နဂါးမင်းသည် နတ်နဂါးတို့၏ တူရိယာဖြင့် သုမနဘုရားရှင်အား ပူဇော်ကြောင်းပါရှိသည်။

ကျောက်ဆစ်ရုပ်အောက်ခြေတွင် နဂါးလေးဦးပုံရှိသည်။ နဂါးပုံပြရာတွင်လူသဏ္ဍာန်၏ ဦးခေါင်းနောက်တွင် နဂါးဦးခေါင်းပုံဖြင့် ပါရှိသည်။ နဂါးမင်းလက်ထဲတွင် စောင်းပါရှိပြီး နောက်၌ နဂါးတစ်ဦးပုံနှင့် ရှေ့တွင် နဂါးနှစ်ဦးပုံရှိသည်။ အမြင့် ၁၀၅ စင်တီမီတာရှိသည်။

## ■ ရေဝတဘုရားလက်ထက်ဘုရားလောင်းဗျာဒိတ်ခံကျောက်ဆစ်လက်ရာ

ရေဝတဘုရားသည် ကံ့ကော်ပင်၌ပွင့်တော်မူ၍ အရပ်တော် အတောင် ၈၀ ရှိပြီး အသက်အပိုင်းအခြားအားဖြင့် အနှစ်ခြောက်သောင်းဖြစ်သည်။ ရေဝတဘုရားရှင်လက်ထက်၌ ဘုရားလောင်းသည် ရမ္မာဝတီပြည်၌ အတိဒေဝပုဏ္ဏားဖြစ်၍ အဖိုးတစ်သိန်းထိုက်သော ကိုယ်ဝတ်တော်လှူ၍ ဗျာဒိတ်ခံခဲ့သည်။

ကျောက်ဆစ်ရုပ်အောက်ခြေတွင် ဒူးတုပ်ရှိခိုးနေသူ လေးဦးရှိသည်။ အမျိုးသားတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



၏ လက်ထဲတွင် အဝတ်ကဲ့သို့ အရာကိုင်ထားသည်။ ထိုသူ၏နောက်တွင် အမျိုးသမီးတစ်ဦးနှင့် ရှေ့တွင်လည်း အမျိုးသမီးနှစ်ဦးရှိသည်။ အတိုင်းအတာမှာအမြင့် ၁၁၀ စင်တီမီတာရှိသည်။

## ■ သောဘိတဘုရားလက်ထက်ဘုရားလောင်းဗျာဒိတ်ခံကျောက်ဆစ် လက်ရာ

သောဘိတဘုရားရှင်သည် ကုံကော်ပင်၌ပွင့်တော်မူ၍ အရပ်တော် ၅၈ တောင်ရှိပြီး အသက်အပိုင်းအခြားအားဖြင့် အနှစ်ကိုးသောင်းဖြစ်သည်။ သောဘိတဘုရားလက်ထက်၌ သုဇာတပုဏ္ဏားသည် ဘုရားအမှူးပြုသော သံဃာတော်တို့အား ကြီးစွာသောအလှူပေး၍ ဗျာဒိတ်ခံခဲ့သည်။ အောက်တွင် ထုံးစံလက်ဖြင့် ရဟန်းနှစ်ပါးနှင့် ဆံထုံးမြင့်ဖြင့် ရှိခိုးနေဟန် အမျိုးသားတစ်ဦး၊ ဆံပင်နောက်ကောက်ဖြင့်တစ်ဦး ပါရှိသည်။ နှစ်ဦးစီ၏ အလယ်တွင် ပန်းတစ်ပွင့်ပါရှိသည်။ အမြင့် ၁၀၁ စင်တီမီတာရှိသည်။

## ■ ပဒုမုတ္တရဘုရားလက်ထက်ဘုရားလောင်းဗျာဒိတ်ခံကျောက် ဆစ်လက်ရာ

ပဒုမုတ္တရာဘုရားရှင်သည် အင်ကြင်းပင်၌ ပွင့်တော်မူ၍ အရပ်တော် ၅၈ တောင်ရှိပြီး အသက်အပိုင်းအခြားအားဖြင့် အနှစ်တစ်သိန်းဖြစ်သည်။ ပဒုမုတ္တရာဘုရားလက်ထက်၌ ဘုရားလောင်း ဇဋိလအမည်ရှိသောရသေ့သည် ဘုရားအမှူးပြုသော သံဃာတော်တို့အား ပရိက္ခရာနှင့်တကွ အလှူကြီးပေး၍ ဗျာဒိတ်ခံခဲ့သည်။ ကျောက်ဆစ်လက်ရာအောက်တွင် ရှိခိုးနေသူ နှစ်ဦးနှင့် လက်တစ်ဖက်မြှောက်နေသူ နှစ်ဦးရှိသည်။ အမြင့် ၁၀၆ ဒသမ ၅ စင်တီမီတာရှိသည်။

## ■ သုဇာတဘုရားလက်ထက်ဘုရားလောင်းဗျာဒိတ်ခံကျောက်ဆစ်လက်ရာ

သုဇာတဘုရားရှင်သည် ကြခတ်ဝါးပင်၌ပွင့်တော်မူ၍ အရပ်တော် အတောင် ၅၀ ရှိပြီး အသက်အပိုင်းအခြားအားဖြင့် အနှစ်ကိုးသောင်းဖြစ်သည်။ သုဇာတဘုရားလက်ထက် ဘုရားလောင်းသည် စကြာမင်းဖြစ်၍ ဘုရားရှင်နှင့် သံဃာတော်တို့အား ရတနာခုနစ်ပါးနှင့်တကွ လေးကျွန်းလုံးအားပူဇော်၍ ရဟန်းပြုတော်မူပြီး ဗျာဒိတ်ခံခဲ့သည်။ ကျောက်ဆစ်လက်ရာအောက်တွင် ရှိခိုးနေသောရဟန်းလေးဦးပုံနှင့် အလယ်တွင်ပန်းတစ်ပွင့်ပါရှိသည်။ အောက်ခြေတွင်အမြင့် ၁၀၂ စင်တီမီတာရှိသည်။



## ■ ပိယဒဿီဘုရားလက်ထက် ဘုရားလောင်းဗျာဒိတ်ခံကျောက်ဆစ်လက်ရာ

ပိယဒဿီဘုရားရှင်သည် ရေခံတက်ပင်၌ပွင့်တော်မူ၍ အရပ်တော် အတောင် ၈၀ ရှိပြီး အသက်အပိုင်းအခြားအားဖြင့် အနှစ်ကိုးသောင်းဖြစ်ပါသည်။ ပိယဒဿီဘုရားလက်ထက် ဘုရားလောင်းသည် ကဿပလုလင်ဖြစ်၍ ဘုရား၏တရားတော်ကိုနာကြားရပြီးနောက် ကုဋေတစ်သိန်းသောဥစ္စာကိုစွန့်၍ ကျောင်းဆောက်လှူဒါန်းပြီး ဗျာဒိတ်ခံခဲ့သည်။ အောက်ခြေကျောက်ဆစ်လက်ရာတွင် ရဟန်းလေးပါးပုံရှိသည်။ အတိုင်းအတာမှာ အမြင့် ၁၀၈ စင်တီမီတာရှိသည်။

## ■ အတ္ထဒဿီဘုရားလက်ထက်ဘုရားလောင်းဗျာဒိတ်ခံကျောက် ဆစ်လက်ရာ

အတ္ထဒဿီဘုရားရှင်သည် စံကားပင်၌ပွင့်တော်မူ၍ အရပ်တော် အတောင် ၈၀ ရှိပြီး အသက်အပိုင်းအခြားအားဖြင့် အနှစ်တစ်သိန်းဖြစ်သည်။ အတ္ထဒဿီဘုရားလက်ထက် ဘုရားလောင်းသည် သုသီမပုဏ္ဏားဖြစ်၍ ရွှေ၊ ငွေ၊ ဥစ္စာတို့ကိုပယ်စွန့်၍ ရဟန်းပြုပြီးနောက် နတ်ပြည်၌ဖြစ်သော ပင်လယ်ကသစ်ပွင့်နှင့် ပဒုမ္မာကြာပန်းတို့ဖြင့် ဘုရားရှင်အားပူဇော်၍ ဗျာဒိတ်ခံခဲ့သည်။

ကျောက်ဆစ်လက်ရာအောက်ခြေတွင် ပန်းနှင့်တူသောအရာကို လက်တစ်ဖက်ဖြင့် ကိုင်ထားသော ရသေ့နှင့် ရဟန်း နှစ်ဦး၊ လူတစ်ဦးရှိသည်။ အမြင့် ၁၀၆ စင်တီမီတာရှိသည်။

## ■ ဓမ္မဒဿီဘုရားလက်ထက် ဘုရားလောင်းဗျာဒိတ်ခံကျောက်ဆစ်လက်ရာ

ဓမ္မဒဿီဘုရားရှင်သည် ရေခံတက်ပင်၌ ပွင့်တော်မူ၍ အရပ်တော် အတောင် ၈၀ ရှိပြီး အသက်အပိုင်းအခြားအားဖြင့် အနှစ်တစ်သိန်းဖြစ်သည်။ ဓမ္မဒဿီဘုရားလက်ထက်၌ ဘုရားလောင်းသည် သိကြားမင်းဖြစ်၍ နတ်တို့၏ စည်း၊ စောင်းငြင်းတို့နှင့်တကွ အထူးထူးသော ပန်းတို့ဖြင့် ဘုရားရှင်အားပူဇော်ခြင်းဖြင့် ဗျာဒိတ်ခံခဲ့သည်။

ကျောက်ဆစ်လက်ရာအောက်ခြေတွင် နတ်လေးဦးရှိသည်။ နတ်တစ်ဦးက စောင်းကောက်တီးနေသည်။ အခြားနတ်သုံးဦးက ဒူးတုပ်ရှိခိုးနေသည်။ အမြင့် ၈၆ စင်တီမီတာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



### ■ သိဒ္ဓတ္ထဘုရားလက်ထက် ဘုရားလောင်းဗျာဒိတ်ခံဇာတ်ဆက်ရာ

သိဒ္ဓတ္ထဘုရားရှင်သည် မဟာလေ့ကားပင်၌ပွင့်တော်မူ၍ အရပ်တော် အတောင် ၆၀ ရှိပြီး အသက်အပိုင်းအခြားအားဖြင့် အနှစ်တစ်သိန်းရှိသည်။ သိဒ္ဓတ္ထဘုရားလက်ထက်၌ ဘုရားလောင်းသည် အဘိညာဥ်ရသော မင်္ဂလရသေ့အမည်ဖြင့် ဇမ္ဗူသပြေသီးကိုဆောင်၍ ဘုရားအားလှူပြီး ဗျာဒိတ်ခံခဲ့သည်။

ကျောက်ဆစ်လက်ရာအောက်ခြေတွင် သစ်သီးကိုင်မြှောက်ထားသော ရသေ့တစ်ဦးနှင့် ထိုရသေ့ရှေ့၌ ရှိခိုးနေသောရသေ့တစ်ဦး၊ ထိုရသေ့နှစ်ပါးတို့၏နောက်တွင် ရဟန်းတစ်ပါးစီပုံတို့ရှိသည်။ အတိုင်းအတာအမြင့်မှာ ၁၀၂ စင်တီမီတာရှိသည်။

### ■ တိဿဘုရားလက်ထက် ဘုရားလောင်းဗျာဒိတ်ခံဇာတ်ဆက်ရာ

တိဿဘုရားရှင်သည် ပိတောက်ပင်၌ပွင့်တော်မူ၍ အရပ်တော်အတောင် ၆၀ ရှိပြီး အသက်အပိုင်းအခြားအားဖြင့် အနှစ်တစ်သိန်းရှိသည်။ တိဿဘုရားလက်ထက် ဘုရားလောင်းသည် ရညဝတီပြည်၌ သုဇာတအမည်ရှိသောမင်းဖြစ်၍ ကြီးစွာသောပြည်စည်းစိမ်ကို စွန့်တော်မူပြီး ရဟန်းပြု၍ တန်ခိုးအားဖြင့် တာဝတိံသာ၌ ပင်လယ်ကသစ်ပန်းတို့ကိုဆောင်ယူပြီး များစွာသောပန်းတို့ဖြင့် ဘုရားရှင်အားပူဇော်၍ ဗျာဒိတ်ခံခဲ့သည်။

ကျောက်ဆစ်လက်ရာအောက်ခြေတွင် ရှိခိုးနေသော ရသေ့နှင့် အခြားရှိခိုးနေသော ရဟန်းသုံးဦးရှိသည်။ ရသေ့နှင့် ရဟန်းအကြားတွင် ပန်းတစ်ပွင့်ရှိသည်။ အမြင့် ၁၀၂ ဒသမ ၅ စင်တီမီတာရှိသည်။

### ■ ဖုဿဘုရားလက်ထက် ဘုရားလောင်းဗျာဒိတ်ခံဇာတ်ဆက်ရာ

ဖုဿဘုရားရှင်သည် သျှစ်ရှားပင်၌ပွင့်တော်မူ၍ အရပ်တော် ၅၈ တောင်ရှိပြီး အသက်အပိုင်းအခြားအားဖြင့် အနှစ်ကိုးသောင်းရှိသည်။ ဖုဿဘုရားလက်ထက်၌ ဘုရားလောင်းသည် အရိန္ဒမာပြည်၌ ဝိဇိတာဝီအမည်ရှိသောမင်းဖြစ်၍ မင်း၏စည်းစိမ်ကိုစွန့်၍ ရဟန်းပြုကာ ဘုရားရှင်ထံ၌ ဗျာဒိတ်ခံခဲ့သည်။

အောက်ခြေတွင် ဒူးတုပ်ရှိခိုးနေသော လူနှစ်ယောက်နှင့် ရဟန်းနှစ်ပါးတို့ ပါရှိသည်။ ဝိဇိတာဝီမင်းရဟန်းပြု၍ ဗျာဒိတ်ခံသည့်ဟန် ဖြစ်ပါသည်။ အမြင့် ၁၀၂ စင်တီမီတာရှိသည်။

BURMESE CLASSIC .com



### ■ သိခီဘုရားရှင်လက်ထက်ဘုရားလောင်းဗျာဒိတ်ခံဇာတ်ဆက်ရာ

သိခီဘုရားရှင်သည် သရက်ဖြူပင်၌ပွင့်တော်မူ၍ အရပ်တော် အတောင် ၇၀ ရှိ၍ အသက်အပိုင်းအခြားအားဖြင့် အနှစ်ခုနစ်သောင်းရှိသည်။ သိခီဘုရားလက်ထက်၌ ဘုရားလောင်းသည် အရိန္ဒမာမင်းဖြစ်၍ ဘုရားအမှူးပြုသော သံဃာတို့အား အလှူကြီးပေး၍ ဗျာဒိတ်ခံခဲ့သည်။

ကျောက်ဆစ်လက်ရာအောက်ခြေတွင် မုတ်ဆိတ်ပါသောမင်းပုံနှင့် ရှေ့တွင် အပေါ်က သပိတ်ကဲ့သို့သောအရာနှင့် ဘေးတွင်အတုံးတစ်ခုအောက်တွင် ရေခရားအဖုံးနှင့် ရေခရားတစ်ခု၊ မင်း၏နောက်တွင် ရှိခိုးနေသော အမျိုးသမီးတစ်ဦးနှင့် ရှေ့တွင်ရှိခိုးနေသော ရဟန်းနှစ်ဦးပုံပါရှိသည်။ အမြင့် ၁၀၈ စင်တီမီတာရှိသည်။

### ■ ဝေဿဘူဘုရားလက်ထက်ဗျာဒိတ်ခံဇာတ်ဆက်ရာ

ဝေဿဘူဘုရားရှင်သည် အင်ကြင်းပင်၌ပွင့်တော်မူ၍ အရပ်တော် အတောင် ၆၀ ရှိပြီး အသက်အပိုင်းအခြားအားဖြင့် အနှစ်ခြောက်သောင်းရှိသည်။ ဝေဿဘူဘုရားလက်ထက်၌ ဘုရားလောင်းသည် အမရဝတီပြည်၌ သုဒဿနမင်းဖြစ်၍ ဘုရားအားကျောင်းဆောင်လှူဒါန်းပြီး ရဟန်းပြု၍ ဘုရားရှင်ထံဗျာဒိတ်ခံခဲ့သည်။ ကျောက်ဆစ်ရုပ်အောက်ခြေတွင် မကိုဋ်ဆောင်းထားသော မင်းနှင့် မိဖုရားပုံ၊ ရှေ့တွင် ရှိခိုးနေသော ရဟန်းနှစ်ပါးပုံပါရှိသည်။ အလယ်တွင် ပန်းတစ်ပွင့်ပါသည်။ အမြင့် ၁၁၅ စင်တီမီတာရှိသည်။

### ■ ဝေါကာဂါမနေဘုရားလက်ထက် ဘုရားလောင်းဗျာဒိတ်ခံဇာတ်ဆက်ရာ

ဂေါဏာဂါမနဘုရားရှင်သည် ရေသဖန်းပင်၌ပွင့်တော်မူ၍ အရပ်တော်အတောင် ၃၀ ရှိပြီး အသက်အပိုင်းအခြားအားဖြင့် အနှစ်သုံးသောင်းဖြစ်သည်။ ဂေါဏာဂါမနဘုရားလက်ထက် ဘုရားလောင်းသည် မိတ္ထီလာပြည်၌ ပဗ္ဗတအမည်ရှိသောမင်းဖြစ်၍ သံဃာတော်အပေါင်းအား ဝါတွင်းသုံးလပတ်လုံး အလှူကြီးပေး၍ ဗျာဒိတ်ခံခဲ့သည်။

အောက်ခြေကျောက်ဆစ်လက်ရာတွင် လက်၌တစ်စုံတစ်ခုကိုင်ထားသော မင်းနှင့် လက်အပေါ်တည့်တည့်တွင် ပန်းတစ်ပွင့်ပါရှိသည်။ မင်းနောက်တွင် အမျိုးသမီးတစ်ဦးပုံနှင့် ရှေ့တွင် ရဟန်းနှစ်ပါး ရှိခိုးနေပုံတို့ပါရှိသည်။ အမြင့် ၁၀၉ စင်တီမီတာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



■ **ကဿပဘုရားလက်ထက် ဘုရားလောင်းဗျာဒိတ်ခံဗျောက်ဆစ်လက်ရာ**

ကဿပဘုရားရှင်သည် ပဒေါင်ပင်၌ပွင့်၍ အရပ်တော် အတောင် ၂၀ ရှိပြီး အသက် အပိုင်းအခြားအားဖြင့် အနှစ် နှစ်သောင်းဖြစ်သည်။ ကဿပဘုရားလက်ထက်၌ ဘုရား အလောင်းသည် ဇောတိပါလလုလင်ဖြစ်၍ သာသနာတော်၌ အလွန်ကြည်ညိုသောစိတ်ရှိ သဖြင့် ရဟန်းပြုပြီးဘုရားရှင်ထံ ဗျာဒိတ်ခံခဲ့သည်။

အောက်ခြေဗျောက်ဆစ်လက်ရာတွင် ရှိခိုးနေသောအမျိုးသားနှင့် အမျိုးသမီးပုံ၊ ထိုနှစ်ဦးရှေ့၌ ရဟန်းနှစ်ပါးပုံနှင့် ဘေးတစ်ဖက်စီတွင် ပန်းတစ်ပွင့်စီရှိသည်။ အမြင့် ၁၀၆ စင်တီမီတာရှိသည်။






www.burmeseclassic.com

www.burmeseclassic.com



## ပုဂံခေတ်ဗုဒ္ဓအနုပညာပြခန်း

ပုဂံခေတ်ဗုဒ္ဓအနုပညာပြခန်းသည် ပုဂံခေတ်ဗုဒ္ဓဆင်းတုတော်ပြခန်း၏ အနောက်ဘက် ကပ်လျက်တွင်ရှိပါသည်။ ပြသပစ္စည်းများအား မှန်ဗီရိုများဖြင့်ခင်းကျင်း၍ ပြသထားပါသည်။ ပြခန်းအတွင်း၌ ရွှေ၊ ငွေ၊ ကြေး၊ ခဲဖြူ၊ ခဲမည်းဖြင့် သတ္တုငါးမျိုးပေါင်းစပ်၍ ထုလုပ်ထားသော ပဉ္စလောဟာဆင်းတုတော်ကိုလည်း လေ့လာကြည့်ရှုနိုင်ပါသည်။ ထိုအပြင် ပလ္လင်ပါ သစ်သားဆင်းတုတွင် ပန်းပုလက်ရာများ၊ ပုဂံဒေသတစ်ဝိုက် ဘုရားများမှ အုတ်ခွက်များ၊ သဲကျောက် ဗိုက်ပူရဟန္တာများ၊ မင်းဝတ်တန်ဆာပါ ဗုဒ္ဓဆင်းတုတော်များ၊ မြတ်စွာဘုရားရှင်ဖွားတော်မူခန်း၊ ပွင့်တော်မူခန်း၊ တရားဦးဟောခန်း၊ တာဝတိံသာဆင်းခန်း၊ ပါလိလေယျကတော၌ သီတင်းသုံးခန်း၊ တန်ခိုးပြာဋိဟာပြခန်း၊ နာဠာဂီရိဆင်ချုတ်ခန်း၊ ပရိနိဗ္ဗာန်စံခန်းတို့ပါရှိသည့် ဗုဒ္ဓဝင်ရှစ်ခန်းပါ အန္တကူရုပ်ချပ်များ၊ တာဝတိံသာဆင်းခန်း သစ်သားလက်ရာနှင့် မြေဗုဒ္ဓဆင်းတုတော်တို့ကိုလည်း ပြသထားပါသည်။

ထို့အပြင် ဗုဒ္ဓဝင်ခန်းပါသော ကြေးကြာဖူး၊ သာဝကနှစ်ပါးခြံရံ၍ ထိုင်နေတော်မူသော ဗုဒ္ဓရုပ်ပွားတော်ကြေးဖောင်းကြွများ၊ ၂၄ ပစ္စည်း၊ ဂုဏ်တော်ကိုးပါးစသည်တို့ ပါရှိသော ရွှေပေလွှာနှင့် ပရိနိဗ္ဗာန်စံခန်းကြေးဖောင်းကြွ၊ ရွှေဆင်းတုတော်စသည့်တို့ကိုလည်း လေ့လာနိုင်ပါသည်။



## ပုဂံခေတ်ဗုဒ္ဓဆင်းတုတော်ပြခန်း



အေဒီ (၁၁)ရာစု (သဲကျောက်)



အေဒီ (၁၂)ရာစု (သဲကျောက်)



အေဒီ (၁၂)ရာစု (သဲကျောက်)

www.burmeseclassic.com

www.burmeseclassic.com



## ပုဂံခေတ်ဗုဒ္ဓဆင်းတုတော်ပြခန်း



ဘုရားလောင်း ဒုက္ကရစရိယကျင့်ပုံ



သုမန ဘုရားလက်ထက် အတုလ နဂါးမင်း ဗျာဒိတ်ခံယူ



သိခီဘုရားလက်ထက် အရိန္ဒမမင်း ဗျာဒိတ်ခံယူ

# ပုဂံခေတ် ဘုရားပုထိုးပန်းချီပြခန်း

## ART GALLERY OF BAGAN PERIOD ANCIENT MONUMENTS



www.burmeseclassic.com

www.burmeseclassic.com



## ပုဂံခေတ်ဘုရားပုထိုးပန်းချီပြခန်း

ပုဂံခေတ်ဘုရားပုထိုးပန်းချီပြခန်းတွင် မြန်မာ့ရိုးရာ ပန်းချီအစည်းအရုံးမှ ပန်းချီဆရာကြီးများက ပုဂံဒေသတစ်ဝိုက်ရှိ ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်းစသည့် အဆောက်အဦများ၏လက်ရာကို ဆီဆေးပန်းချီကားများအဖြစ်ရေးဆွဲ၍ မှတ်တမ်းတင် ပန်းချီကား၏ အောက်ထောင့်တွင် ပန္နက်ပုံနှင့် အထက်ထောင့်တို့တွင် ပြုပြင်ပြီးစီးပုံတို့ကို ဖော်ပြထားပါသည်။

ပြခန်း၏အနောက်ဘက်တွင် စဉ့်ကူမြို့မှပင့်ဆောင်ထားသော ပဉ္စလောဟာ ဆင်းတုတော်နှင့် ဘုရားအမှတ် (၁၅၁၅) မြေဘုံသာဘုရားလှအနီးမှ တူးဖော်ရရှိသော ရွှေဆင်းတုနှင့် ငွေဆင်းတုတို့ကိုလည်း ပြသထားပါသည်။ ထိုပဉ္စလောဟာဆင်းတုတော်၏ ထူးခြားမှုမှာ လည်ပင်းအရစ်မှ နှာတံအထိကြည့်မည်ဆိုလျှင် စေတီပုံပေါ်လွင်နေသည်ကို ထင်ထင်ရှားရှား ဖူးတွေ့နိုင်ပါသည်။

## ပုဂံခေတ်ဗုဒ္ဓအနုပညာပြခန်း



အန္တကူ ရုပ်ချပ်



တာတတိံသာဆင်းခန်း သစ်သားလက်ရာ



## ပုဂံခေတ်ဗုဒ္ဓအနုပညာပြခန်း




ပဉ္စလောဟာ ဆင်းတုတော်



ကြေးကြာပွင့်

www.burmeseclassic.com






## ပုဂံခေတ်နံရံဆေးရေးပန်းချီပြခန်း

ပုဂံခေတ်နံရံဆေးရေးပန်းချီပြခန်းသည် ဘုရား၊ ပုထိုး၊ ပန်းချီပြခန်းနှင့် နိုင်ငံတော်၏ ဦးတည်ချက် ၁၂ ရပ်နှင့် တိုင်းကျိုးပြည်ပြုပြခန်း၏ အလယ်တွင်ရှိသည်။ ပြသထားသော နံရံပန်းချီများမှာ ပုဂံဒေသရှိ ဂူဘုရားအချို့မှပုံတူကူးယူ၍ မူလဆေးရောင်အတိုင်း ရေးဆွဲပြသထားခြင်းဖြစ်သည်။ ပုဂံဒေသရှိ နံရံဆေးရေးပန်းချီဘုရားများမှာ နှစ်ပရိစ္ဆေဒကြာမြင့်ပြီဖြစ်၍လည်းကောင်း၊ ငလျင်ဒဏ် အကြိမ်ကြိမ်ခံရ၍လည်းကောင်း၊ မသိနားမလည်သောသူများ၏ ဖျက်ဆီးမှုကြောင့်လည်းကောင်း၊ မသမာသူလူအချို့၏ ခွာယူဖျက်ဆီးမှုကြောင့်လည်းကောင်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။

ရှေးရိုးမြန်မာပန်းချီကို ယခုခေတ်ရေး ပန်းချီများနှင့် လွယ်ကူစွာခွဲခြားသိသာနိုင်ပါသည်။ ရှေးရိုးပန်းချီ၏ အဓိကလက္ခဏာမှာ ကောက်ကြောင်း (သို့မဟုတ်) တစ်ကြောင်းဆွဲမျဉ်း ရေဆေးခြယ်နည်းပင် ဖြစ်ပါသည်။ ရှေးရိုးမြန်မာပန်းချီတွင် ကနုတ်၊ နာရီ၊ ကပိ၊ ဂဇာဟူ၍ ပန်းချီလေးမျိုးရှိသည်ဟု အဆိုရှိပေသည်။

ကနုတ်ဟူသည်မှာ သက္ကတဘာသာ ကောကနဒမှ ရွေ့လျောပြီး မြန်မာဝေါဟာရ ကနုတ်ဖြစ်လာဟန်ရှိ၍ ကြာခွေ၊ ကြာလိပ်၊ ကြာရိုး၊ ကြာစွယ်သဏ္ဌာန်ကို ယူသင့်ကြောင်း အဆိုရှိပါသည်။ နာရီမှာ အမျိုးသမီးကိုခေါ်ခြင်းဖြစ်ပြီး မြန်မာပန်းချီတွင် မင်းသမီး၊ မင်းသား အစရှိသော လူရုပ်ပုံသဏ္ဌာန်အမျိုးမျိုး နတ်ဗြဟ္မာနှင့် ရုပ်တု၊ ဆင်းတုတို့ကို အချိုးအဆက်ပြေပြစ်စွာရေးခြယ်ခြင်းကို အတိုချုံး၍ နာရီဟုမှည့်ခေါ်ခြင်း ဖြစ်နိုင်ပေသည်။ ကပိ၏အဓိပ္ပာယ်မှာ မျောက်ရုပ်ရေးနည်းပင်ဖြစ်သည်။ မျောက်ခေါင်း၊ ဘီလူးခေါင်း၊ ဟင်္သာ၊ ခြင်္သေ့စသည့် သတ္တဝါများနှင့် ဘီလူး၊ ယက္ခတို့ကိုလည်း ကပိရေးနည်းတွင် ထည့်သွင်းခေါ်သွင်းနိုင်ပေသည်။ ထို့အပြင် ဆင်တိရစ္ဆာန်ရေးဆွဲနည်းကို ဂဇာဟုခေါ်၍ ကြီးမားသော ကိုယ်ထည်ရှိသော တိရစ္ဆာန်တို့မှတစ်ဆင့် ထုထည်ကြီးမားသော အရာဝတ္ထုတည်ငြိမ်မှုသဘောပါဝင်သော အရာဝတ္ထုရေးနည်းများကို ပူးပေါင်း၍ ခေါ်ဝေါ်ဟန်ဖြစ်ပါသည်။

ပုဂံခေတ်ပန်းချီများကို အကြောင်းအရာလိုက်၍ အောက်ပါအမျိုးအစားများ ခွဲခြားလေ့လာနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၁) ဗုဒ္ဓဝင်နှင့် ရုပ်ပွားတော်များ

(၂) ငါးရာ့ငါးဆယ်ဇာတ်တော်များ

(၃) မဟာယာနနှင့် တန္တရပန်းချီများ

(၄) နတ်ရုပ်၊ ဗြဟ္မာရုပ်များ

(၅) ပုဂံမျက်မှောက်ခေတ်လုပ်ပုံများ

(၆) အတီး၊ အမှုတ်၊ အကအခုန်ပုံများ

(၇) ကနုတ်ပန်းများ

(၈) တိရစ္ဆာန်များ

ပြခန်းအတွင်း ပုံတူကူးနံရံဆေးရေးပန်းချီများမှာ ဖွားတော်မူခန်း၊ ကာဠုဒေဝီလရသေ့ ဘုရားလောင်းအားဖူးမြင်ခန်း၊ တရားဦးဟောခန်း၊ သတ္တဌာနစံတော်မူခန်း၊ တာဝတိံသာမှ ဆင်းသက်ခန်း စသည့်ပန်းချီများအား ပြခန်းတွင်လေ့လာကြည့်ရှုနိုင်ပါသည်။






www.burmeseclassic.com

www.burmeseclassic.com



## တိုင်းနှင့် ပြည်နယ်အလိုက် တက္ကသိုလ်၊ ဒီဂရီကောလိပ်

## ကောလိပ်နှင့် သိပ္ပံများ တည်ထောင်ဖွင့်လှစ်မှုပြ ဇယား

| စဉ် | ပြည်နယ်/တိုင်း | ၁၉၉၈ ခုနှစ် | | | | | ၂၀၀၈ ခုနှစ် | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | တက္ကသိုလ် | ဒီဂရီကောလိပ် | ကောလိပ် | သိပ္ပံ | ပေါင်း | တက္ကသိုလ် | ဒီဂရီကောလိပ် | ကောလိပ် | သိပ္ပံ | ပေါင်း |
| ၁။ | ကချင်ပြည်နယ် | - | ၁ | - | - | ၁ | ၆ | ၁ | ၂ | - | ၉ |
| ၂။ | ကယားပြည်နယ် | - | - | - | - | - | ၃ | - | - | - | ၃ |
| ၃။ | ကရင်ပြည်နယ် | - | - | ၁ | - | ၁ | ၃ | - | ၁ | - | ၄ |
| ၄။ | ချင်းပြည်နယ် | - | - | - | - | - | ၃ | - | - | - | ၃ |
| ၅။ | စစ်ကိုင်းတိုင်း | - | - | ၂ | - | ၂ | ၆ | ၁ | ၅ | - | ၁၂ |
| ၆။ | တနင်္သာရီတိုင်း | - | - | ၁ | - | ၁ | ၆ | - | ၁ | - | ၇ |
| ၇။ | ပဲခူးတိုင်း (အရှေ့) | - | - | ၁ | - | ၁ | ၆ | ၁ | ၂ | - | ၉ |
| ၈။ | ပဲခူးတိုင်း (အနောက်) | - | - | ၁ | - | ၁ | - | - | - | - | - |
| ၉။ | မကွေးတိုင်း | - | ၁ | ၂ | | ၃ | ၈ | ၁ | ၂ | - | ၁၁ |
| ၁၀။ | မန္တလေးတိုင်း | ၃ | - | ၁ | - | ၄ | ၂၆ | ၂ | ၆ | ၁ | ၃၅ |
| ၁၁။ | မွန်ပြည်နယ် | ၁ | - | - | - | ၁ | ၃ | ၁ | - | - | ၄ |
| ၁၂။ | ရခိုင်ပြည်နယ် | - | ၁ | - | - | ၁ | ၃ | - | ၁ | - | ၄ |
| ၁၃။ | ရန်ကုန်တိုင်း | ၁၀ | ၁ | - | ၁ | ၁၂ | ၂၆ | ၂ | ၄ | - | ၃၂ |
| ၁၄။ | ရှမ်းပြည်နယ် (တောင်) | - | ၁ | - | - | ၁ | ၁၂ | - | ၁ | - | ၁၃ |
| ၁၅။ | ရှမ်းပြည်နယ် (မြောက်) | - | - | ၁ | - | ၁ | - | - | - | - | - |
| ၁၆။ | ရှမ်းပြည်နယ် (အရှေ့) | - | - | - | - | - | - | - | - | - | - |
| ၁၇။ | ဧရာဝတီတိုင်း | - | ၁ | ၁ | - | ၂ | ၉ | - | ၃ | - | ၁၂ |
| | စုစုပေါင်း | ၁၄ | ၆ | ၁၁ | ၁ | ၃၂ | ၁၂၀ | ၉ | ၂၈ | ၁ | ၁၅၈ |

www.burmeseclassic.com

www.burmeseclassic.com



ပုဂံရှေးဟောင်းသုတေသနပြတိုက်
ပြသပစ္စည်းများနှင့် မြန်မာကျောက်စာ စာစုစာရင်း


## ■ ဝန်ကြီးဌာနအလိုက် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများ တိုးတက်မှုပြဇယား

| စဉ် ပြည်နယ်/တိုင်း | ၁၉၈၈ ခုနှစ် | | | | | ၂၀၀၈ ခုနှစ် | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | တက္ကသိုလ် | ဒီဂရီကောလိပ် | ကောလိပ် | သိပ္ပံ | ပေါင်း | တက္ကသိုလ် | ဒီဂရီကောလိပ် | ကောလိပ် | သိပ္ပံ | ပေါင်း | တိုးတက်မှု |
| ၁။ ပညာရေး | ၉ | ၆ | ၁၁ | ၁ | ၂၇ | ၃၈ | ၆ | ၂၀ | - | ၆၄ | ၃၇ |
| ၂။ ကျန်းမာရေး | ၄ | - | - | - | ၄ | ၁၅ | - | - | | ၁၅ | ၁၁ |
| ၃။ သိပ္ပံနှင့် နည်းပညာ | - | - | - | - | - | ၅၅ | - | ၄ | - | ၅၉ | ၅၉ |
| ၄။ ကာကွယ်ရေး | ၁ | - | - | - | ၁ | ၄ | - | - | ၁ | ၅ | ၄ |
| ၅။ ယဉ်ကျေးမှု | - | - | - | - | - | ၂ | - | - | - | ၂ | ၂ |
| ၆။ သစ်တော | - | - | - | - | - | ၁ | - | - | - | ၁ | ၁ |
| ၇။ လယ်ယာနှင့် ဆည်မြောင်း | - | - | - | - | - | ၁ | | - | - | ၁ | ၁ |
| ၈။ မွေးမြူရေး | - | - | - | - | - | ၁ | - | - | - | ၁ | ၁ |
| ၉။ သမဝါယမ | - | - | - | - | - | - | ၁ | ၄ | - | ၅ | ၅ |
| ၁၀။ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေး | - | - | - | - | - | ၁ | - | - | - | ၁ | ၁ |
| ၁၁။ သာသနာရေး | - | - | - | - | - | ၁ | - | - | - | ၁ | ၁ |
| ၁၂။ နယ်စပ်/စည်ပင် | - | - | - | - | - | - | ၂ | - | - | ၂ | ၂ |
| ၁၃။ ပို့ဆောင်ရေး | - | - | - | - | - | ၁ | - | - | - | ၁ | ၁ |
| စုစုပေါင်း | ၁၄ | ၆ | ၁၁ | ၁ | ၃၂ | ၁၂၀ | ၉ | ၂၈ | ၁ | ၁၅၈ | ၁၂၆ |

www.burmeseclassic.com

www.burmeseclassic.com

■ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ကျန်းမာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု ပြကွက်တွင် သက်ဆိုင်ရာလုပ်ငန်းရပ်များအား ဖော်ပြထားသည်။

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ကျန်းမာရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုပြဇယား

| စဉ် ပြည်နယ်/တိုင်း | ဆေးရုံများ တိုးချဲ့မြှင့်တင်မှု | | | ကျန်းမာရေး လုပ်ငန်းများ ဌာနများ | | | တက္ကသိုလ်များ | | | တိုင်းရင်းဆေးရုံ | | | သင်တန်းကျောင်း | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၉၈၈ ခုနှစ်ထိ | ၃၁-၁၂-၀၈ထိ | တိုးတက်မှု | ၁၉၈၈ ခုနှစ်ထိ | ၃၁-၁၂-၀၈ထိ | တိုးတက်မှု | ၁၉၈၈ ခုနှစ်ထိ | ၃၁-၁၂-၀၈ထိ | တိုးတက်မှု | ၁၉၈၈ ခုနှစ်ထိ | ၃၁-၁၂-၀၈ထိ | တိုးတက်မှု | ၁၉၈၈ ခုနှစ်ထိ | ၃၁-၁၂-၀၈ထိ | တိုးတက်မှု |
| ၁။ ကချင်ပြည်နယ် | ၃၅ | ၄၄ | ၁၂ | ၆၉ | ၇၇ | ၈ | - | - | - | - | ၁ | ၁ | ၁ | ၃ | ၂ |
| ၂။ ကယားပြည်နယ် | ၁၅ | ၁၆ | ၁ | ၃၂ | ၃၆ | ၄ | - | - | - | - | ၁ | ၁ | - | ၁ | ၁ |
| ၃။ ကရင်ပြည်နယ် | ၁၇ | ၂၆ | ၉ | ၅၀ | ၆၁ | ၁၁ | - | - | - | - | ၁ | ၁ | ၁ | ၂ | ၁ |
| ၄။ ချင်းပြည်နယ် | ၁၈ | ၂၄ | ၆ | ၆၆ | ၆၇ | ၁ | - | - | - | - | - | - | - | ၁ | ၁ |
| ၅။ စစ်ကိုင်းတိုင်း | ၇၉ | ၉၀ | ၁၁ | ၁၇၅ | ၁၈၄ | ၉ | - | - | - | - | ၂ | ၂ | ၁ | ၂ | ၁ |
| ၆။ တနင်္သာရီတိုင်း | ၂၂ | ၂၉ | ၇ | ၅၄ | ၅၇ | ၃ | - | - | - | - | ၁ | ၁ | ၁ | ၂ | ၁ |
| ၇။ ပဲခူးတိုင်း | ၆၁ | ၈၅ | ၂၄ | ၁၈၅ | ၂၀၂ | ၁၇ | - | - | - | - | ၁ | ၁ | ၃ | ၅ | ၂ |
| ၈။ မကွေးတိုင်း | ၅၆ | ၇၁ | ၁၅ | ၁၈၄ | · ၁၉၅ | ၁၁ | - | ၂ | ၂ | - | ၁ | ၁ | ၁ | ၄ | ၃ |
| ၉။ မန္တလေးတိုင်း | ၆၇ | ၉၁ | ၂၄ | ၂၁၆ | ၂၂၅ | ၉ | ၁ | ၆ | ၅ | - | - | - | ၃ | ၄ | ၁ |
| ၁၀။ မွန်ပြည်နယ် | ၂၀ | ၃၂ | ၁၂ | ၇၃ | ၈၂ | ၉ | - | - | - | - | ၁ | ၁ | ၂ | ၂ | - |
| ၁၁။ ရခိုင်ပြည်နယ် | ၃၆ | ၄၃ | ၇ | ၁၁၈ | ၁၂၅ | ၇ | - | - | - | - | ၁ | ၁ | ၁ | ၂ | ၁ |
| ၁၂။ ရန်ကုန်တိုင်း | ၅၃ | ၇၇ | ၂၄ | ၁၄၇ | ၁၆၈ | ၂၁ | ၃ | ၇ | ၄ | ၁ | - | - | ၅ | ၅ | - |
| ၁၃။ ရှမ်းပြည်နယ် | ၈၇ | ၁၃၇ | ၅၀ | ၁၇၄ | ၂၁၉ | ၄၅ | - | - | - | - | ၁ | ၁ | ၂ | ၆ | ၄ |
| ၁၄။ ဧရာဝတီတိုင်း | ၆၅ | ၇၅ | ၁၃ | ၂၃၉ | ၂၅၀ | ၁၁ | - | - | - | - | ၁ | ၁ | ၂ | ၃ | ၁ |



www.burmeseclassic.com

www.burmeseclassic.com



■ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း တည်ဆောက်ဆဲ၊ တည်ဆောက်ပြီး ဆည်မြောင်းလုပ်ငန်းများပြကွက်တွင် ၁၉၆၂–၁၉၆၃ ခုနှစ်မှ ၁၉၈၈–၁၉၈၉ ခုနှစ်ထိကာလနှင့် ၁၉၈၈–၁၉၈၉ ခုနှစ်မှ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလအထိကာလကို ပြည်ထောင်စုမြန်မာနိုင်ငံတော် မြေပုံနှင့်အတူ ဆည်မြောင်းလုပ်ငန်း ဖြစ်ပေါ်တိုးတက်မှုပြဇယားကို ပူးတွဲပြသထားပါသည်။

## ဆည်းမြောင်းလုပ်ငန်း ဖြစ်ပေါ်တိုးတက်မှုပြဇယား

| | | ၁၉၆၂-၆၃ခုနှစ် မှ ၁၉၈၈-၈၉ခုနှစ် အထိ | | ၁၉၈၈-၈၉ခုနှစ်မှ ၂၀၀၈ခုနှစ် ဒီဇင်ဘာလအထိ | |
|---|---|---|---|---|---|
| စဉ် | ပြည်နယ်/တိုင်း | လုပ်ငန်း အရေအတွက် | အကျိုးပြု ဧရိယာ (ဧက) | လုပ်ငန်း အရေအတွက် | အကျိုးပြု ဧရိယာ (ဧက) |
| ၁။ | ကချင်ပြည်နယ် | ၃ | ၂၃၈၃၇ | - | - |
| ၂။ | ကယားပြည်နယ် | ၅ | ၂၈၃၆၁ | ၂ | ၃၁၅၀ |
| ၃။ | ကရင်ပြည်နယ် | ၆ | ၅၇၂၃ | ၁ | ၁၀၀<br>သောက်သုံးရေ |
| ၄။ | ချင်းပြည်နယ် | - | - | ၁ | ၅၀၀ |
| ၅။ | စစ်ကိုင်းတိုင်း | ၂ | ၃၅၀၀ | ၂၃ | ၃၇၅၄၄၄ |
| ၆။ | တနင်္သာရီတိုင်း | - | - | ၁ | ရေပေးရေး |
| ၇။ | ပဲခူးတိုင်း | ၆ | ၁၀၇၄၈၉ | ၄၆ | ၈၈၅၄၇၀ |
| ၈။ | မကွေးတိုင်း | ၄ | ၂၁၄၅၈ | ၄၃ | ၃၀၀၀၈၃ |
| ၉။ | မန္တလေးတိုင်း | ၂၃ | ၂၃၄၄၈၀ | ၅၂ | ၃၉၄၇၆၉ |
| ၁၀။ | မွန်ပြည်နယ် | ၁ | ၅၅၇ | ၁၁ | ၁၁၃၈၀၀ |
| ၁၁။ | ရခိုင်ပြည်နယ် | ၂ | ၆၀ + ရေပေးရေး | ၅ | ၅၄၅၀+ရေပေးရေး |
| ၁၂။ | ရန်ကုန်တိုင်း | - | - | ၁၈ | ၂၈၉၃၉၅ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၇ | ၅၇၄၅၀ | ၅ | ၁၁၄၄၄၃ |
| ၁၄။ | ဧရာဝတီတိုင်း | - | - | ၉ | ၂၉၇၄၂၁ |
| | စုစုပေါင်း | ၆၉ | ၄၈၂၉၁၅ | ၂၁၇ | ၂၇၈၀၀၂၅ |



www.burmeseclassic.com

www.burmeseclassic.com





ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ပေ ၁၈၀ အထက် တံတားကြီးများပြကွက်တွင်

**၁၉၈၈ ခုနှစ်ကာလအထိနှင့် ၁၉၈၈ ခုနှစ်မှ ယနေ့အထိ တည်ဆောက်ပြီး**

**တည်ဆောက်ဆဲ တည်ဆောက်ရန် လျာထားသည့် ပေ ၁၈၀ အထက် တံတားကြီးများ**

| စဉ် | ပြည်နယ်/တိုင်း | ၁၉၈၈ ခုနှစ် ကာလအထိ တည်ဆောက်ပြီး တံတားအရေအတွက် | ၁၉၈၈ ခုနှစ်မှ ယနေ့အထိ တည်ဆောက်ပြီး တံတားအရေအတွက် | ၁၉၈၈ ခုနှစ်မှ ယနေ့အထိ တည်ဆောက်ဆဲတံတား အရေအတွက် | ၁၉၈၈ ခုနှစ်မှ ယနေ့အထိ တည် ဆောက်ရန်လျာထား တံတားအရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | ၂၇ စင်း | ၁၇ စင်း | ၁ စင်း | - |
| ၂။ | ကယားပြည်နယ် | ၆ စင်း | - | ၂ စင်း | - |
| ၃။ | ကရင်ပြည်နယ် | ၈ စင်း | ၆ စင်း | - | - |
| ၄။ | ချင်းပြည်နယ် | ၂ စင်း | ၃ စင်း | - | - |
| ၅။ | စစ်ကိုင်းတိုင်း | ၁၇ စင်း | ၁၆ စင်း | ၁ စင်း | ၁ စင်း |
| ၆။ | တနင်္သာရီတိုင်း | ၈ စင်း | ၆ စင်း | - | - |
| ၇။ | ပဲခူးတိုင်း | ၃၆ စင်း | ၁၆ စင်း | ၃ စင်း | ၁ စင်း |
| ၈။ | မကွေးတိုင်း | ၂၀ စင်း | ၁၇ စင်း | ၂ စင်း | - |
| ၉။ | မန္တလေးတိုင်း | ၁၈ စင်း | ၁၀ စင်း | ၃ စင်း | - |
| ၁၀။ | မွန်ပြည်နယ် | ၃ စင်း | ၄ စင်း | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၁၁ စင်း | ၃၆ စင်း | - | - |
| ၁၂။ | ရန်ကုန်တိုင်း | ၇ စင်း | ၃၀ စင်း | ၁ စင်း | - |
| ၁၃။ | ရှမ်းပြည်နယ် (အရှေ့) | ၄ စင်း | ၄ စင်း | - | - |
| ၁၄။ | ရှမ်းပြည်နယ် (တောင်ပိုင်း) | ၅ စင်း | ၅ စင်း | ၂ စင်း | - |
| ၁၅။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | ၁၅ စင်း | ၅ စင်း | ၂ စင်း | ၁ စင်း |
| ၁၆။ | ဧရာဝတီတိုင်း | ၁၁ စင်း | ၄၄ စင်း | ၄ စင်း | ၃ စင်း |

www.burmeseclassic.com

www.burmeseclassic.com



■ ပြခန်းအတွင်း၌ နိုင်ငံတော်ဦးတည်ချက် ၁၂ ရပ်ပြကွက်၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ၇ ရပ်ပြကွက်နှင့် လူမှုရေးဦးတည်ချက်မြင့်မားရေး၊ စီးပွားရေးဦးတည်ချက်ဖွံ့ဖြိုးရေး၊ နိုင်ငံရေးဦးတည်ချက်ခိုင်မာရေး ပြကွက်တို့နှင့်အတူ ညောင်ဦးခရိုင်မြစ်ရေတင်စီမံကိန်းနှင့် ညောင်ဦးမြို့နယ်ကျေးရွာ ရေရရှိရေးစီမံကိန်းများ ပြကွက်ကိုလည်း ပြသထားပါသည်။

| စီမံကိန်းဒေသအမည် | စက်ရေတွင်းအရေအတွက် | လျှာထားဧရိယာ(ဧက) |
|---|---|---|
| လောကနန္ဒာ | ၇ | ၁၁၀၀၀ |
| ကျောက်ကူး | ၇ | ၂၅၀၀ |
| သူကောင်းတည် | ၈ | ၆၀၀၀ |
| လက်ပံခြေပေါ် | ၂ | ၁၅၀၀ |
| ငါ့သရောက် | ၁၈ | ၈၇၀၀ |

ညောင်ဦး (ပုဂံ) မြို့နယ်ကျေးရွာ ရေရရှိရေးစီမံကိန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် JICA တို့ ပူးပေါင်း၍ ဆောင်ရွက်ကြရာ မူလတွင်းဟောင်း (တွင်းနက်) ပြုပြင်သောကျေးရွာ ၂၀၊ တွင်းသစ် တူးဖော်ပြီးစီးသောကျေးရွာ ၁၁ ရွာရှိပါသည်။



## ပုဂံခေတ်စာပေပြခန်းအတွင်းရှိ ကျောက်စာ စာစုစာရင်း

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များဖြစ်သော ကျောက်စာ၊ မင်စာ၊ ပေစာ၊ ပုရပိုက်စာများသည် ရှေးဟောင်းသုတေသီတို့အတွက် တန်ဖိုးမဖြတ်နိုင်သော စာပေပစ္စည်းများ ဖြစ်ကြပါသည်။

ပုဂံရှေးဟောင်းသုတေသနပြတိုက်အတွင်းရှိ မြန်မာကျောက်စာများအား စာစုစာရင်းပြုစုရခြင်းရည်ရွယ်ချက်မှာ ရှေးဟောင်းသုတေသနပညာရပ်ကို လေ့လာနေကြသော ပညာရှင်များ၊ သုတေသီများ၊ ကျောင်းသား-ကျောင်းသူများအတွက်လည်းကောင်း၊ သင်တန်းပြီးဆုံးသွားသော်လည်း မိမိတာဝန်ထမ်းဆောင်နေသော ဌာနခွဲတွင် တစ်ဖက်တစ်လမ်းမှ အကျိုးပြုအသုံးဝင်နိုင်မည်ဟုယူဆမိ၍ ဖြစ်ပါသည်။

ဤစာစုစာရင်းတွင်ပါဝင်သော ကျောက်စာများသည် အများအားဖြင့် အလှူမှတ်တမ်းတင် ကျောက်စာများဖြစ်ကြပါသည်။ ပုဂံခေတ်က အလှူရှင်များသည် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ လယ်၊ မြေ၊ ထန်း၊ ယာ၊ ဥယျာဉ်၊ ကျွန်များလှူဒါန်းခြင်းစသည့် ကုသိုလ်ကောင်းမှုများကို အရှည်တည့်တံ့စေခြင်းအကျိုးငှာ ကမ္ဗည်းမှတ်တမ်းကကျောက်စာရေးထိုးခဲ့ကြပါသည်။

ပုဂံခေတ်ကျောက်စာများသည် ပုဂံခေတ် လူ့အဖွဲ့အစည်း၏ ကံသုံးပါးအမှုအရာများကို ဖော်ပြနေသော စာများဖြစ်ကြပါသည်။ အလှူကောင်းမှုပြုခြင်းသည် မြင်ယောင်နိုင်သော ကိုယ်အမှုအရာဖြစ်ပြီး ကျောက်စာ၌ ရေးထိုးမှတ်တမ်းတင်သမျှသည် ကြားယောင်နိုင်သော နှုတ်အမှုအရာဖြစ်ပေသည်။ ထို ကိုယ်နှုတ်အမှုအရာတို့ကို မြင်ယောင်၊ ကြားယောင်လာအောင် ရေးနိုင်သောအခါ ကျောက်စာရှင်၏စိတ်ကိုပါ မြင်လာရပေသည်။ ထိုကံသုံးပါးအမှုအရာတို့သည် ကျောက်စာရှင်တစ်ဦး၏ အမှုအရာသက်သက်မဟုတ် ပုဂံခေတ်လူ့အဖွဲ့အစည်း၏ အမှုအရာ (သို့မဟုတ်) ကံသုံးပါးအမှုအရာတို့ကို ပေါ်လွင်စေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤစာစုစာရင်းသည် ၁၉၀၄ ခုနှစ်တွင်ဖွင့်လှစ်ခဲ့သော ပုဂံရှေးဟောင်းသုတေသနပြတိုက်ဟောင်းရှိ ကျောက်စာအချို့နှင့် ၁၉၇၉ ခုနှစ်တွင်ဖွင့်လှစ်ခဲ့သော ပုဂံရှေးဟောင်းသုတေသန ရှစ်မြှောင့်ပုံပြတိုက်ဟောင်းရှိ ကျောက်စာများအား စုစည်းပြောင်းရွှေ့၍ ၁၉၉၈ ခုနှစ်တွင် အသစ်ဖွင့်လှစ်ခဲ့သော ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ခင်းကျင်းပြသထားသော ပုဂံခေတ်စာပေပြခန်းအတွင်းရှိ မြန်မာကျောက်စာများအား စာစုစာရင်းအဖြစ် တင်ပြထားခြင်း ဖြစ်သည်။



# ပုဂံခေတ်စာပေပြခန်းရှိ မြန်မာကျောက်စာ စာစုစာရင်း



## စာစုစာရင်းတင်ပြပုံ

ဤစာစုစာရင်းတွင် အဓိကအပိုင်းကြီး သုံးပိုင်းဖြင့် ပိုင်းခြားစီစဉ်ထားပါသည်။ အပိုင်း (၁) တွင် ပုဂံရှေးဟောင်းသုတေသနပြတိုက် သမိုင်းအကြောင်းကိုလည်းကောင်း၊ ပုဂံခေတ် စာပေပြခန်းအကြောင်းကိုလည်းကောင်း၊ ပုဂံရှေးဟောင်းသုတေသနပြတိုက်၊ ဓာတ်ပုံ၊ စာပေပြခန်း၊ ဓာတ်ပုံနှင့် ပန္နက်ပုံတို့ကိုလည်းကောင်း၊ စာစုစာရင်းတင်ပြစီစဉ်ပုံနှင့် အတို အမှတ်သင်္ကေတ ရှင်းလင်းချက်များပါဝင်ပေသည်။

အပိုင်း (၂) တွင် ပုဂံရှေးဟောင်းသုတေသနပြတိုက်၊ ပုဂံခေတ် စာပေပြခန်းရှိ ကျောက်စာ စာစုစာရင်းများကို စာစုစာရင်းတင်ပြရာတွင် စာရေးသူနေရာ၌ အလှူရှင်၏ အမည်ကိုလည်းကောင်း၊ အက္ခရာဝလီစီတင်ပြထားပြီး စာအုပ်အမည်နေရာတို့တွင် ကျောက်

www.burmeseclassic.com

www.burmeseclassic.com



စာများတည်ရှိသော ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်ဟူ၍ ထည့်သွင်းဖော်ပြထားပါသည်။ ကျောက်စာအမည်၊ ရေးထိုးသောခုနှစ်၊ ကျောက်စာမျက်နှာအရေအတွက်၊ ကျောက်စာ စာကြောင်းရေ၊ ရေးထိုးထားသော ဘာသာ၊ ရှေးဟောင်းသုတေသန (ယခင်) ၏ကျောက်စာအမှတ်ဖြင့်လည်းကောင်း၊ ထိုအပြင် နှောင်းတွေ့ကျောက်စာများအား ပုဂံရှေးဟောင်းသုတေသနပြတိုက်မှ ယာယီအမှတ်ဖြင့်လည်းကောင်း အစရှိစာသားများဖြင့် စီစဉ်တင်ပြထားပါသည်။

ပုဂံရှေးဟောင်းသုတေသနပြတိုက်အတွင်းရှိ စာပေပစ္စည်းကျောက်စာများသည် ခင်းကျင်းပြသထားသော ကျောက်စာများဖြစ်သည့်အတွက် အချို့ကျောက်စာများမှာ ကျောက်စာတစ်ချပ်ထဲမှာပင် တစ်ဖက်နှင့်တစ်ဖက် ကျောက်စာရေးထိုးသော အလှူရှင်တစ်ဦးနှင့်တစ်ဦး မတူဘဲ ကွဲပြားစွာပါရှိကြလေသည်။ ပြတိုက်ဆိုင်ရာ ခင်းကျင်းပြသရေးနှင့် သက်ဆိုင်နေသည့်အတွက် ထိုကျောက်စာတို့ကိုဖော်ပြရာတွင် ပြတိုက်သို့ လာရောက်လေ့လာသူများ၊ အမြင်သာသောဖြင့် မိမိတို့ စတွေ့မြင်ရသည့်ကျောက်စာတွင် အလှူရှင်တစ်ဦး၏အမည်ဖြင့် လည်းကောင်း၊ ရှေ့မျက်နှာတွင်လည်း အခြားအလှူရှင်တစ်ဦး၏ အမည်ကိုလည်းကောင်း တွေ့ရမည်ဖြစ်ပါသည်။

စာစုစာရင်းပါ ထိုကျောက်စာတစ်ချပ်ကို ဖော်ပြရမည်ဆိုလျှင် ...

ကြံသိုင်းကြီးသမီးကျောက်စာ၏ ရှေ့မျက်နှာတွင် ကြံသိုင်းမယားကျောက်စာရှိသည်ဟုလည်းကောင်း၊ ထို့အတူ ကြံသိုင်းကြီးမယားကျောက်စာ၏ ရှေ့မျက်နှာတွင် ကြံသိုင်းကြီးသမီးကျောက်စာရှိသည်ဟုလည်းကောင်း စီစဉ်ပုံတွင် ထည့်သွင်းဖော်ပြထားပါသည်။

စာရေးသူ၊ ပညာရပ်၊ ခေတ်ကာလ၊ ဘာသာစကား၊ စာပေပုံသဏ္ဌာန်စသည်တို့ဖြင့် ကန့်သတ်စုစည်းထားပြီး စနစ်တကျဖော်ပြထားသော စာအုပ်စာပေ၏စာရင်းသည် စာစုစာရင်းပင်ဖြစ်ပေသည်။ စာစုစာရင်းသည် စာကြည့်တိုက်ကတ်တလောက်ပုံစံဖြင့် တူညီပါသည်။ ထို့ကြောင့် စာစုစာရင်းပြုစုရာတွင် ကတ်တလောက်စည်းမျဉ်းများအပြင် စာစုစာရင်းဆိုင်ရာ သီးခြားစည်းမျဉ်းများကိုလည်း ထည့်သွင်းအသုံးပြုရပါသည်။

ဤစာစုစာရင်းကိုပြုစုရာတွင် ဖော်ပြပါ ကတ်တလောက်စည်းမျဉ်း၊ စာစုစာရင်းဆိုင်ရာ စည်းမျဉ်းနှင့် ကျောက်စာစည်းမျဉ်းများကို အခြေခံ၍ထည့်သွင်းအသုံးပြုထားပါသည်။ တချို့နေရာတို့တွင် ကတ်တလောက်စည်းမျဉ်းများနှင့် ကိုက်ညီမှုမရှိသောအချက်များကို တွေ့ရှိမည်ဖြစ်သော်လည်း ဤစာစုစာရင်းသည် ကျောက်စာစာစုစာရင်းဖြစ်၍ ကျောက်စာသဘော



တရားအရ ရေးသားရသဖြင့် အချို့နေရာတို့တွင် စည်းမျဉ်းနှင့်အနည်းငယ်ကွဲလွဲမှုကို ခွင့်လွှတ်စေလိုပါသည်။

ထို့ပြင် အလှူရှင်တို့၏အမည်တွင် ဂါရဝပြုပုဒ်တို့ပါဝင်သော်လည်း ပုဂံခေတ်က ရေးထိုးခဲ့သည့် အမည်နာမများဖြစ်နေသည့်အတွက် အမည်ကိုမချိုးဘဲ မူလတွေ့ရှိသည့်အတိုင်းပင် အက္ခရာဝလိစီထားပါသည်။ ထို့နည်းတူပင် အလှူရှင်မပါဝင်သော ကျောက်စာများကိုလည်း ကျောက်စာအမည်နှင့်ပင် အလှူရှင်အမည်အက္ခရာစဉ်တွင်ရော၍ အက္ခရာဝလိစီထားပါသည်။ အချို့ကျောက်စာတို့တွင် အလှူရှင်အမည်နှင့်သက္ကရာဇ်တို့မှာ ဖတ်ရှုမရ၍ နောက်ဆုံးတွင်ထားရှိပါသည်။

အပိုင်း (၃) တွင် ကျောက်စာ စာခေါင်းချီအညွှန်းများနှင့် ခုနှစ်သက္ကရာဇ်တို့ကို သက္ကရာဇ်အနည်းမှအများသို့လည်းကောင်း၊ ကျောက်စာတိုင်အညွှန်းစသည်တို့ဖြင့် စီစဉ်ထားပါသည်။ ကျမ်းကိုးစာရင်းကိုလည်း ကျမ်းအဆုံးတွင် ဖော်ပြထားရှိပါသည်။

ဤစာစုစာရင်းသည် ပြတိုက်နှင့် စာကြည့်တိုက်ပညာ အခြေခံသင်တန်းအတွက် တင်သွင်းရသော စာတမ်းငယ်ဖြစ်ပြီး ရှေးဟောင်းသုတေသနပညာရပ်ဆိုင်ရာ ကျောက်စာဖတ်ရှုခြင်းပညာ၊ ပြတိုက်ခင်းကျင်းပြသမှုဆိုင်ရာ ပညာရပ်နှင့် စာကြည့်တိုက်ဆိုင်ရာ စာစုစာရင်းပြုစုခြင်းပညာရပ်တို့ကို အသုံးပြုပေါင်းစပ်၍ ကျောက်စာ စာစုစာရင်းအဖြစ် တင်ပြထားခြင်းဖြစ်ပါသည်။

အကယ်၍ ချို့ယွင်းချက်ရှိပါက စာတမ်းပြုစုသူ၏ အားနည်းချက်သာဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# အတိုမှတ်ထက်တများရှင်းလင်းချက်

| | |
|---|---|
| ရေးထိုး | – ကျောက်စာရေးထိုးသောနှစ် (ကောဇာသက္ကရာဇ်) |
| အမျိုးအစား | – ကျောက်စာရေးထိုးပုံ အမျိုးအစား (မူလထိုး) |
| ကြောင်းရေ | – ကျောက်စာ၏ စာကြောင်းရေ |
| မျက်နှာ | – ကျောက်စာပါ စာမျက်နှာ |
| ရှေ့. | – ရှေ့မျက်နှာ |
| ရေးထိုးဘာသာ | – ကျောက်စာရေးထိုးထားသည့်ဘာသာ |
| ကျောက်စာအမှတ် | – ရှေးဟောင်းသုတေသနဦးစီးဌာန (ယခင်) ၏ ကျောက်စာအမှတ် |
| သက္ကရာဇ် | – ကောဇာသက္ကရာဇ် |
| စာခေါင်းချီ | – ကျောက်စာရေးထိုးထားသော စာသား၊ စကားလုံးအစ |
| \| \] | – စာစုစာရင်းပြုစုသူ၏ ဖြည့်စွက်ချက် |
| - - - | – အလားတူ |
| . . . | – အကြောင်းအရာချန်လှပ်ခြင်း |
| —— | – ကျောက်စာအမှတ်ဖတ်မရခြင်း |
| ....... | – သက္ကရာဇ် ဖတ်၍မရခြင်း |



၁။ ကလိန်စိုးမင်း။ ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်။ ရေးထိုး ၆၂၆။ အမျိုးအစား မူလထိုး၊ မျက်နှာ ၂၊ ကြောင်းရေ ၄၉၊ ရေးထိုးသည့်ဘာသာ မြန်မာ၊ ကျောက်စာအမှတ် A၊ "သကရစ် ၆၂၆ ခု ဖြဂိုန်နှစ်မွယ်တာ လဆန်း ၂ ရက် ..." စာခေါင်းချီသည်။

ကောဇာသက္ကရာဇ် ၆၂၆ ခုနှစ်တွင် ကလိန်စိုးမင်းသည် မင်္ဂလာဒေဝီ ကျောင်းအတွက် ကျွန်များ၊ လယ်များ လှူဒါန်းကြောင်း ကျောက်စာရေးထိုး မှတ်တမ်းတင်သည်။

၂။ ကျစွာမင်းမိထွေး။ ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်။ ရေးထိုး ၅၉၇။ အမျိုးအစား မူလထိုး၊ မျက်နှာ ၁၊ ကြောင်းရေ ၂၉၊ ရေးထိုးသည့်ဘာသာ မြန်မာ၊ ကျောက်စာအမှတ် ၄၅၊ "သကရစ် ၅၉၇ ခု အာသိန်နှစ် နံကာလဆန်း ၄ ရက် ..." စာခေါင်းချီသည်။

ကောဇာသက္ကရာဇ် ၅၉၇ ခုနှစ်တွင် ကျစွာမင်း၏မိထွေးသည် အိမ်နေရာတွင် ကျောင်းဆောက်၍ လယ်များ၊ ကျွန်များ လှူဒါန်းခဲ့ကြောင်း မှတ်တမ်းတင်ကျောက်စာရေး ထိုးထားသည်။

၃။ ကြံသိုင်းကြီးသမီး။ ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်။ ရေးထိုး ၅၈၅။ အမျိုးအစား မူလထိုး၊ မျက်နှာ ၂၊ ကြောင်းရေ ၂၃၊ ရေးထိုးသည့်ဘာသာ မြန်မာ၊ ကျောက်စာအမှတ် ၁၁၇၊ "သကရစ် ၅၈၅ ခု အသုတ်နှစ် ပြာသိုလဆုတ် ၁၁ ရက် ..." စာခေါင်းချီသည်။

ကောဇာသက္ကရာဇ် ၅၈၅ ခုနှစ်တွင် ကြံသိုင်းကြီးသမီးသည် ဂူဘုရားအတွက် လယ်များ၊ ကျွန်များနှင့် ရွှေဆင်းတုတော်လှူဒါန်းကြောင်း မှတ်တမ်းတင်ကျောက်စာ ရေးထိုးထားသည်။

ကြံသိုင်းကြီးသမီးကျောက်စာ ရှေ့မျက်နှာတွင် ကြံသိုင်းမယားကျောက်စာ ရေးထိုးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



၄။ ကြံသိုင်းမယား။ ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်။ ရေးထိုး ၅၅၂/၅၇၂။ အမျိုးအစား မူလထိုး၊ မျက်နှာ ၂၊ ကြောင်းရေ ၃၁၊ ရေးထိုးသည့်ဘာသာ မြန်မာ၊ ကျောက်စာအမှတ် ၁၁၇၊ "သကရစ် ၅၅၂ ခု ပုဿနစ်ဘုရား တရားကိုးကွယ်သော ..." စာခေါင်းချီသည်။

ကောဇာသက္ကရာဇ် ၅၅၂ ခုနှစ်တွင် ကြံသိုင်းမယားသည် လယ် ၁၀၀ ကို ကျောင်းအတွက် လှူဒါန်းကြောင်းနှင့် သက္ကရာဇ် ၅၇၂ ခုနှစ်တွင် ဘုရားအတွက် လယ်များ၊ ပန်တျာသည်များ၊ တူရိယာတီးမှုတ်သူများ၊ ကျွန်များ လှူဒါန်းကြောင်း မော်ကွန်းတင် ကျောက်စာရေးထိုးထားသည်။

ကြံသိုင်းမယားကျောက်စာ ရှေ့မျက်နှာတွင် ကြံသိုင်းကြီးသမီးကျောက်စာ ရေးထိုးထားသည်။

၅။ ကွဲစိုဝ်မိ။ ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်။ ရေးထိုး ၅၉၄။ အမျိုးအစား မူလထိုး၊ မျက်နှာ ၁၊ ကြောင်းရေ ၂၃၊ ရေးထိုးသည့်ဘာသာ မြန်မာ၊ ကျောက်စာအမှတ် ၈၊ "(သက)ရစ် ၅၉၄ အာသတ်နှစ်၊ ကူဆုန်လဆန် ၅ ..." စာခေါင်းချီသည်။

ကောဇာသက္ကရာဇ် ၅၉၄ ခုနှစ်တွင် နက္ကာပြကြီး၏ မယား ကွဲစိုဝ်မိသည် ကျောင်း၊ ဂူဘုရား၊ စေတီအတွက် ကျွန်များလှူဒါန်းကြောင်း ကျောက်စာရေးထိုး မှတ်တမ်းတင်ထားသည်။

၆။ ဆေုသင်မောင်နှံ။ ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်။ ရေးထိုး ၅၉၄/၅၉၈/၅၉၉။ အမျိုးအစား မူလထိုး၊ မျက်နှာ ၂၊ ကြောင်းရေ ၂၆၊ ရေးထိုးသည့်ဘာသာ မြန်မာ၊ ကျောက်စာအမှတ် ၂၁၊ "သကရစ် ၅၉၄ ခု အာသတ်နှစ် သန္တုလဆန်း ၇ ရက် ..." စာခေါင်းချီသည်။

ကောဇာသက္ကရာဇ် ၅၉၄ ခုနှစ်တွင် ဆေုသင်နှင့် မယား အိချံသင်၊ သက္ကရာဇ် ၅၉၈ ခုနှစ်တွင် သေိခ္ခါသင်နှင့် သက္ကရာဇ် ၅၉၉ ခုနှစ်တွင် ဆေုသင်၊ ပြေည့်သင် လင်မယားတို့သည် ကျွန်များလှူဒါန်းကြောင်း မှတ်တမ်းတင် ကျောက်စာရေးထိုးထားသည်။



၇။ ဇေဝ်သင်။ ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်။ ရေးထိုး ၆၀၂။ အမျိုးအစား မူလထိုး၊ မျက်နှာ ၁၊ ကြောင်းရေ ၂၀၊ ရေးထိုးသည့်ဘာသာ မြန်မာ၊ ကျောက်စာအမှတ် ၁၆၁၊ "သက္ကရာဇ် ၆၀၂ ခု ဖလကုန်နှစ် ..." စာခေါင်းချီသည်။

သက္ကရာဇ် ၆၀၂ ခုနှစ်တွင် အလှူရှင်ဇေဝ်သင်သည် ဘုရားအတွက်ကျွန်နှင့် လယ်များလှူဒါန်းခြင်းကို မော်ကွန်းတင်ကျောက်စာရေးထိုးသည်။

၈။ ငြေစ်သင်။ ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်။ ရေးထိုး ၅၉၈။ အမျိုးအစား မူလထိုး၊ မျက်နှာ ၁၊ ကြောင်းရေ ၂၁၊ ရေးထိုးသည့်ဘာသာ မြန်မာ၊ ကျောက်စာအမှတ် ၆၊ "သကရစ် ၅၉၈ ခုကြတိုက် နှစ် ..." စာခေါင်းချီသည်။

ကောဇာသက္ကရာဇ် ၅၉၈ ခုနှစ်တွင် ငြေစ်သင်သည် ဂူဘုရားအတွက် ကျွန်များလှူဒါန်းခဲ့ကြောင်းနှင့် သက္ကရာဇ် ၆၁၀ ပြည့်နှစ်တွင် ဂုဏာပတိကိုယ်စား ဘုရားတည်၍ ကျွန်များလှူဒါန်းကြောင်း ကျောက်စာရေးထိုး မှတ်တမ်းတင်သည်။

၉။ ငါရသင်။ ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်။ ရေးထိုး ၅၇၇။ အမျိုးအစား မူလထိုး၊ မျက်နှာ ၂၊ ကြောင်းရေ ၂၀၊ ရေးထိုးသည့်ဘာသာ မြန်မာ၊ ကျောက်စာအမှတ် ၈၄၊ "သကရစ် ၅၇၇ ခု၊ ပြသိုလ်လဆုတ် ၄ ရက် ..." စာခေါင်းချီသည်။

ကောဇာသက္ကရာဇ် ၅၇၇ ခုနှစ်တွင် ငါရသင်သည် စည်ကြီးကျောင်းဌ်ရှိသော ဂူသုံးလုံး၊ ဘုရားဆင်းတု ခြောက်ဆူအတွက် ကျွန် ၁၀ ယောက် လှူဒါန်းကြောင်းနှင့် ငါရသင်သမီးကလည်း ကျွန်တစ်ယောက်လှူဒါန်းကြောင်း မှတ်တမ်းတင်ကျောက်စာ ရေးထိုးထားသည်။

ငါရသင်ကျောက်စာ၏ ရှေ့မျက်နှာတွင် ငါရသင်နှင့် နှောင်းအမိကျောက်စာရေးထိုးထားသည်။

၁၀။ ငါရသင်နှင့် နှောင်းအမိ။ ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်။ ရေးထိုး ၅၈၇။ အမျိုးအစား မူလထိုး၊ မျက်နှာ ၂၊ ကြောင်းရေ ၁၀၊ ရေးထိုးသည့်ဘာသာ

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ၊ ကျောက်စာအမှတ် ၈၄၊ "သကရဇ် ၅၈၇ ခု မြကသိုနှစ် ပြာသိုလဆန်း ၅ ရက် ..." စာခေါင်းချီသည်။

ကောဇာသက္ကရာဇ် ၅၈၇ ခုနှစ်တွင် အလှူရှင် ငါရသင်သည် ကျွန် လေးယောက်နှင့် နွားအမိသည် ကျွန်တစ်ယောက်၊ ပေါင်း ကျွန်ငါးယောက်ကို စည်ကြီးကျောင်းအတွက် လှူဒါန်းကြောင်း မှတ်တမ်းတင် ကျောက်စာရေးထိုးသည်။

ငါရသင်နှင့် နွားအမိကျောက်စာရှေ့မျက်နှာတွင် ငါရသင်ကျောက်စာ ရေးထိုးထားသည်။

၁၁။ ငါရံသင်။ ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်။ ရေးထိုး ၆၀၉။ အမျိုးအစား မူလထိုး၊ မျက်နှာ ၁၊ ကြောင်းရေ ၂၁၊ ရေးထိုးသည့်ဘာသာ မြန်မာ၊ ကျောက်စာအမှတ် ၁၁၈၊ "သက္ကရာဇ် ၆၀၉ ခု နတ်တော်လဆန်း ၅ ရက် ..." စာခေါင်းချီသည်။

ကောဇာသက္ကရာဇ် ၆၀၉ ခုနှစ်တွင် အလှူရှင်ငါရံသင်သည် ကျောင်းအတွက် ကျွန်များလှူဒါန်းကြောင်း မော်ကွန်းတင် ကျောက်စာမှတ်တမ်းတင် ရေးထိုးထားသည်။

၁၂။ ငါလှသင်မောင်နှံ။ ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်။ ရေးထိုး ၆၀၉။ အမျိုးအစား မူလထိုး၊ မျက်နှာ ၁၊ ကြောင်း ရေ ၂၆၊ ရေးထိုးသည့်ဘာသာ မြန်မာ၊ ကျောက်စာအမှတ် ၆၄၊ "သက္ကရာဇ် ၆၀၉ ခု အသိတ်နှစ် နတ်တော်လဆုတ် ၁ ရက် ..." စာခေါင်းချီသည်။

ကောဇာသက္ကရာဇ် ၆၀၉ ခုနှစ်တွင် ငါလှသင် မောင်နှံတို့သည် တောကျောင်းသခင်ထံ ကျွန်များလှူဒါန်းကြောင်း မှတ်တမ်းတင် ကျောက်စာရေးထိုးခဲ့သည်။

၁၃။ စာသင်ဂူ (၂)။ ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်။ ရေးထိုး ၆၆၁။ အမျိုးအစား မူလထိုး၊ မျက်နှာ ၁၊ ကြောင်းရေ ၁၈၊ ရေးထိုးသည့်ဘာသာ မြန်မာ၊ ကျောက်စာအမှတ် ၁၅၆၊ "သက္ကရာဇ် ၆၆၁ ခု မာခနှစ်နယုန်လဆန်း ၈ ရက် ..." စာခေါင်းချီသည်။



ကောဇာသက္ကရာဇ် ၆၆၁ ခုနှစ်တွင် သိရယ်မည်သော ပုဂ္ဂိုလ်သည် သီရိတြိဘုဝနာ ဒိတြပဝရ ဓမ္မရာဇာမင်းလုလင်ထံပန်ကြား၍ မိမိဆောက်လုပ်သောကျောင်းအတွက် လယ်မြေ ၂၀၀ လှူဒါန်းကြောင်း မှတ်တမ်းတင် ကျောက်စာရေးထိုးထားသည်။

၁၄။ စာသင်ဂူဘုရား။ ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်။ ရေးထိုး ၅၉၀။ အမျိုးအစား မူလထိုး၊ မျက်နှာ ၁၊ ကြောင်းရေ ၁၄၊ ရေးထိုးသည့်ဘာသာ မြန်မာ၊ ကျောက်စာအမှတ် ၁၅၅၊ "သကရာဇ် ၅၉၀ ခု ..." စာခေါင်းချီသည်။

ကောဇာသက္ကရာဇ် ၅၉၀ ပြည့်နှစ်တွင် နားတောင်းဖျားမင်းကြီး လက်ထက် လက်ဝဲမည်သော စစ်သူကြီးသည် ဘုရားအတွက် လယ်မြေ ၂၀၀ လှူဒါန်းခဲ့ကြောင်း မှတ်တမ်းတင် ကျောက်စာရေးထိုးထားသည်။

၁၅။ ဆင်ခြံဘုရား။ ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်။ ရေးထိုး ၆၂၂။ အမျိုးအစား မူလထိုး၊ မျက်နှာ ၁၊ ကြောင်းရေ ၁၇၊ ရေးထိုးသည့်ဘာသာ မြန်မာ၊ ကျောက်စာအမှတ် ၁၃၈၊ "သက္ကရာဇ် ၆၂၂ ခု ပိသျက်နှစ် နံယုန်လဆန်း ၈ ရက် ..." စာခေါင်းချီသည်။

ကောဇာသက္ကရာဇ် ၆၂၂ ခုနှစ်တွင် သင်ဆင်ခြံ၏ တပည့် သင်သဟူသည် ဆင်ခြံဘုရားအတွက် သူ၏ဆရာလှူခဲ့သော ကျွန်များ၊ လယ်များကို မှတ်တမ်းတင် ကျောက်စာရေးထိုးခဲ့သည်။

၁၆။ ညာနရင်သီဘုရား။ ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်။ ရေးထိုး ၅၇၉။ အမျိုးအစားမူလထိုး၊မျက်နှာ၁၊ကြောင်းရေ၃၁၊ရေးထိုးသည့်ဘာသာမြန်မာ၊ကျောက်စာအမှတ် ၁၊ "သကရစ် ၅၇၉ ခု စယ်နှစ်ညာန ရင်သီဘုရား ကျွန်ပေးခဲ့သော ..." စာခေါင်းချီသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောဇာသက္ကရာဇ် ၅၇၉ ခုနှစ်တွင် ညာနရင်သိဘုရားအတွက် ကျွန်များ၊ နွားများ၊ လယ်များနှင့် ဥယျာဉ်လှူဒါန်းခြင်းအကြောင်းကို မှတ်တမ်းတင်ကျောက်စာရေးထိုးထားသည်။

[ကျောက်စာ၏အပေါ် ခုနှစ်ကြောင်းဖတ်ရှုမရချေ။]

၁၇။ ညီအစ်ကိုနှစ်ယောက်။ ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်။ ရေးထိုး ၅၉၇။ အမျိုးအစား မူလထိုး၊ မျက်နှာ ၁၊ ကြောင်းရေ ၂၀၊ ရေးထိုးသည့်ဘာသာ မြန်မာ၊ ကျောက်စာအမှတ် ၅၈ "သက္ကရာဇ် ၅၉၇ အာသုစ်နှစ် သန္တုလဆန်း ၅ ရက် ..." စာခေါင်းချီသည်။

ကောဇာသက္ကရာဇ် ၅၉၇ ခုနှစ်တွင် စေင်သင်၏ သားများဖြစ်သော ညီအစ်ကိုနှစ်ယောက်တို့သည် ကျောင်း၊ ဘုရား၊ ကျွန်များကို လှူဒါန်းကြောင်း မှတ်တမ်းတင် ကျောက်စာရေးထိုးခဲ့သည်။

၁၈။ တရားမြမ်။ ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်။ ရေးထိုး ၆၂၂။ အမျိုးအစား မူလထိုး၊ မျက်နှာ ၁၊ ကြောင်းရေ ၁၇၊ ရေးထိုးသည့်ဘာသာ မြန်မာ၊ ကျောက်စာအမှတ် ၆၉၊ "သက္ကရာဇ် ၆၂၂ ခု ကြတိုက်နှစ် တပို့တွဲလဆုတ် ၄ ရက် ..." စာခေါင်းချီသည်။

ကောဇာသက္ကရာဇ် ၆၂၂ ခုနှစ်တွင် အလှူရှင်တရားမြမ်သည် ကျောင်းအတွက် လယ်များ၊ ထန်းပင်များ၊ နွားများကိုလှူဒါန်းကြောင်း မော်ကွန်းတင်ကျောက်စာ မှတ်တမ်းတင်ရေးထိုးခဲ့သည်။

၁၉။ တရားမွန်မယား။ ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်။ ရေးထိုး ၆၂၉။ အမျိုးအစား မူလထိုး၊ မျက်နှာ ၁၊ ကြောင်းရေ ၂၆၊ ရေးထိုးသည့်ဘာသာ မြန်မာ၊ ကျောက်စာအမှတ် ၁၁၂ "သက္ကရာဇ် ၆၂၉ ခု စိဿနှစ် နံယုန်လဆန်း ၁၃ ရက် ..." စာခေါင်းချီသည်။



ကောဇာသက္ကရာဇ် ၆၂၉ ခုနှစ်တွင် တရားမွန်၏မယားသည် မိမိယောကျ်ား တရားမွန်၏အရိုးတော်ဘုရားတွင် လယ်၊ မြေ၊ ကျွန်၊ နွားစသည်များ လှူဒါန်းခဲ့ကြောင်း ကျောက်စာရေးထိုး မှတ်တမ်းတင်ခဲ့သည်။

၂၀။ တောင်ဂူနီဘုရား။ ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်။ ရေးထိုး ၅၅၂။ အမျိုးအစား မူလထိုး၊ မျက်နှာ ၂၊ ကြောင်းရေ ၆၃၊ ရေးထိုးသည့်ဘာသာ မြန်မာ၊ ကျောက်စာအမှတ် ၅၄ "သကရေစ် ၅၅၂ ခု တန်ဆောင်မုန်း ..." စာခေါင်းချီသည်။

ကောဇာသက္ကရာဇ် ၅၅၂ ခုနှစ်တွင် အမတ်ကြီး သိင်္ခသူရ်သည် ဂူဘုရားတည်ဆောက်ခြင်း၊ ပရိတ်ရွတ်ခြင်း၊ သင်္ကန်းလှူခြင်း၊ ပိဋကတ်လှူခြင်းနှင့် ကုလားပန်တျာ၊ မြန်မာပန်တျာအပါအဝင် ကျွန် ၁၀၀ လှူဒါန်းကြောင်း မှတ်တမ်းတင် ကျောက်စာရေးထိုးထားသည်။

၂၁။ တိုင်ချွတ်ဘုရား။ ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်။ ရေးထိုး ၅၄၁။ အမျိုးအစား မူလထိုး၊ မျက်နှာ ၂၊ ကြောင်းရေ ၂၇၊ ရေးထိုးသည့်ဘာသာ မြန်မာ၊ ကျောက်စာအမှတ် ၅၇၊ "သကရစ် ၅၄၁ ခု မာဃသံဝစ္ဆိုရ်နှစ် ..." စာခေါင်းချီသည်။

ကောဇာသက္ကရာဇ် ၅၄၁ ခုနှစ်တွင် သင်ကြီးတိုင်ခေတ်သည် တိုင်ချွတ်ဘုရားရှိ ဗုဒ္ဓဆင်းတုနှင့် တပည့်သာဝကရုပ်တုများအား ရွှေချခြင်း၊ ရွှေထီးဆောင်းခြင်း၊ ရွှေပလ္လင်တည်ဆောက်ခြင်းနှင့် ကျွန်များ၊ လယ်များ လှူဒါန်းကြောင်း မော်ကွန်းတင်ကျောက်စာ ရေးထိုးထားသည်။

၂၂။ တန်ဆောင်းဂူဘုရား (၁)။ ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်။ ရေးထိုး ၆၀၄။ အမျိုးအစား မူလထိုး၊ မျက်နှာ ၁၊ ကြောင်းရေ ၂၁၊ ရေးထိုးသည့်ဘာသာ မြန်မာ၊ ကျောက်စာအမှတ် ၃၇၊ "သကရစ် ၆၀၄ ဗိသျက်နှစ် ..." စာခေါင်းချီသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောဇာသက္ကရာဇ် ၆၀၄ ခုနှစ်တွင် ညောင်ရံကြီးသမီးသည် မိမိသိခင်ကက်သူကိုရည်မှတ်၍ သခင်မကြီးအိုထက်ပြည့်သင်အိမ်ရာကျောင်းတွင် ကျွန်များ လှူဒါန်းကြောင်း မှတ်တမ်းတင်ကျောက်စာ ရေးထိုးထားသည်။

၂၃။ တန်ဆောင်းဂူဘုရား (၂)။ ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်။ ရေးထိုး ၆၀၄။ အမျိုးအစား၊ မျက်နှာ ၁၊ ကြောင်းရေ ၂၁၊ ရေးထိုးသည့်ဘာသာ မြန်မာ၊ ကျောက်စာအမှတ် ၃၈၊ "သကရစ် ၆၀၄ ခု ဗိသျှနှစ် ..." စာခေါင်းချီသည်။

